မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၅၅)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်

၂၀၁၂ ခုနှစ်၊ မတ် ၄ ရက်၊ တနင်္ဂနွေ။

နိုင်ငံတော် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

စီးပွားရေးတိုးတက်လာသည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းကောင်းများတိုးတက်လာ မြန်မာနိုင်ငံသို့ပြန်လာပြီး နိုင်ငံနှင့်ပြည်သူတို့၏လူမှုစီးပွားဘဝဖွံ့ဖြိုးရေးဆောင်ရွက်ကြစေလို

နေပြည်တော် မတ် ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မတ် ၂ ရက် ဒေသစံတော်ချိန်နံနက် ၁၀ နာရီခွဲတွင် ဖင်လန်သမ္မတနိုင်ငံ ဟယ်လ်စင်ကီမြို့ရှိ Vuosaari ဆိပ်ကမ်းကို သွားရောက်ကြည့်ရှုလေ့လာသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား Vuosaari ဆိပ်ကမ်းမှ ဒါရိုက်တာ Mr.Jukka Kallio က ဆိပ်ကမ်းကို ၂၀၀၃ ခုနှစ် ဇန်နဝါရီလတွင် စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၀၈ ခုနှစ် နိုဝင်ဘာလတွင်ဖွင့်လှစ်ခဲ့မှု၊ မြို့တွင်းရှိ West Harbour နှင့် North Harbour တို့ကို မြို့ပြသစ်စီမံကိန်းအတွက်ဖျက်သိမ်းခဲ့ပြီး ယခုဆိပ်ကမ်းကို တည်ဆောက်ခဲ့မှု၊ တည်ဆောက်ရာတွင် ဆိပ်ကမ်းအနီးဝန်းကျင်ရှိ သဘာဝကျေးငှက်များနေထိုင်သည့် ဘေးမဲ့ဇုန်ကို မထိခိုက်အောင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအမံများဖြင့် လုပ်ဆောင်ခဲ့မှု၊ သဘော်ာဆိပ်ကမ်းနှင့် Business Park ကို ဆက်စပ်တည်ဆောက်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံတွင် ရေနက်ဆိပ်ကမ်းသုံးခု ဆောက်လုပ်ရန် စီမံဆောင်ရွက်နေပါကြောင်း၊ ယင်းဆိပ်ကမ်းများတွင် ကုန်ပစ္စည်းတင်ချမှုလုပ်ငန်းများ ကိုင်တွယ်ဆောင်ရွက်မှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မှုတို့နှင့်ပတ်သက်၍ ဖင်လန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လိုပါကြောင်းပြောကြားခဲ့ပြီး ဆိပ်ကမ်းအတွင်း လုပ်ငန်းများဆောင်ရွက်နေမှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် Geological Survey of Finland သို့ သွားရောက်လေ့လာရာညွှန်ကြားရေးမှူးချုပ် ပါမောက္ခ Mr. Elias Ekdahl က Geological Survey မှာ ၁၈၈၅ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့်အဖွဲ့အစည်းဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် ဖင်လန်နိုင်ငံ၌ တွင်းထွက်သယံဇာတ ထုတ်လုပ်မှုများ ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်မထိခိုက်စေဘဲ ထုတ်လုပ်နိုင်သည့် Green Mining နည်းပညာများကို လေ့လာဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖင်လန်နိုင်ငံတွင် သဘာဝသယံဇာတများ တည်ရှိနေမှုမြေပုံကို ပြုစုနေသကဲ့သို့ အခြားနိုင်ငံပေါင်း ၄၀ ကျော်တွင်လည်း သယံဇာတမြေပုံရေးဆွဲရေးလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက Geological Surveyသို့ လာရောက်လေ့လာခွင့်ရရှိသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် သဘာဝတွင်းထွက်သယံဇာတများ ကြွယ်ဝသော်လည်း စနစ်တကျ လေ့လာသုံးသပ်ပြုစုထားခဲ့ခြင်း *စာမျက်နှာ ၃ ကော်လံ ၁* ▲

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် Geological Survey of Finland သို့ သွားရောက်လေ့လာရာ ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ Mr. Elias Ekdahl ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို အားပေးကူညီသွားမည် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှု ရှေ့ဆက်ကောင်းအောင်ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချမှတ်ထား

နေပြည်တော် မတ် ၃

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဖင်လန်သမ္မတ H.E. Mr. Sauli Niinisto နှင့် မတ် ၁ ရက် မွန်းလွဲ ၁ နာရီတွင် ဖင်လန်နိုင်ငံ ဟယ်လ်စင်ကီမြို့ရှိ သမ္မတအိမ်တော်၌ တွေ့ဆုံခဲ့သည်။ ထို့နောက် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကိုကျင်းပ၍ တွေ့ဆုံဆွေးနွေးခဲ့မှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ရှေးဦးစွာ ဖင်လန်နိုင်ငံသမ္မတက ပြောကြားရာတွင် မိမိနှင့် မြန်မာနိုင်ငံတော်သမ္မတ ဦးသိန်းစိန်တို့သည် မြန်မာနိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးမှုများအတွက် ဆွေးနွေးခဲ့ကြပါကြောင်း၊ မြန်မာနိုင်ငံနှင့် ဖင်လန်နိုင်ငံတို့သည် နှစ်ပေါင်းများစွာ ဝေးကွာခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို မိမိတို့အားပေးကူညီသွားမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆွေးနွေးနေပြီး ဆက်လက်ဆွေးနွေးနေဆဲဖြစ်ကြောင်း သိရှိရသဖြင့် ဝမ်းသာပါကြောင်း၊ ယခုလုပ်ဆောင်နေမှုများနှင့် လူ့အခွင့်အရေးဆောင်ရွက်မှုများကို အားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၄-၂၀၁၆ ခုနှစ်အတွင်း မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ယူရို ၆ ဒသမ ၅ သန်း ကူညီထောက်ပံ့ရန် လျာထားပါကြောင်း၊ မြန်မာနိုင်ငံကို စီးပွားရေးပိတ်ဆို့ထားမှုများကိုလည်း ဖယ်ရှားပေးဖို့အတွက် ကြိုးစားသွားမည်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကစီးပွားရေးဆက်သွယ်မှုအတွက်လည်း ဆွေးနွေးခဲ့ပါကြောင်း၊ အထူးသဖြင့် သတ္တုတွင်းထွက်နှင့်ပတ်သက်ပြီး မိမိတို့ရှိ ကျွမ်းကျင်သူများကို ကူညီပေးသွားမည်ဖြစ်ပါကြောင်း၊ အဆက်အသွယ်များ တိုးတက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရှေ့ဆက်လက်ပိုမိုပူးပေါင်း ဆောင်ရွက်သွားနိုင်မည်ဟု မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ဖင်လန်သမ္မတနိုင်ငံသို့ ယခုလိုလာရောက်လည်ပတ်ခွင့်ရသည့်အတွက် များစွာဝမ်းသာမိပါကြောင်း၊ ခရီးစဉ်ဖြစ်မြောက်ရန် စီစဉ်ဆောင်ရွက်ပေးသည့် ဖင်လန်သမ္မတကြီးနှင့် အစိုးရအဖွဲ့၊ ဖင်လန်သမ္မတနိုင်ငံ ပြည်သူများကို ကျေးဇူးတင်ရှိပါကြောင်း၊ ဖင်လန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ ဆက်ဆံရေးသည် နှစ်ပေါင်း ၆၀ ပြည့်တော့မည်ဖြစ်ပါကြောင်း၊ ရှည်လျားသည့် သမိုင်းကြောင်းတွင် ဖင်လန်နိုင်ငံနှင့် ဆက်ဆံရေးကို မိမိတို့အနေဖြင့် အလေးထားပါကြောင်း၊ လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်က မြန်မာနိုင်ငံနှင့် ဖင်လန်နိုင်ငံတို့သည် နိုင်ငံရေးစနစ်ချင်း မတူညီမှုကြောင့်လည်းကောင်း၊ အခြားအခြေအနေတို့ကြောင့်လည်းကောင်း နှစ်နိုင်ငံ၏ ဆက်ဆံရေးသည် နေ့ကွေးသွားခဲ့ပါကြောင်း၊ လက်ရှိတွင် မြန်မာနိုင်ငံ၌လည်း ဖင်လန်နိုင်ငံနှင့် တူညီသည့် ဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးနေပြီဖြစ်တဲ့အတွက် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ဆောင်ရွက်ဖို့အတွက် အခွင့်အလမ်းကောင်းတွေ များစွာရှိနေပြီဖြစ်ပါကြောင်း၊ ဖင်လန်သမ္မတကြီးနှင့်ဆွေးနွေးစဉ် မြန်မာနိုင်ငံဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးအတွက် အားပေးထောက်ခံကူညီပေးသွားမည်ဟု *စာမျက်နှာ ၉ ကော်လံ ၁* ❖

ယနေ့ မာတိကာ

စည်းလုံး ညီညွတ်သည့် သမဝါယမ လူမှုစီးပွားရေး လုပ်ငန်းဖြစ်ထွန်း ဆောင်ရွက်သွားပါက ပြည်သူများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်

ခေါင်းကြီး — စာ - ၂

မန်ယူနှင့် ချန်ပီယံလိဂ် မကစားမီ ရီးရဲက ဘာစီလိုနာကို အနိုင်ယူ — စာ - ၁၄

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

သူ့အကျိုး ကိုယ့်အကျိုး မျှတ

မျက်မှောက်ကမ္ဘာ၏ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးတွင် သမဝါယမသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရသစ်လက်ထက် ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် သမဝါယမအသင်းများ၏ လှုပ်ရှားမှုများသည် အရေးပါသော အခန်းကဏ္ဍက ရပ်တည်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် သမဝါယမစနစ်သည် ၁၉၀၅ ခုနှစ်တွင် မြင်းမူမြို့၌ စတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ မြင်းမူမြို့၌ စတင်ခဲ့သည့် သမဝါယမစနစ်သည် ကိုယ့်အားကိုယ်ကိုးခြင်း၊ ကိုယ်တိုင်တာဝန်ယူဆောင်ရွက်ခြင်း၊ အများဆန္ဒနှင့်အညီ စီမံခန့်ခွဲခြင်း၊ တန်းတူညီမျှခြင်း၊ တရားမျှတခြင်း၊ စည်းလုံးညီညွတ်ခြင်း စသည့် အနှစ်သာရများနှင့် စတင်ခဲ့ခြင်းဖြစ်သည်။ ယနေ့အချိန်တွင် ပြည်သူလူထုအများစု၏ အကျိုးစီးပွားတိုးတက်မြင့်မားလာစေရန်နှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်(၈)ရပ် အောင်မြင်နိုင်စေရန်အတွက် လုပ်ငန်းများကို စိတ်တူကိုယ်တူ သဘောထားချင်းတူညီသော ပြည်သူများအား အစုအဖွဲ့အလိုက် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အရင်းအနှီးငွေကြေး၊ နည်းပညာနှင့် ဈေးကွက်ရရှိရေးကို နိုင်ငံတော်က ထောက်ပံ့ကူညီလျက်ရှိသည်။

သမဝါယမစနစ်သည် စီးပွားရေးတစ်ခုတည်းကိုသာ ဦးတည်ဆောင်ရွက်သည့်လုပ်ငန်းမဟုတ်ဘဲ ပြည်သူလူထု၏ လူမှုရေး၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုကိစ္စများကို တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်သင်းနှင့်တစ်သင်း သူ့အကျိုး ကိုယ့်အကျိုး ညီညွတ်မျှတစွာ အကောင်အထည်ဖော်ဆောင်ရွက်သည့် လူမှုစီးပွားရေးလုပ်ငန်းအဖွဲ့အစည်းလည်းဖြစ်သည်။ သမဝါယမလုပ်ငန်းများကိုလုပ်ဆောင်ပြီး အောင်မြင်နေသည့် နိုင်ငံများထဲတွင် အမေရိကန်၊ တရုတ်၊ ဂျပန် စသည့် နိုင်ငံများ ပါဝင်နေသည်ကို လေ့လာတွေ့ရှိနိုင်သည်။

သမဝါယမအသင်းအဖွဲ့များသည် လယ်ယာကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသ ကုန်ထုတ်လုပ်မှုလုပ်ငန်းနှင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ တိုးတက်လာစေရေးအတွက် ဆောင်ရွက်ရာတွင် သမဝါယမလုပ်ငန်းများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် လုပ်ငန်းစဉ်(၈)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် သမဝါယမလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအချက်ပါဝင်ရာ နိုင်ငံစီးပွားရေးကိုလည်း အစုအဖွဲ့၊ သမဝါယမအသင်းများကို အခြေခံပြီး အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်လျက်ရှိသည်။ သမဝါယမလုပ်ငန်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ရေးအတွက် သမဝါယမစီးပွားရေးပညာတတ်များကိုလည်း မွေးထုတ်ပေးလျက်ရှိရာတွင် အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ရရှိရန် သမဝါယမတက္ကသိုလ်၊ ကောလိပ်များ ဖွင့်လှစ်ထားပြီး ပြုစုပျိုးထောင်ပေးလျက်ရှိသည်။

သမဝါယမလုပ်ငန်းကို ဆောင်ရွက်ရာတွင် ကိုယ့်အားကိုယ်ကိုးပြီး သူ့အကျိုး ကိုယ့်အကျိုးကို ညီညွတ်မျှတစွာ ဆောင်ရွက်၍ စည်းလုံးညီညွတ်သည့် သမဝါယမလူမှုစီးပွားရေးလုပ်ငန်းဖြစ်ထွန်းဆောင်ရွက်သွားပါက ပြည်သူများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

စာမေးပွဲကာလအတွင်း လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေး အလေးထားဆောင်ရွက်

နေပြည်တော် မတ် ၃

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ လျှပ်စစ်ဓာတ်အားလုံလောက်စွာ ရရှိသုံးစွဲနိုင်ရေးအတွက် အများပြည်သူများကို မတ် ၁ ရက်မှစ၍ နေ့စဉ် ညနေ ၅ နာရီမှ နောက်တစ်နေ့ နံနက် ၅ နာရီအထိ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိအောင် ဖြန့်ဖြူးပေးနိုင်ရေး အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုကဲ့သို့ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိအောင် ဖြန့်ဖြူးပေးနိုင်ရေးသည် လျှပ်စစ်ဓာတ်အားကို လက်ခံရယူပြီး သတ်မှတ်ချက်နှင့်အညီ စနစ်တကျ ဓာတ်အားပေးပို့ဖြန့်ဖြူးပေးနေသော ပင်မဓာတ်အားခွဲရုံကြီးများ၏ အခန်းကဏ္ဍသည် အထူးအရေးကြီးသည်။

သို့ဖြစ်ရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် မတ် ၁ ရက် မွန်းလွဲ ၂ နာရီမှ ည ၇ နာရီအထိ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ ၂၃၀ ကေဗွီ သပြေဝ ပင်မဓာတ်အားခွဲရုံ၊ ကျောက်ဆည်ခရိုင်အတွင်းရှိ ၁၃၂ ကေဗွီ အင်းကုန်းပင်မဓာတ်အားခွဲရုံနှင့် ၁၃၂ ကေဗွီ ဘဲလင်းပင်မဓာတ်အားခွဲရုံများသို့ လှည့်လည်သွားရောက်ခဲ့ပြီး ဓာတ်အားခွဲရုံများ ဓာတ်အားလက်ခံရရှိမှု၊ ဓာတ်အားပြန်လည်ပို့လွှတ်ဖြန့်ဖြူးထားရှိမှုများ၊ Control Room, Control Pennel နှင့် Switch Yards များကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဓာတ်အားခွဲရုံမှူးများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများနှင့်တွေ့ဆုံရာတွင် နိုင်ငံတော်၏ ဓာတ်အားလိုအပ်ချက်ကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် အထူးကြိုးပမ်းဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နွေရာသီရောက်လာချိန်တွင် ဓာတ်အားလိုအပ်ချက်သည် ပိုမိုတိုးမြှင့် လိုအပ်လာလေ့ရှိသဖြင့် ရရှိသော လျှပ်စစ်ဓာတ်အားကို သတ်မှတ်ညွှန်ကြားချက်အတိုင်း စနစ်တကျဖြန့်ဖြူးပေးရေးသည် အထူးအရေးကြီးကြောင်း၊ ဓာတ်အားဖြန့်ဖြူးမှုစနစ်အား ပြည်သူလူထုသိရှိအောင် ဆောင်ရွက်၍ ပြည်သူလူထုမှ ဆက်သွယ်စုံစမ်းလာပါကလည်း နားလည်သဘောပေါက်သည်အထိ ရှင်းလင်းဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုဖြစ်ပါက ပြတ်တောက်ရသည့်အကြောင်းအရင်းကို မူတည်ကာ အမြန်ဆုံးပြုပြင်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရန်ဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်ရာတွင် အောက်ခြေဝန်ထမ်းများဖြင့် လွှတ်မထားဘဲ တာဝန်ရှိသူများကိုယ်တိုင် အနီးကပ်ကြပ်မတ်ကာ ဝန်ထမ်းအချင်းချင်း ပူးပေါင်းညှိနှိုင်းကာ ဆောင်ရွက်ရန်၊ တာဝန်ကို ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားခဲ့သည်။

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေဖြင့် ၂၀၁၃ ခုနှစ် မတ်လအတွင်း ပြည်သူလူထုကို လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရေးအတွက် လက်ရှိထုတ်လုပ်ဖြန့်ဖြူးပေးနေသော လျှပ်စစ်ဓာတ်အားများအပြင် စွမ်းအင်ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်မှုကြောင့် သဘာဝဓာတ်ငွေ့ ကုဗပေ ၂၈ သန်းခန့် ထပ်မံရရှိခဲ့သဖြင့် ကျွန်းချောင်းစက်ရုံမှ တာဘိုင်စက်နှစ်လုံး၊ ရွှေတောင်နှင့် မြန်အောင်တို့မှ တာဘိုင်စက် တစ်လုံးစီတို့ကို မတ် ၂ ရက်မှစတင်၍ ထပ်မံလည်ပတ်နိုင်ခဲ့ပြီး လျှပ်စစ်ဓာတ်အား ၇၅ မဂ္ဂါဝပ်ခန့်ကိုလည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်နိုင်ရေး ဦးစီးဌာနက တည်ဆောက်ပြီးစီးခဲ့သော သောက်ရေခပ် ရေအားလျှပ်စစ်စီမံကိန်းမှ လျှပ်စစ်ဓာတ်အား ၈၀ မဂ္ဂါဝပ်ကိုလည်းကောင်း နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိတ္ထီလာ – မလှိုင် – မြင်းခြံသွားလမ်းမပေါ်ရှိ ရေချိုချောင်းကူးနေရာပျက်စီးနေမှု ပြုပြင်သင့်

ထင်သာမြင်သာ ပြုပြင်စရာ

မိတ္ထီလာမြို့မှ မလှိုင်မြို့၊ မြင်းခြံမြို့များသို့ သွားရာကားလမ်းမပေါ် (ရေချိုကျေးရွာမြောက်ဘက် လေးဖာလုံခန့်အကွာ)တွင် ရေချိုချောင်း ရှိပါသည်။ ရေချိုချောင်းသည် နွေ၊ မိုး၊ ဆောင်းသုံးရာသီ ရေစီးဆင်းမှု မပျက်သော ချောင်းငယ်တစ်ခုဖြစ်သည်။ ရေစီးမသန်၊ ချောင်းရေမနက်သော်လည်း ကူးဖြတ်ရသည့် ချောင်းအကျယ်ဧရိယာမှာ ပေ ၆၀ ခန့် ကျယ်ဝန်းပြီး ရေစီးသည့်နေရာတွင် အောက်ခံ သမံတလင်းခင်း ပြုလုပ်ပေးထားသည်။ ယခုအခါ အဆိုပါ သမံတလင်းမှာ နှစ်ပေါင်းကြာမြင့်ပြီ ဖြစ်သောကြောင့် နေရာအနှံ့တွင် ရေညှိတက်ခြင်း၊ ပေါက်ပြဲပျက်စီးခြင်းများဖြစ်ပေါ်နေရာ အဆိုပါလမ်းတွင် ဖြတ်သန်းသွားလာနေရသည့် ဒေသခံများနှင့် ခရီးသွားများအဖို့ သွားလာရေးအဆင်မပြေဖြစ်လျက်ရှိသည်။

“ချောင်းရေက နွေ၊ မိုး၊ ဆောင်း မပြတ်စီးနေတော့ ချောင်းအတွင်းက သမံတလင်းခင်းက ရေညှိတက်ပြီး ဆိုင်ကယ်နဲ့ဖြတ်စီးရင်း ချော်လဲကျမှုတွေ မကြာခဏဖြစ်လို့ တချို့ကမစီးဘဲ ချောင်းနားရောက်ရင် ဆိုင်ကယ်ကို ဆင်းတွန်းကြတယ်။ မိတ္ထီလာဘက်က လာရင် ချောင်းယာဘက်ဘေးနှုတ်ခမ်းက ပျက်စီးနေတော့ ဝဲဘက်ဘေးက ကပ်ပြီး ဆိုင်ကယ်စီးတာ၊ တွန်းတာလုပ်ရတယ်။ မလှိုင်ဘက်ကလာတဲ့ သူတွေကလည်း အဲဒီဘက်ကပဲ စီးကြ၊ တွန်းကျတော့ အန္တရာယ်များပါတယ်။ တချို့ဆို မော်တော်ကားတွေကို အဲဒီနေရာမှာရပ်ပြီး ကားရေဆေးတာတွေ လုပ်တော့ လမ်းသွားလမ်းလာတွေအတွက် ချောင်းကူးလမ်း ရေညှိတက်ပေါက်ပြဲပျက်စီးနေတာကို ရှောင်ကွင်းနေရတဲ့အပြင် ကားရေဆေးသူတွေကို ရှောင်ကွင်းနေရတဲ့အခါ ဟိုဘက်ဒီဘက် ယာဉ်အသွားအလာရှောင်တိမ်းနေတဲ့အခါ ချောင်းထဲချော်လဲမှာကို ချောင်းဖြတ်ကူးတိုင်း ကြောက်နေရတယ်”ဟု မလှိုင်မြို့ ပန်းအိုင်ကျေးရွာမှ ဦးဌေးအောင်က ပြောသည်။

ရေချိုချောင်းအဖြတ်အကူးပြုကြသည့် မိတ္ထီလာ-မလှိုင်-မြင်းခြံသွား ခရီးသည်မော်တော်ယာဉ်များ၊ ကုန်တင်ယာဉ်များသည် ချောင်းဖြတ်ကူးသည့်နေရာတွင် ယာဉ်ငယ်များကို ဦးစားပေးကာ အရှိန်လျှော့မောင်းနှင်မှု ပြုကြသည်။ ယခင်က ယင်းနေရာတွင် ဆိုင်ကယ်ရေဆေးသူများဟန်ဆောင်ကာ မကြာခဏ ငွေတောင်းခံမှု၊ လုယက်မှုများ ပြုသောကြောင့်လည်းကောင်း၊ ချောင်းအတွင်း ယာဉ်များရှောင်တိမ်းမောင်းနှင်ရာတွင် ယာဉ်အန္တရာယ်ဖြစ်နိုင်သောကြောင့်လည်းကောင်း သက်ဆိုင်ရာ တာဝန်ရှိသူများက ချောင်းအတွင်း မည်သည့်အကြောင်းပြချက်နှင့်မျှ ယာဉ်ရပ်နားခြင်း၊ ရေဆေးခြင်းမပြုရဟု ကြေညာတားမြစ်ခြင်း၊ အရေးယူဆောင်ရွက်ခြင်းများကြောင့် လုယက်မှုများ ပျောက်ကွယ်သွားခဲ့သည်။ ယခုအခါချောင်းအတွင်း မော်တော်ကား၊ ဆိုင်ကယ် ရေဆေးသူများ ရှိနေသည်ကိုတွေ့ရသည်။

ဒေသခံများနှင့် အဆိုပါ မိတ္ထီလာ-မလှိုင်-မြင်းခြံသွား ကားလမ်းမကို နေ့စဉ် ဖြတ်သန်းသွားလာနေကြသည့် ခရီးသွားများ၏ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ချောင်းအတွင်း ဆိုင်ကယ်၊ မော်တော်ကား ရေဆေးခြင်းများကို တားမြစ်ခြင်း၊ ချောင်းအကူးနေရာ အောက်ခံသမံတလင်းကို ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာ တာဝန်ရှိသူများက အရေးယူဆောင်ရွက်ပေးစေလိုကြသည်ဟု ဒေသခံအများစု၏ ပြောကြားသံကို ရေးသားတင်ပြလိုက်ရပါသည်။ **(ထီလာသား)**

ပညာရွှေအိုး လူမခိုး

GOLDEN PASS
ရွှေလက်မှတ် (အိန္ဒိယ+နီပေါ) မန္တလေးဘုရားဖူးအဖွဲ့
Grand Palace, Emerald Buddha
Dream World, Coral Island,
Nong Nooch Tropical Garden,
Alcazar Gay Show,
Shopping Centers
March 23 & April 13

ဘုရားဖူးအဖွဲ့ အိန္ဒိယ - နီပေါဘုရားဖူးခရီးစဉ်
950 USD + ၂၀၀၀၀/-
1550 USD
536348, 537707, 537708, 09 500 1763, 09 501 3727, 09 7322 5849, 09 516 4664
545215, 545216, 555173
542236
09 402 64 8989, 09 5300305

တိုးတိုးရတနာ TRAVELS & TOURS CO.,LTD
Your Destinations ..... Our Creations
Apr:12
Apr:13
Apr: 9/13
Apr:12
Apr:12
Apr:12
Apr:12
March: 22
toetoeyadanar.travels@gmail.com 01-503925 , 01-527539 , 09421027657

ပြည်တွင်းသတင်း

▲ ရှေ့ဖုံးမှ

မရှိကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ သယံဇာတ ကြွယ်ဝမှုအခြေအနေကို မှန်ကန်စွာသိရှိပြီး တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိစွာ အသုံးချနိုင်ရန် ဖင်လန်နိုင်ငံနှင့် ပူးပေါင်း ဆောင်ရွက်လိုပါကြောင်းဖြင့် ပြန်လည် ပြောကြားခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ဘူမိဗေဒဆိုင်ရာပြခန်းကို လှည့်လည်ကြည့်ရှု လေ့လာပြီး ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ Mr. Elias Ekdahl က နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတအား ဖင်လန်သမ္မတနိုင်ငံ၌ အခြေချနေထိုင်ကြသော ကယန်း၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်စသည့် မြန်မာတိုင်းရင်းသားမိသားစုများက ခေတ္တတည်းခိုသည့် ဟယ်လ်စင်ကီမြို့ရှိ နိုင်ငံတော် ဧည့်ဂေဟာသို့ လာရောက်၍ ဂါရဝပြုတွေ့ဆုံကြသည်။

တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတက မြန်မာတိုင်းရင်းသား မိသားစုများအား ရင်းနှီးခင်မင်စွာနှုတ်ဆက်၍ ၎င်းတို့နှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ထို့နောက် အမှာစကား ပြောကြားရာ၌ မြန်မာနိုင်ငံတွင် လက်ရှိကာလ၌ နိုင်ငံကို တည်ဆောက်နေချိန်ဖြစ်ကြောင်း၊ စီးပွားရေးတိုးတက်လာသည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းကောင်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ထိုအချိန်တွင် မြန်မာနိုင်ငံသို့ပြန်လာပြီး နိုင်ငံနှင့်ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ မည်သည့်နိုင်ငံတွင် နေထိုင်သည်ဖြစ်စေ မိမိတို့တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်စွာ နေထိုင်ပြီး မိမိတို့ဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်စေလိုကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် မြန်မာတိုင်းရင်းသားများက မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ နိုင်ငံတော်သမ္မတက အသေးစိတ် ပြန်လည်ဖြေကြားခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖင်လန်သမ္မတနိုင်ငံ Geological Survey ရှိ ဘူမိဗေဒဆိုင်ရာ ပြခန်းတွင် ကြည့်ရှုလေ့လာစဉ်။

(သတင်းစဉ်)

သွားရောက်လေ့လာ

ထို့နောက် နိုင်ငံတော်သမ္မတသည် ဟယ်လ်စင်ကီမြို့ ဖွံ့ဖြိုးတိုးတက်မှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်လေ့လာပြီး ကျောက်တုံးများဖြင့် တည်ဆောက်ထားသော Temppeliaukio ဘုရားကျောင်းကိုလည်း သွားရောက် လေ့လာခဲ့သည်။

ပြန်လည်ဖြေကြား

နိုင်ငံတော်သမ္မတသည် ညနေ ၆ နာရီခွဲတွင် နိုင်ငံတော်ဧည့်ဂေဟာ၌ ဟယ်လ်စင်ကီမြို့ရှိ Suomen Kuvalehti အပတ်စဉ်ထုတ်သတင်းစာမှ Ms. Katri Merikallioအား လက်ခံတွေ့ဆုံပြီး မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။

(သတင်းစဉ်)

ဖင်လန်သမ္မတနိုင်ငံ ဟယ်လ်စင်ကီမြို့ရှိ Vuosaari ဆိပ်ကမ်းကို တွေ့ရစဉ်။

(သတင်းစဉ်)

အချိန်အခါမဟုတ်မိုး

နေပြည်တော် မတ် ၃

ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီခွဲ မိုးလေဝသတိုင်းထွာချက်များအရ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် မတ် ၄ ရက်မှ ၇ ရက် အတွင်း တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့် တောင်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်ကြောင်းမိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးထစ်ချုန်းရွာမည်။

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၃

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းတွင် ပဲခူးခရိုင် ဒိုက်ဦးမြို့နယ် ကတုတ်ဘုရားကြီးကျေးရွာ စက်မှုလယ်ယာစနစ် ဧက ၁၀၀ ဖော်ထုတ်ပြီးစီးခြင်းနှင့် တောင်သူများသို့ လယ်ယာသုံးစက်ကိရိယာများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက လယ်ယာမြေဖော်ထုတ်ပြီး ဧက ၁၀၀၊ ဒေါင်ဖန်း လက်တွန်းထွန်စက် ၃၄ စီး၊ လက်ကိုင်ရှည် လက်တွန်းထွန်စက် ၁၄ စီးနှင့် စပါးခြွေလှေ့စက် ငါးစီးတို့ကို တောင်သူများထံ လွှဲပြောင်း ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဒေါင်ဖန်း လက်တွန်းထွန်စက်များ၊ လက်ကိုင်ရှည် လက်တွန်းထွန်စက်နှင့် စပါးခြွေလှေ့စက်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဒိုက်ဦးမြို့နယ် ပန္ဒတ်ကျေးရွာ၌ ကောလိယချောင်း တူးဖော်နေမှု၊ တောင်သူဦးသိန်းမြင့်၏ ပုလဲသွယ်နွေစပါး ၂၅၇ ဧက စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုနှင့် ရေနက်ကွင်းအား လယ်ယာစိုက်ပျိုးမြေအဖြစ် ဖော်ထုတ်ပြုပြင်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်း

နှစ်စဉ်ငါးမန်းကောင်ရေ သန်း ၁၀၀ သေဆုံး

နယူးယောက် မတ် ၃

ကမ္ဘာတစ်ဝန်း စီးပွားရေးအရ ငါးမန်းဖမ်းဆီးမှု များပြားလာခြင်းကြောင့် နှစ်စဉ် ငါးမန်းကောင်ရေ သန်း ၁၀၀ ခန့် သေဆုံးနေရကြောင်း သုတေသနပညာရှင်များက လေ့လာတွေ့ရှိထားသည်။

ငါးမန်းများ သေဆုံးနေရခြင်း၏ အဓိကအကြောင်းအရင်းတစ်ရပ်မှာ တရုတ်လူမျိုးတို့အကြား ငါးမန်းတောင်ဟင်းချို စားသုံးမှုများပြားနေခြင်းကြောင့် ဖြစ်သည်ဟုဆိုသည်။ အဆိုးဆုံးမှာ ရေလုပ်သားများက ငါးမန်းများကို ဖမ်းယူပြီး ငါးမန်းတောင်များကိုဖြတ်ယူကာ ခန္ဓာကိုယ်အစိတ်အပိုင်းများကို ပင်လယ်အတွင်း စွန့်ပစ်နေကြသည်ဟု ဆိုသည်။ သို့သော်လည်း ၂၀၁၀ ခုနှစ်က ငါးမန်းကောင်ရေ ၆၃ သန်း နှင့် ၂၇၃ သန်းကြား သေဆုံးနိုင်ကြောင်း သိပ္ပံပညာရှင်များက ခန့်မှန်းထားသည်။ သေချာမှုအရှိဆုံးမှာ နှစ်စဉ်သန်း ၁၀၀ ခန့် သေဆုံးနိုင်ကြောင်း အမေရိကန်နိုင်ငံ နယူးယောက်မြို့ စတုန်းနီးဘရွတ်တက္ကသိုလ်မှ ဒေါက်တာ ဒေးမီလန်ချက်မန်းက ပြောကြားသည်။ **(ဘီဘီစီ)**

နေတန်ယာဟုနှင့် ဂျော်ဒန်ဘုရင်လျှို့ဝှက်ဆွေးနွေး

တဲအဗစ် မတ် ၃

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုနှင့် ဂျော်ဒန်ဘုရင် အဗ္ဗဒူလာ -၂ တို့သည် ဂျော်ဒန်၌ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးတိုးတက်ရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လျှို့ဝှက်ဆွေးနွေးကြကြောင်း မတ် ၃ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။ **(အပေါ်ပုံ)**

လွန်ခဲ့သော သီတင်းပတ်က နေတန်ယာဟု ဂျော်ဒန်သို့သွားရောက်ပြီး ဘုရင်အဗ္ဗဒူလာ-၂နှင့် အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ တိတ်တဆိတ်ဆွေးနွေးခဲ့ကြကြောင်း သံတမန်သတင်းရပ်ကွက်တစ်ခုက မတ် ၂ရက်တွင် အေအက်ဖ်ပီသို့ ပြောကြားသည်။

၎င်းတို့နှစ်ဦးသည် ဒီဇင်ဘာလအတွင်းကလည်း ဆီးရီးယားနိုင်ငံ မတည်ငြိမ်မှုနှင့်ပတ်သက်ပြီး ဂျော်ဒန်တွင် ဆွေးနွေးခဲ့ကြသေးသည်ဟု ဆိုသည်။ **(အေအက်ဖ်ပီ)**

အီရန်နှင့်ပါကစ္စတန် နယ်စပ်ဂိတ် ဆောက်မည်

တီဟီရန် မတ် ၃

အီရန်နှင့် ပါကစ္စတန်နိုင်ငံတို့သည် လုံခြုံရေးကိစ္စနှင့် ရာဇဝတ်မှုများ တိုက်ခိုက်ချေမှုန်းရာတွင် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် နှစ်နိုင်ငံနယ်စပ်တစ်ခုစီတွင် လုံခြုံရေးဆိုင်ရာ စစ်ဆေးရေးဂိတ်လေးခုကို ဆောက်လုပ်ရန် သဘောတူညီခဲ့ကြောင်း ပါကစ္စတန် ပြည်ထဲရေးဝန်ကြီး ရာမင်းန်မာလစ်၏ ပြောကြားချက်ကို ဖေဖော်ဝါရီ ၂၈ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

အစ္စလမ္မာဘတ်နှင့် တီဟီရန်တို့သည် နှစ်နိုင်ငံနယ်စပ်တစ်ဖက်တစ်ချက်စီတွင် စစ်ဆေးရေးဂိတ်လေးခုကို ဆောက်လုပ်ရန် သဘောတူညီချက်တစ်ရပ်ကို လက်ခံရရှိခဲ့ပြီးဖြစ်ကြောင်း ဝန်ကြီးမာလစ်က ဖေဖော်ဝါရီ ၂၇ ရက်တွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

အီရန်နှင့် ပါကစ္စတန်နိုင်ငံတို့သည် နယ်စပ်လုံခြုံရေးစီမံခန့်ခွဲမှုအပေါ် သဘောတူညီချက်တစ်ရပ်ကို ဖေဖော်ဝါရီ ၁၈ ရက်က ကောက်ချက်ချဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ တီဟီရန်မြို့တွင်ကျင်းပသည့် လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ အီရန်ပြည်ထဲရေးဝန်ကြီး မော့စ်တာဖာမိုဟာမက်နာဂျာနှင့် ပါကစ္စတန်ပြည်ထဲရေးဝန်ကြီး ရာမင်းန်မာလစ်တို့ တက်ရောက်ခဲ့ကြသည်။ **(ပရက်စ်တီဗွီ)**

လဆင်းပြိုဟ်တုအတွက် အထူးဒုံးပျံ တရုတ်ထုတ်လုပ်

ပေကျင်း မတ် ၃

မကြာမီ တရုတ်နိုင်ငံက လကမ္ဘာသို့ လွှတ်တင်မည့်ပြိုဟ်တုအတွက် လောင်းမတ်သရီးဘီဟု အမည်ပေးထားသော အထူးဒုံးပျံတစ်စင်းထုတ်လုပ်ထားပြီဖြစ်ကြောင်း ဒုံးပျံကျွမ်းကျင်ပညာရှင်တစ်ဦးက မတ် ၁ ရက်တွင် ပြောကြားသည်။

အဆိုပါ ဒုံးပျံ၏ အရွယ်အစားကို ယခင်ထုတ်လုပ်ထားသော ဒုံးပျံများထက် အထူးကောင်းမွန်အောင် တည်ဆောက်ထားကြောင်း တရုတ်ဒုံးပျံ လွှတ်တင်ရေးနည်းပညာဌာနအကြီးအကဲ လျန်လျောင်နင်းက ပြောကြားသည်။ **(ဆင်ဟွာ)**

မလေးရှားနိုင်ငံတွင် သေနတ်ပစ်ခတ်မှုဖြစ်ပွား

ကွာလာလမ်ပူ မတ် ၃

မလေးရှားနိုင်ငံ ဆာဘတ်ရှိ ပြည်နယ် အရှေ့ပိုင်းအတွင်း အမည်မသိ လက်နက်ကိုင်များနှင့် ရဲဝန်ထမ်းများ သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ ရဲနှစ်ဦးသေဆုံးကြောင်း တာဝန်ရှိသူများက မတ် ၃ ရက်တွင် ပြောကြားသည်။

စုံစမ်းလျက်ရှိ

၎င်း လက်နက်ကိုင်များသည် ဖိလစ်ပိုင်နိုင်ငံဘက်မှ လက်နက်ကိုင်ကျူးကျော်ဝင်ရောက်လာသူများ ဖြစ်ဖွယ်ရှိ မရှိ ခြေရာခံစုံစမ်းလျက်ရှိကြောင်း သိရသည်။ **(ဘီဘီစီ)**

အီဂျစ်စီးပွားရေးအကျပ်တည်းဖြေရှင်းရန် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးတိုက်တွန်း

ချီကာဂို မတ် ၃

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်တယ်ရီသည်၎င်း၏နှစ်ရက်ကြာ အီဂျစ်နိုင်ငံခရီးစဉ်အတွင်း နိုင်ငံ၏ စီးပွားရေးအကျပ်အတည်း ဖြေရှင်းရာတွင် အီဂျစ်နိုင်ငံရေးခေါင်းဆောင်များ သဘောထားညီညွတ်ကြရန် အရေးအကြီးဆုံး ဖြစ်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။ စီးပွားရေးပြဿနာရပ်များအပေါ် လေးနက်သည့်အပေးအယူ ညှိနှိုင်းတိုင်ပင်မှုများ ဘက်ပေါင်းစုံတွင် ဖြစ်ထွန်းစေရန် များစွာလိုအပ်ပါကြောင်း ဂျွန်တယ်ရီက သတင်းထောက်များကို ပြောကြားခဲ့သည်။

“ယခုအချိန်သည် အီဂျစ်လူမျိုးများအတွက် စီးပွားရေးအခွင့်အလမ်းများ အတူတကွပူးပေါင်းလုပ်ဆောင်ရန် အရေးကြီးသည့် စီးပွားရေးစိန်ခေါ်မှုနှင့် ကြုံတွေ့နေရပြီး ယင်းစိန်ခေါ်မှုများကို အတူရင်ဆိုင်ဖြေရှင်းရမည့် အချိန်ဖြစ်သည်ဟု အမှန်တကယ်ယုံကြည်ပါကြောင်း” ဟု ၎င်းကတိုက်တွန်းပြောကြားခဲ့သည်။ အီဂျစ်စီးပွားရေး ပိုမိုတောင့်တင်းခိုင်မာလာပါမှ အီဂျစ်လူမျိုးများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ကြောင်း နိုင်ငံ၏စွမ်းအားကသာ အနာဂတ်ကို ဖော်ဆောင်ပေးမည်ဖြစ်ကြောင်း ထပ်မံပြောကြားခဲ့သည်။ **(ဘီဘီစီ)**

ဆီးရီးယားစစ်သွေးကြွများ လက်ဘနွန်လုံခြုံရေးကိုခြိမ်းခြောက်

ဘေရွတ် မတ် ၃

ဒုက္ခသည်များအဖြစ် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာခြင်းသည် လက်ဘနွန်နိုင်ငံ၏ လုံခြုံရေးကို ထိခိုက်နိုင်သည်ဟု လက်ဘနွန်ပြည်ထဲရေးဝန်ကြီးက ဆီးရီးယားနိုင်ငံအတွင်းရှိ ပြည်ပကျောထောက်နောက်ခံပြုနေသော စစ်သွေးကြွများကို စွပ်စွဲပြောကြားခဲ့ကြောင်း မတ် ၂ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

ပြောကြား

ဆီးရီးယား လွတ်မြောက်ရေး လက်နက်ကိုင် အကြမ်းဖက်အုပ်စုမှ အဖွဲ့ဝင်များသည် နယ်စပ်တစ်ဝန်းရှိ အစိုးရတပ်ဖွဲ့ဝင်များကို တိုက်ခိုက်မှုများမပြုလုပ်မီ ပြန်လည်စုဖွဲ့ရန်အတွက် လက်ဘနွန်ပိုင်တောင်ထူထပ်သော နယ်မြေဒေသများကို အသုံးပြုခဲ့ကြကြောင်း လက်ဘနွန်ပြည်ထဲရေးဝန်ကြီး မာဝမ်ရှာဘယ်လ်က ပြောကြားခဲ့သည်။

ထုတ်ဖော်

၎င်းဆီးရီးယားစစ်သွေးကြွများသည် လက်ဘနွန်နိုင်ငံအတွင်းရှိ စခန်းများတွင် ဒုက္ခသည်များကို လေ့ကျင့်မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း ဝန်ကြီးက ထုတ်ဖော်ပြောကြားသည်။

ဒုက္ခသည်အဖြစ် လက်ဘနွန်နိုင်ငံအတွင်း ဖြတ်သန်းဝင်ရောက်လာသူ စစ်သွေးကြွများသည် ဆီးရီးယားအစိုးရကို ဆန့်ကျင်တိုက်ခိုက်ရန် လက်ဘနွန်နိုင်ငံအတွင်း ဒုက္ခသည်အုပ်စု၏ လက်နက်ကိုင်အဖွဲ့ဝင်များဖြစ်ကြောင်း ဝန်ကြီးရှာဘယ်လ်၏ ပြောကြားချက်အရ သိရသည်။ လက်ဘနွန်နိုင်ငံတွင် လောလောဆယ် ဆီးရီးယားဒုက္ခသည် ၃၂၀၀၀၀ ခန့်ရှိသည်။ **(အောက်ပုံ)**

(ပရက်စ်တီဗွီ)

တင်မောင်လွင်-စုစည်းသည်

ဝိရောဓိဖြစ်လာပြန်သော အီဂျစ်ရွေးကောက်ပွဲအချိန်ဇယား

အီဂျစ်သမ္မတ မိုဟာမက်မော်စီက ပါလီမန်ရွေးကောက်ပွဲ ကျင်းပမည့် နေ့ရက်များသည် ကော့ပတစ် ဘာသာရေးပွဲရက်များနှင့်တိုက်နေသဖြင့် ကျင်းပမည့်ရက်ကို မူလက ဧပြီ ၂၇ ရက်တွင် စတင်ရန်ဖြစ်သော်လည်း ဧပြီ ၂၂ ရက်သို့ ရှေ့တိုးပြီး ပြောင်းရွှေ့သတ်မှတ်လိုက်သည်။

တိုး

အီဂျစ်ရွေးကောက်ပွဲများကို သုံးလကြာမျှ အဆင့်လေးဆင့်ခွဲ၍ ကျင်းပမည်ဖြစ်ကြောင်း သမ္မတ၏ အမိန့်ကြေညာချက်အရ သိရသည်။ ပထမအဆင့် ရွေးကောက်ပွဲကို ကိုင်ရို၊ ဘီဟေရာ၊ ပို့ဆက်၊ မြောက်ဆိုင်းနိုင်ပြည်နယ်နှင့် အယ်မင်ယာပြည်နယ်တို့တွင် ဧပြီ ၂၂ ရက်နှင့် ၂၃ ရက်တွင် ကျင်းပမည်။ မဲအရေအတွက်တိုက်နေလျှင် ရွေးကောက်ပွဲကို ဧပြီ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် နောက်ဆက်တွဲ ကျင်းပပေးမည်။

ဒုတိယဆင့် ရွေးကောက်ပွဲကို အယ်ဂီဇာ၊ အလက်ဇန္ဒရီးယား၊ ဆိုဟက်၊ ကီနီစူး၊ အက်ဆွမ်၊ စူးအက်၊ ရက်ဆီးနှင့် နယူးဗဲလီ စသော ပြည်နယ် ရှစ်ခုတွင် မေ ၁၁ ရက်နှင့် ၁၂ ရက်တွင် ကျင်းပပေးမည်။ နောက်ဆက်တွဲရွေးကောက်ပွဲကို မေ ၁၉ ရက်နှင့် ၂၀ ရက်တွင် ကျင်းပမည်။

တတိယဆင့် ရွေးကောက်ပွဲကို ဒါကာလီယာ၊ ကာယုဘီယာ၊ မီနျူဖီယာ၊ ကီနာ၊ ဒါမီတာ၊ လူဇော်၊ မထရူ၊ တောင်ဆိုင်းနိုင်ပြည်နယ်တို့တွင် မေ ၂၈ ရက်နှင့် ၂၉ ရက်တွင် ကျင်းပပြီး နောက်ဆက်တွဲရွေးကောက်ပွဲကို ဇွန် ၅ ရက်နှင့် ၆ ရက်တွင် ကျင်းပမည်။ နောက်ဆုံးစတုတ္ထအဆင့် ရွေးကောက်ပွဲကို ဂါဘီယာ၊ရှာကီယာ၊ အက်ယတ်၊ ခါအယ်ရှိတ်၊ ဖေယွမ်နှင့် အစ္စမေးလီယာပြည်နယ် ခြောက်ခုတို့တွင် ဇွန် ၁၅ ရက်နှင့် ၁၆ ရက်တွင် ကျင်းပပြီး နောက်ဆက်တွဲရွေးကောက်ပွဲကို ဇွန် ၂၃ ရက်နှင့် ၂၄ ရက်တွင် ကျင်းပမည်ဟု ကြေညာသည်။ ပါလီမန်၏ ပထမအကြိမ်အစည်းအဝေးကိုမူ ဇူလိုင် ၂ ရက်တွင် ကျင်းပရန် စီစဉ်ထားသည်။

ရန်စကျူးကျော်

ပါလီမန်ရွေးကောက်ပွဲများကို ဧပြီလ ၂၇ ရက်တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း သမ္မတမော်စီက ဖေဖော်ဝါရီ ၂၈ ရက်တွင် အမိန့်ဒီဂရီထုတ်ပြန်သည်။ သို့သော် ရွေးကောက်ပွဲရက်များသည် အီစတာဘာသာရေးပွဲတော်နှင့် တိုက်ဆိုင်နေကြောင်း ခရစ်ယာန်ရှုရာကောင်စီဝင်များက မတ် ၂ ရက်တွင် ကန့်ကွက်သည်။ ထိုအခါ အီစတာပွဲတော်ရက်နှစ်ရက်ကို ရှောင်ပြီး ရွေးကောက်ပွဲကျင်းပပေးမည်ဖြစ်ကြောင်း သမ္မတမော်စီက မတ် ၂ ရက် အစောပိုင်းက ကတိပေးလိုက်သည်။ သမ္မတမော်စီက ရွေးကောက်ပွဲကျင်းပမည့်ရက် ရွှေ့ဆိုင်းကြေညာခြင်းမပြုမီကပင် သမ္မတ၏ ဆုံးဖြတ်ချက်မှာ ခရစ်ယာန်ဘာသာရေးပွဲတော်ရက်များကို အလေးမထားဘဲ ရန်စကျူးကျော်ခြင်းဖြစ်သည်ဟု ကော့ပတစ်အတိုင်ပင်ခံကောင်စီက ပြောကြားပြီး ရွေးကောက်ပွဲကို သပိတ်မှောက်ကြရန် တိုက်တွန်းလိုက်သည်။

အီဂျစ်နိုင်ငံ၏ အဓိကအတိုက်အခံအုပ်စုဖြစ်သော အမျိုးသား ကယ်တင်ရေးတပ်ဦးမှ ထိပ်တန်းခေါင်းဆောင်နှင့် အယ်ဒေါ့စတာပါတီအကြီးအကဲ မိုဟာမက်အယ်ဘာရာဒေးက ရွေးကောက်ပွဲကို သပိတ်မှောက်ကြရန် နိုင်ငံသားများအား ဖေဖော်ဝါရီ ၂၃ ရက်တွင် နှိုးဆော်တိုက်တွန်းလိုက်သည်။ ရွေးကောက်ပွဲကို သပိတ်မှောက်ခြင်းမှာ အတုအယောင်ဒီမိုကရေစီကို ဖော်ထုတ်ပြသရန်နှင့် မိမိတို့အပေါ် ပြည်သူယုံကြည်မှုရှိကြောင်း၊ ထင်ရှားစေရန် အမြန်ဆုံးနည်းလမ်းပင်ဖြစ်ကြောင်း ၄င်းကပြောကြားလိုက်သည်။

သို့သော် ရွေးကောက်ပွဲကို သပိတ်မှောက်ခြင်းမှာ အန္တရာယ်ကြီးမားသည့် ခြေလှမ်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မွတ်စလင်ညီအစ်ကိုများအဖွဲ့အနေဖြင့် အုပ်ချုပ်ရေးကောင်စီနှင့် ဥပဒေပြုရေးကောင်စီတို့ကို ထိန်းချုပ်ရန် ပိုမိုလွယ်ကူသွားစေနိုင်သည်ဟု ဝေဖန်သူက ဝေဖန်သည်။ ရွေးကောက်ပွဲကို သပိတ်မှောက်ခြင်းဖြင့် နိုင်ငံရေးအင်အားစုများအနေဖြင့် ပြည်သူနှင့် ကင်းကွာသွားနိုင်ပြီး လူမှုရေး ဩဇာလည်း ကျဆင်းသွားနိုင်သည်ဟု ဝေဖန်ကြသည်။

နိုင်ငံရေးဒေဝါလီခံရခြင်း

မွတ်စလင်ညီအစ်ကိုများအဖွဲ့၏ လွတ်လပ်ရေးနှင့် တရားမျှတရေးပါတီမှ ပြောရေးဆိုခွင့်ရှိသူ မိုဟာမက်ဇိုက်တန်ကမူ ရွေးကောက်ပွဲကို သပိတ်မှောက်ရန် အတိုက်အခံတို့၏ ဆုံးဖြတ်ချက်များမှာ အတိုက်အခံတို့အနေဖြင့် နိုင်ငံရေးဒေဝါလီခံရခြင်းသာဖြစ်ကြောင်း ဝေဖန်လိုက်ပြီး လာမည့်ရွေးကောက်ပွဲတွင် ပြည်သူအများအပြားလာရောက် ဆန္ဒမဲပေးကြမည်ဟု ကြိုတင်တွက်ဆပြောကြားလိုက်သည်။

ထိုအတောအတွင်း အီဂျစ်သမ္မတ၏ နိုင်ငံရေးရာအကြံပေးအရာရှိ ဘက်ဆမ်အယ်ဇာကာက ရာထူးမှ နုတ်ထွက်သွားသည်။ ဖေဖော်ဝါရီ လကုန်တွင် ရာထူးမှထွက်မည့် သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ယာဆာအလီ၏ နေရာတွင် အိုမာယူဆွတ်နှင့် အီမတ်ဖာမီတို့နှစ်ဦးကို အစားထိုးခန့်အပ်လိုက်သည်ဟု သိရသည်။

ထောင်ပေါင်းများစွာသော အီဂျစ်ပြည်သူများသည် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်က အစိုးရဆန့်ကျင်ရေးဆန္ဒပြပွဲများပြုလုပ်ကာ အီဂျစ်အစိုးရနှင့် မွတ်စလင်ညီအစ်ကိုများအဖွဲ့ကို ဖျက်သိမ်းပေးရန် တောင်းဆိုကြသည်။ ကိုင်ရိုမြို့တော် တာရာပန်းခြံတွင် ကန့်ကွက်ဆန္ဒပြသူများ စုရုံးရောက်ရှိလာကြပြီး နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်ပေးရန်၊ အစိုးရအဖွဲ့ဖယ်ရှားပေးရန် တောင်းဆိုကြသည်။ ကိုင်ရိုမြို့တော်အလယ်ပိုင်းရှိ နိုင်ငံတော်တရားရုံးချုပ် အဆောက်အအုံအပြင်ဘက်၌လည်း အစိုးရဆန့်ကျင်ရေးကြွေးကြော်သံများကို အော်ဟစ်ပြီး ကန့်ကွက်ဆန္ဒပြကြသည်။ ထို့အပြင် ပို့ဆက်မြို့၌ သပိတ်မှောက်ဆန္ဒပြပွဲ ကျင်းပသည်မှာ ဖေဖော်ဝါရီ ၂၂ ရက်တွင် ခြောက်ရက်မြောက်သွားပြီဖြစ်သည်။

စတင်ကျင်းပမည်

ပါလီမန်ရွေးကောက်ပွဲများကို ဧပြီ ၂၂ ရက်တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း သမ္မတမော်စီက ဖေဖော်ဝါရီ ၂၃ ရက်တွင် အမိန့်ဒီဂရီထုတ်ပြန်လိုက်သည်။

အမျိုးသားပြန်လည်သင့်မြတ်ရေး မရမီ ရွေးကောက်ပွဲကျင်းပခြင်းမှာ တာဝန်မဲ့သည့် လုပ်ရပ်တစ်ခု ဖြစ်ကြောင်း အယ်ဒေါ့စတာပါတီခေါင်းဆောင် မိုဟာမက်အယ်ဘာရာဒေးက ဝေဖန်လိုက်သည်။ ထိုရွေးကောက်ပွဲကို သပိတ်မှောက်ခြင်းဖြင့် အတုအယောင် ဒီမိုကရေစီဖြစ်ကြောင်း ပြသရန် အသင့်တော်ဆုံး နည်းလမ်းဖြစ်သည်ဟုလည်း ပြောကြားသည်။

နိုင်ငံရေးအင်အားစုများနှင့် မညှိနှိုင်းဘဲ ရွေးကောက်ပွဲ အလျင်စလိုကျင်းပရန် သမ္မတမော်စီ၏ ဆုံးဖြတ်ချက်ကြောင့် နဂိုကပင်အဆင်မပြေသည့် အမျိုးသား ကယ်တင်ရေးတပ်ဦးနှင့် အစ္စလာမ့်စ်အင်အားစုများအကြား ပဋိပက္ခ၊ သမ္မတနှင့် အတိုက်အခံအင်အားစုများအကြား မချောမွေ့သည့် ဆက်ဆံရေးတို့ကို မီးလောင်ရာလေပင့်ပေးသကဲ့သို့ ဖြစ်သွားနိုင်ပေသည်။

> **ရွေးကောက်ပွဲကို သပိတ်မှောက်ခြင်းဖြင့် နိုင်ငံရေးအင်အားစုများအနေဖြင့် ပြည်သူနှင့် ကင်းကွာသွားနိုင် လူမှုရေးဩဇာလည်း ကျဆင်း**

နိုင်ငံတကာသတင်း

ဘတ်ဂျက် လျှော့ချရန် အိုဘားမား လက်မှတ်ထိုး

အမေရိကန်နိုင်ငံသည် သမ္မတအိုဘားမားက အသုံးစရိတ်လျှော့ပေ့ါရေး လက်မှတ်ရေးထိုးလိုက်ပြီးနောက် ၎င်း၏ ဖက်ဒရယ်ဘတ်ဂျက်မှ အမေရိကန်ဒေါ်လာ ၈၅ ဘီလီယံ လျှော့ချရန် ဖိအားပေးခံနေရသည်။ ဤသို့လျှော့ချလိုက်သည့် ဘတ်ဂျက် ၄၃ ဘီလီယံသည် အမေရိကန်စစ်ရေးကဏ္ဍကို ထိခိုက်စေလိမ့်မည်ဟုဆိုသည်။ မတ် ၁ ရက်က ရီပတ်ဘလီကင် လွှတ်တော်အမတ်များနှင့် ဆွေးနွေးမှုမအောင်မြင်ဖြစ်ခဲ့ပြီးနောက် အိုဘားမားက အဆိုပါ ဘတ်ဂျက်လျှော့ချဖြတ်တောက်ရေးကို လက်မှတ်ရေးထိုးပေးလိုက်ခြင်းဖြစ်သည်။ စစ်ရေးနှင့် ပြည်တွင်းအသုံးစရိတ်လျှော့ချရန် ရီပတ်ဘလီကင်တို့က တောင်းဆိုနေသည့်အတွက် အိုဘားမားက အပြစ်ပြောဆိုခဲ့သည်။ ကြွေးမြီလျှော့ချရေး အထောက်အပံ့ဖြစ်စေရန် ဘတ်ဂျက်လျှော့ချခိုင်းကြောင်း ရီပတ်ဘလီကင်တို့က ဆိုသည်။

အစ္စရေးက အီရန်ကိုတိုက်လျှင် အမေရိကန်ကူညီရန်တိုက်တွန်း

အစ္စရေးက အီရန်ကိုတိုက်လျှင် အမေရိကန်တို့အနေဖြင့် ကိုယ့်ကိုယ်ကို ကာကွယ်သည့်အနေဖြင့် အစ္စရေးကို ကူတိုက်ပေးရန် အမေရိကန်ဆီးနိတ်လွှတ်တော်အမတ်များက မဲခွဲဆုံးဖြတ်ရန် တွန်းအားပေးလျက်ရှိသည်။ ယင်းအဆိုနှင့်ပတ်သက်ပြီး ဆီးနိတ်နိုင်ငံခြားဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ရောဘတ်မန်နီဒက်နှင့် ရီပတ်ဘလီကင် ဆီးနိတ်အမတ် လင်ဆေးဂရေဟမ်တို့က ဦးဆောင်ပြီး ဆုံးဖြတ်ချက်ချသင့်မချသင့် တိုက်တွန်းထားခြင်းဖြစ်သည်။ အီရန်နိုင်ငံအနေဖြင့် နျူကလီးယားလက်နက်ခြိမ်းခြောက်လာလျှင် အစ္စရေးတို့က တိုက်ခိုက်ဖွယ်ရှိသည်။ အမေရိကန်က အစ္စရေးကို နှစ်စဉ် စစ်ရေးနှင့် စီးပွားရေးအတွက် ဒေါ်လာဘီလီယံများစွာပေးနေသည်။ အစ္စရေးတို့က အမေရိကန်တို့ထံမှ နှစ်စဉ်နိုင်ငံခြားတိုက်ရိုက် အကူအညီအဖြစ် အမေရိကန်တို့ထံမှ ၃ ဘီလီယံခန့် ရရှိနေသည်။

အရှေ့အလယ်ပိုင်းအရေး ပူတင်နှင့် အိုဘားမားဆွေးနွေး

ရုရှားသမ္မတပူတင်နှင့် အမေရိကန်သမ္မတအိုဘားမားတို့သည် မတ် ၁ ရက်က ဆီးရီးယားနှင့် အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးတိုးတက်ရေးအတွက် အနီးကပ်ပူးပေါင်းလုပ်ဆောင်ရန် သဘောတူကြောင်း ကရင်မလင်က ပြောကြားသည်။ နှစ်နိုင်ငံခေါင်းဆောင်တို့သည် မတ် ၁ ရက်က အဆိုပါ ကတိကဝတ်ကို ဖုန်းဖြင့်ဆွေးနွေးခဲ့ကြောင်း ကရင်မလင်က ထုတ်ပြန်ချက်တွင် ဖော်ပြသည်။ သမ္မတနှစ်ဦးသည် မြောက်ကိုရီးယားအရေးနှင့် ဒုံးကျည်ကာကွယ်ရေးကိစ္စများကိုလည်း ဆွေးနွေးကြသည်ဟုဆိုသည်။

မြင့်မောင်စိုး - စုစည်းသည်။

တစ်နေ့တာ အထိုင်များသောသူများ ကင်ဆာကဲ့သို့ နာတာရှည်ရောဂါများစွဲကပ်နိုင်

နေ့တစ်နေ့တာကို အထိုင်အထလှုပ်လှုပ်ရှားရှားမရှိဘဲ ကုန်ဆုံးစေသည့် လူများသည် ကျန်းမာရေးပိုမိုဂရုစိုက်သင့်ကြောင်း၊ ထိုသို့သောလူများတွင် နာတာရှည်ရောဂါများစွဲကပ်နိုင်ကြောင်း သုတေသနအဖွဲ့တစ်ဖွဲ့က လေ့လာအကြံပြုထားသည်။

နေ့စဉ် အထိုင်များသောသူများသည် ကင်ဆာ၊ သွေးချို၊ ဆီးချိုနှင့် နှလုံးရောဂါများ ဖြစ်ပွားနိုင်မှုအန္တရာယ်ပိုများသည်ကို ဩစတြေးလျနှင့် ကန်ဆပ်ပြည်နယ်တက္ကသိုလ်များရှိ သုတေသီများက အကြံပြုတင်ပြခြင်းဖြစ်သည်။

ရုံးဝန်ထမ်းများ၊ ကားဒရိုင်ဘာများနှင့် အခြားသော နေ့စဉ်ပုံမှန် အထိုင်များသူများတွင် နာတာရှည်ရောဂါဘေးမြင့်မားစွာတွေ့ရှိခြင်းဖြင့် သုတေသနပညာရှင်များက ယင်းသို့တင်ပြခြင်းဖြစ်သည်။ အဆိုပါ နာတာရှည်ရောဂါဖြစ်ပွားမှုကို ရှောင်ကြဉ်နိုင်ရန် ထိုင်သည့်အချိန် နည်းပါးစေပြီး လှုပ်လှုပ်ရှားရှားပိုမိုနေသင့်ကြောင်း သုတေသနစာတမ်းပြုစုသူ ပညာရှင်တို့က သုံးသပ်ပြသည်။

"လှုပ်ရှားမှုများစွာရှိသည့်သူများသည် လှုပ်လှုပ်ရှားရှားပြုမူမှုနည်းပါးသူများထက် နာတာရှည်ရောဂါခံစားနေရမှုနည်းသည်ကို အပြည့်အဝယုံကြည်ထားပါတယ်။ အထိုင်များခြင်းကို လျှော့ချနိုင်ဖို့ပဲတိုက်တွန်းလိုပါတယ်" ဟု အမေရိကန်နိုင်ငံ ကန်ဆပ်တက္ကသိုလ် လူသားအာဟာရဗေဒ လက်ထောက်ပါမောက္ခရစ်ချက်ဂို့စ်ဆန်ကရန်က ဆိုသည်။ ထိုင်ခုံတွင် အချိန်ကြာမြင့်စွာ ထိုင်ကာ အလုပ်လုပ်ရသည့် ဝန်ထမ်းဘဝသည် ကျန်းမာရေးဘေးဆိုးများကြောင်း၊ လှုပ်ရှားမှုမရှိခြင်းနှင့် ခန္ဓာကိုယ်စွမ်းအင်သုံးစွဲမှု လျော့နည်းခြင်းတို့ကြောင့်ဖြစ်ကြောင်း ပါမောက္ခရစ်ချက်က ရှင်းပြသည်။

ယခုသုတေသနပြုချက်ကို နယူးဆောက်ဝေးရှိ ဩစတြေးလျနိုင်ငံသား ၆၃၀၀၀ ကျော်ကို စစ်တမ်းယူ သုတေသနပြုခဲ့ခြင်းဖြစ်သည်။ အသက် ၄၅ နှစ်မှ အသက် ၆၅ နှစ်ကြား သုတေသနတွင် ပါဝင်သူများကို ပညာရှင်များက သုတေသနပြုသည်။ နာတာရှည်ရောဂါများရှိ မရှိ စစ်ဆေးပြီး တစ်နေ့တာ နေထိုင်မှုပုံစံကိုလည်း မေးမြန်းမှတ်တမ်းတင်သည်။

တစ်နေ့တာ အချိန်များတွင် အထိုင်နည်းပါးသူသို့မဟုတ် လေးနာရီခန့်သာ ထိုင်ချိန်ရှိသူများသည် လေးနာရီထက် ပိုအထိုင်များသူများနှင့် စာလျှင် ကင်ဆာ၊ ဆီးချိုနှင့် နှလုံးရောဂါကဲ့သို့ နာတာရှည်ရောဂါဖြစ်မှုများစွာ နည်းပါးသည်ကို တွေ့ရှိခဲ့ရသည်။

နေ့စဉ် အချိန်ခြောက်နာရီကြာမျှ ထိုင်ချိန်ရှိနေသူများတွင် ဆီးချိုကဲ့သို့ နာတာရှည်ရောဂါ အန္တရာယ်ဘေး အမြင့်မားဆုံးရှိနေသည်ဟု သုတေသနပညာရှင်များက မှတ်ချက်ပြုသည်။

နာတာရှည်ရောဂါ စွဲကပ်မှုသည် ထိုင်ချိန်အနည်းအများအပေါ် မူတည်၍ အတိုးအပွားရှိသည်ဟု ဆိုသည်။ သုတေသနတွင်ပါဝင်သူများ၏နေ့စဉ် လှုပ်ရှားမှု၊ အသက်အရွယ်၊ ဝင်ငွေ၊ ပညာအရည်အချင်းနှင့် ကိုယ်အလေးချိန်၊ အရပ်အမြင့်တို့ကို စစ်တမ်းချကာ သုတေသနပြု၍ အဆိုပါရလဒ် မှန်ကန်ကြောင်း အတည်ပြုခဲ့ခြင်းဖြစ်သည်။

သုတကျော် - ရေးသားသည်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ကျေးလက်ဒေသ ရေကောင်းရေသန့်ရရှိရေး စေတနာဆန္ဒများဖြစ်ထွန်းရာရပ်ဝန်း

အောင်မာယ(ယောမြေ)

ရှေးခေတ်ဘိုးဘွားတို့ အမြော်အမြင်နှင့် ရေအကြောင်း၊ မြေအကြောင်း ကောင်းစွာသိနားလည်ကြသည့် နိုင်ငံသားများ၊ မိမိနိုင်ငံပိုင်နက်နယ်မြေကို ရေဝေရေလဲဒေသအထိ ပိုင်ဆိုင်အောင် စွမ်းဆောင်ခဲ့ကြသူနိုင်ငံသားများ၊ ရေဆုံး ရေဖျားအထိ လုပ်ကိုင်တတ်သည့် မြန်မာ့စိတ်ဓာတ်အရင်းခံ အလေ့အကျင့်ကောင်းများ လက်ဆင့်ကမ်းထိန်းသိမ်းထားခဲ့ကြသည့် အကျိုးဆက်အဖြစ် Water Dispute, Water Politics, Water War တို့ကို ကြုံတွေ့ရခြင်းမရှိ ရေမြေသယံဇာတနှင့်ပတ်သက်၍ ပြည့်စုံကြွယ်ဝသည့် အကျိုးကျေးဇူးများ ခံစားကြရပါသည်။

မြန်မာနိုင်ငံ၏ မြေပေါ်ရေပမာဏ စုစုပေါင်း ၁၀၈၁ ဒသမ ၈၈၅ ကုဗမီတာ၊ မြေအောက်ရေပမာဏ ၄၉၄ ဒသမ ၇၁၃ ကုဗမီတာ စုစုပေါင်း ၁၅၇၆ ဒသမ ၅၉၈ ကုဗမီတာရှိသည်ဟု ခေတ်သစ်သိပ္ပံပညာရှင်များ၏ ဖော်ထုတ်ချက်များအရ ရေအရင်းအမြစ်ပေါကြွယ်ဝသည့် နိုင်ငံဖြစ်သည်ကိုလည်း မှတ်သားရပါသည်။

သို့ရာတွင် သိသာထင်ရှားလှသည့် မြို့ပြနှင့် ကျေးလက်နေ လူဦးရေ တိုးပွားနှုန်းမြင့်မားလာခြင်း၊ ရေဝေရေလဲဒေသ သစ်တောကြီးများ ပျက်စီးဆုံးရှုံးနေခြင်း၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာခြင်း၊ ရာသီဥတုဖောက်ပြန်လာခြင်း အကျိုးဆက်များကြောင့် ရေကောင်း ရေသန့်ရှားပါးလာခြင်းကို မြို့ပြနှင့် ကျေးလက်ဒေသနေ ပြည်သူများ ရင်ဆိုင်ကြုံတွေ့လာရပြီး နေ့စဉ်ဘဝ အခြေခံလိုအပ်ချက်ဖြစ်သည့် သောက်သုံးရေအတွက် တန်ဖိုးကြီးမားစွာ ပေးဆပ်နေရသည့် အချိန်နှင့်လုပ်အား လျှော့ပါးသက်သာစေရေး ထိရောက်မှန်ကန်သည့် အစီအမံများဖြင့် ရေရှည်အခွင့်အလမ်း တစ်ရပ်အဖြစ် ဆောင်ရွက်ပေးရမည်ကိုမူ သတိချပ်ရပေမည်။

ကျေးလက်ဒေသနေ ပြည်သူ ၇၀ ရာခိုင်နှုန်းခန့်၏ လူမှုစီးပွားဘဝ မြှင့်တင်ရေးလုပ်ငန်းအစိတ်အပိုင်းတစ်ရပ်ဖြစ်သည့် ကျေးလက်ဒေသ ရေကောင်းရေသန့် ရရှိရေး လုပ်ငန်းကိုမူ ရေရှည်လုပ်ငန်းတစ်ရပ်အနေဖြင့် ယခင်အစိုးရလက်ထက်ကပင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သကဲ့သို့ နိုင်ငံတော်အစိုးရသစ် တာဝန်ယူသည့်ကာလတွင်လည်း နယ်စပ်ရေးရာဝန်ကြီးဌာနအောက်တွင် ယခင်စည်ပင်သာယာရေးဦးစီးဌာနကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအဖြစ် ၇-၆-၂၀၁၂ ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့ပါသည်။

ဦးစီးဌာန၏ မူဝါဒ(Policy)မှာ ကျေးလက်ဒေသလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်ပါသည်။ ဦးစီးဌာန၏ ရည်မှန်းချက်များ(Aims)မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်ကို ဝိုင်းဝန်းဆောင်ရွက်ပေးရန်၊ ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်နှင့် မြို့ပြနှင့်ကျေးလက်လူမှုစီးပွားဘဝ ကွာဟမှုကျဉ်းမြောင်းစေရန်၊ မြန်မာ့ကျေးလက်ယဉ်ကျေးမှုကို ထိန်းသိမ်းရန်တို့ ဖြစ်ပါသည်။

မြန်မာ့ကျေးလက် ယဉ်ကျေးမှုသည် ကျေးလက်လူနေမှုဓလေ့ထုံးတမ်းများပေါ် တည်မှီပေါက်ဖွားခဲ့ခြင်းဖြစ်၍ ရပ်ရွာများတွင် ရေချမ်းစင်ဆောက်လုပ်လှူဒါန်းခြင်းမှအစ ရေတွင်း ရေကန် တူးဖော်လှူဒါန်းသည့် ဒါနကောင်းမှုများတိုင် အလှူရှင်၏ စွမ်းနိုင်သည့် စေတနာဆန္ဒအလျောက် ဆောင်ရွက်ခဲ့ကြသည်ကို မြင်တွေ့ကြရပေမည်။ အလျဉ်းသင့်၍ စာရေးသူအနေဖြင့် တင်ပြလိုသည်မှာ ချစ်မြတ်နိုးစရာ ကျေးလက် ရေချမ်းစင်ဓလေ့သည် ရပ်ဝေးမှ ခရီးပန်းလာသူကို ပင်ပန်းနွမ်းနယ်မှု ပြေပျောက်စေပြီး ကုန်ကျစရိတ်အနည်းဆုံးနှင့် အထိရောက်ဆုံးသော ဒါနဖြစ်သည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ယခင်စည်ပင် သာယာရေးဦးစီးဌာန)အနေဖြင့် စေတနာရှင်ပြည်သူတို့၏ လှူဒါန်းငွေနှင့် နိုင်ငံတော်၏ဆန္ဒဖြစ်သည့် နိုင်ငံတော်ထောက်ပံ့ငွေတို့ဖြင့် စေတနာ၊ ဆန္ဒနှစ်ရပ်ပေါင်းစပ်ပြီး ကိုယ့်အားကိုယ်ကိုးစိတ်ဓာတ်ဖြင့် ၂၀၀၁ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ (တွင်းတိမ်၊ တွင်းနက်၊ လက်တူးတွင်း၊ စိမ့်စမ်းရေသွယ်ခြင်း၊ မိုးရေကန်)စသည့် သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများအား တိုင်းဒေသကြီး၊ ပြည်နယ်(၁၄)ခုတွင် လုပ်ငန်းပေါင်း ၇၇၁၁၄ ခုနှင့် လွှမ်းခြုံအကျိုးပြုကျေးရွာပေါင်း ၂၅၈၄၁ ရွာအထိ ဆောင်ရွက်ခဲ့ကြသည်ကို စာရေးသူတို့အနေဖြင့် ကိုယ်တိုင်လည်းတတ်စွမ်းသမျှလှူ တစ်ပါးသူများကိုလည်း နှိုးဆော်တိုက်တွန်း၊ စေတနာအင်အားကြီးမားပြီး များစွာလှူဒါန်းကြသည့် ပုဂ္ဂိုလ်များကိုလည်း ချီးမွမ်း၊ အလှူရှင်မိသားစုများနှင့်လည်း စိတ်သဘောတူမျှကာ ရေအကျိုး(၁၀)ပါး အလှူဒါနများကို ပြန်ပြောင်းအောက်မေ့သတိရပြီး မုဒိတာပွားကာ ပီတိဖြစ်ရပါသည်။

စေတနာရှင်ပြည်သူတို့၏ ထက်သန်သောသဒ္ဓါတရားဖြင့် လှူဒါန်းငွေမှာ မြန်မာကျပ်ငွေ ၂၇၁၆ ဒသမ ၁၅ သန်း၊ အမေရိကန်ဒေါ်လာ ၇၇၉၅၂၊ ယူရိုငွေ ၇၇၀၊ FEC ၁၀၀၁၂၊ ထို့ပြင် အပူပိုင်းဇုန်(Dry Zone)နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတို့တွင် စုစုပေါင်း ၂၇၃၄ တွင်းကို ၂၀၀၀-၂၀၀၁ မှ ၂၀၀၁-၂၀၀၉ ထိ ၁၀ နှစ်အတွင်း ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကံအကြောင်းသင့်အကျိုးပေးမည့် ပါရမီမြောက် မြင့်မြတ်သည့်လုပ်ငန်းကို လုပ်ကိုင်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂ နိုင်ငံတကာကလေးများရန်ပုံငွေ(UNICEF) အစီအစဉ်အရ ၁၉၉၇-၁၉၉၈ ခုနှစ်မှ ၂၀၁၁-၂၀၁၂ အထိ ငါးနှစ်စီမံကိန်း သုံးကြိမ်တွင်လည်း လွှမ်းခြုံအကျိုးပြု ကျေးရွာပေါင်း ၈၉၇၄ နှင့် ရေတွင်း၊ ရေကန် စုစုပေါင်း ၈၉၇၄ တွင်း တူးဖော်ဆောင်ရွက်ပေးနိုင်ခဲ့သည့် ကမ္ပည်းမှတ်တမ်းများ တင်ကျန်ရစ်ခဲ့သည်ကို ကျေးလက်တောရွာများတွင် အထင်အရှားတွေ့မြင်ကြရမည် ဖြစ်ပါသည်။

ထိုစဉ်က စည်ပင်သာယာရေး ဦးစီးဌာနသည် တစ်တိုင်းပြည်လုံး အတိုင်းအတာဖြင့် မြို့ပြနှင့်ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့ခြင်းကို လုပ်ငန်းများပြီးမြောက် အောင်မြင်သည်အထိ အလှူရှင်များနှင့် ပူးပေါင်းကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည်မှာ မိမိတို့ဘဝတိုးတက်ကြီးပွား အောင်မြင်ရခြင်းထက် ငယ်ရွယ်စဉ်က ကျေးလက်ဒေသများတွင် နေထိုင်ကြီးပြင်းခဲ့ကြပြီး နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ အလှူရှင်ပြည်သူများ၏ စေတနာဆန္ဒတို့သည် အမိမြေ ကျေးဇူးဆပ်တရားသာ ဖြစ်ပေမည်။

နိုင်ငံတော်သစ်ကာလ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ဒေသ ရေကောင်းရေသန့် ရရှိရေးလုပ်ငန်းကို တိုင်းဒေသကြီး/ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၌ ကျေးရွာပေါင်း ၆၀၀ တွင် လုပ်ငန်းပေါင်း ၆၀၀ ကို ကုမ္ပဏီ၊ အဖွဲ့အစည်းများနှင့် Open Tender စနစ်ဖြင့် ဆောင်ရွက်ခဲ့ကြပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး/ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ကျေးရွာပေါင်း ၇၀၀ တွင် ရေပေးဝေရေးလုပ်ငန်းပေါင်း ၇၀၀ အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ အပူပိုင်းဒေသအတွင်း ကျရောက်နေသည့် တိုင်းဒေသကြီးသုံးခုရှိ မြို့နယ်များတွင် ရေတွင်းပေါင်း ၈၇ တွင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)တို့ ပူးပေါင်း၍ တွင်းနက် ပေ ၁၀၀၀ ကျော် တူးဖော်နိုင်သည့် တွင်းတူးစက်ကြီးများ အသုံးပြု၍ နည်းပညာနှင့် အတတ်ပညာပိုင်းဆိုင်ရာ အင်ဂျင်နီယာအရာရှိများ၊ ကျွမ်းကျင်လုပ်သားများဖြင့် ရေရရှိရေးလုပ်ငန်းများကို ငါးနှစ်စီမံကိန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ရေရရှိရေး ရေရှည် အခွင့်အလမ်းအတွက် အကောင်အထည်ဖော် ဆောင်ရွက်မည့်အစီအမံမှာ တစ်နိုင်ငံလုံးတွင် ကျေးရွာပေါင်း ၆၄၉၁၇ ရွာရှိသည့်အနက် ၂၀၀၁-၂၀၀၂ မှ ၂၀၃၀-၂၀၃၁ ထိ ဘဏ္ဍာရေးနှစ်အလိုက် နှစ် ၃၀ စီမံကိန်းဖြင့် အကောင်အထည်ဖော်မည်ဖြစ်ပြီး ၂၀၁၁-၂၀၁၂ ခုနှစ်အထိ ကျေးရွာပေါင်း ၂၅၄၈၁ ရွာ ဆောင်ရွက်ခဲ့ပြီး ဆောင်ရွက်ရန် ကျန် ၃၉၄၃၆ ရွာအနက် ပဉ္စမကာလတို ငါးနှစ်စီမံကိန်း ၂၀၁၁-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ ဆောင်ရွက်ရန် ကျေးရွာပေါင်း ၅၆၁၁ ရွာ လျာထားခဲ့ပြီး ၂၀၃၀-၂၀၃၁ ဘဏ္ဍာရေးနှစ်ထိ နှစ်ရှည်စီမံကိန်းတွင် ၃၃၈၂၅ ရွာကို ပြီးမြောက်အောင် လက်ဆင့်ကမ်းကြိုးပမ်းဆောင်ရွက်သွားကြမည်ဖြစ်ပါသည်။

ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ဆက်စပ်ဆောင်ရွက်လျက်ရှိသော ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ ကုမ္ပဏီ/လုပ်ငန်းအဖွဲ့အစည်းများအနေဖြင့် အမိမြေကျေးလက်ဒေသများ ကြီးပွားတိုးတက်စေလိုသည့်ဆန္ဒ၊ ကျေးလက်ဒေသနေ ပြည်သူလူထု ကိုယ်တိုင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နားလည်တတ်သိအောင်မြင်ရန် ကျင့်ကြံအားထုတ် ဆောင်ရွက်နိုင်စေရန် ကူညီလိုသည့်ဆန္ဒ၊ စေတနာအပြည့်အဝဖြင့် လူထုအကျိုး ဆောင်ရွက်ပေးလိုသည့်ဆန္ဒတို့ဖြင့် ကြောင်းကျိုးညီမျှ ဖော်ဆောင်ကြပါက ကျေးလက် ဖွံ့ဖြိုးရေးမှသည် တိုင်းပြည်ကြီးပွားရေးသို့ တူရူသော ရေရှည်အခွင့်အလမ်းအဖြစ် အလျင်အမြန်ဖန်တီး ဖော်ဆောင်နိုင်ကြပါစေကြောင်း မြန်မာ့နွေဦးသံစဉ် (Spring Myanmar)ကို အားသစ်လောင်း တင်ပြအပ်ပါသည်။

အစဉ်ပီတိလေး မပျောက်ကွယ်စေချင်

ဖျာပုံ မတ် ၃

မြန်မာနိုင်ငံအတွင်းရှိ ယာဉ်စည်းကမ်း လမ်းစည်းကမ်းလိုက်နာမှု အားနည်းနေခြင်းများကို စဉ်ဆက်မပြတ်မြင်တွေ့နေရသည်မှာ အမှန်ပင်ဖြစ်သည်။ ဖျာပုံမြို့ ဧရာဝတီသဘော်ဆိပ်တွင် သတင်းစာများ၌ နှစ်ကြိမ်ဖော်ပြပါရှိပြီးနောက် ယခုအခါ မြို့နယ်စည်ပင်အဖွဲ့နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် နေ့စဉ်နံနက် ညနေ လူစည်ကားရာအချိန်၊ ယာဉ်ရပ်နားမှုအများဆုံးအချိန်များတွင် ဆိုင်ကယ်၊ ဆိုက်ကား၊ စက်ဘီး၊ ထော်လာဂျီများကို ဖြူနီကျားယာဉ်မရပ်ရသည့်နေရာများတွင် ရပ်နားခြင်းမပြုစေခြင်း၊ ယာဉ်နှစ်ထပ်ရပ်နားခြင်း၊ လမ်းလယ်လူအတင်အချလုပ်နေခြင်းများကို စည်းကမ်းတကျ လမ်းညွှန်ဖယ်ရှား ပညာပေးဆောင်ရွက်နေခြင်းကို မင်္ဂလာရှိစွာ မြင်တွေ့နေရသဖြင့် **(အပေါ်ပုံ)** ဖျာပုံမြို့ ဈေးဝယ်လာသူများ၊ ဈေးသူ ဈေးသားများ၊ လုပ်ငန်းရှင်များ ဝမ်းသာပီတိဖြစ်နေကြသဖြင့် ယခုလို ဆောင်ရွက်နေခြင်းအတွက် တခဏတာ ဆောင်ရွက်နေခြင်း မဟုတ်ဘဲ မြို့ဂုဏ်သိက္ခာနှင့် ညီညွတ်စွာ စည်းကမ်းတကျ နေ့စဉ်ဆောင်ရွက်သင့်ကြောင်း ပြည်သူလူထုက လိုလားတောင့်တလျက်ရှိသည်။

အဆိုပါ ဧရာဝတီသဘော်ဆိပ်နှင့် ဆယ်နာရီဈေးလမ်းဆုံ နေရာသည် ဖျာပုံမြို့၏ လူစည်ကားရောင်းဝယ်ရာ နေရာတစ်ခုဖြစ်ပြီး ဆိုင်ကယ် ကယ်ရီဂိတ်ကို သီးခြားသတ်မှတ်ထားမှု မရှိခြင်းသည်လည်း ယာဉ်စည်းကမ်းလိုက်နာမှု အားနည်းနေခြင်းဖြစ်ပြီး ဆိုင်ကယ်ကယ်ရီ၊ ဆိုက်ကားများကို သင့်လျော်သောနေရာများတွင် ဂိတ်သီးခြား သတ်မှတ်ပေးသင့်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

(ချမ်းသာ)

BCIM Car Rally 2013
လေးနိုင်ငံခရီးကြမ်းယာဉ်တန်း ရွှေလီမြို့သို့ထွက်ခွာ

မူဆယ် မတ် ၃

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကျင်းပသော (၁၁)ကြိမ်မြောက် ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ မြန်မာစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဖိုရမ်ကို ဂုဏ်ပြုသည့်အထိမ်းအမှတ်အနေဖြင့် BCIM Car Rally 2013 လေးနိုင်ငံခရီးကြမ်းကားမောင်းပြိုင်ပွဲကို ပထမဆုံးအနေဖြင့် ဖေဖော်ဝါရီ ၂၂ ရက်က အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့မှ စတင်ထွက်ခွာလာရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၊ အိန္ဒိယနိုင်ငံ မိုရေးမြို့၊ မြန်မာနိုင်ငံတမူးမြို့၊ မန္တလေးမြို့၊ လားရှိုးမြို့သို့ ဖြတ်ကျော်လာပြီး ခုနစ်ရက်မြောက်သော မတ် ၁ ရက် ည ၈ နာရီတွင် မူဆယ်မြို့အဝင် (၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးစခန်း ကြိုဆိုရေးမုခ်ဦးသို့ ချောမောစွာ ရောက်ရှိလာကြသည်။

မြန်မာနိုင်ငံမှ တာဝန်ရှိသူများက ကားမောင်းပြိုင်ပွဲ အားကစားသမားများအား ကြိုဆိုကြပြီး ရှမ်းတိုင်းရင်းသား၊ ပလောင်တိုင်းရင်းသား ရိုးရာအကဖြင့် ကြိုဆိုဖျော်ဖြေကြကာ (၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးစခန်းတွင် ညစာဖြင့် တည်ခင်းဧည့်ခံကာ ည ၉ နာရီခွဲတွင် နယ်စပ်မြို့မူဆယ်၊ နန်းတော်ဂိတ်မှ တရုတ်နိုင်ငံ ရွှေလီမြို့သို့ ဆက်လက်ထွက်ခွာသည်။ ခရီးဆုံးပန်းတိုင်အဖြစ် တရုတ်နိုင်ငံ ကူမင်းမြို့တွင် မတ် ၅ ရက်၌ ပန်းဝင်မည်ဖြစ်သည်။

အဆိုပါ ကားမောင်းပြိုင်ပွဲတွင် ကားစီးရေ ၁၉ စီးနှင့် ပြိုင်ပွဲဝင်အားကစားသမားပေါင်း ၇၈ ဦး ပါဝင်ယှဉ်ပြိုင်ကြကာ မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင် အားစားသမားများထဲတွင် Model နှင့် ရုပ်ရှင်သရုပ်ဆောင် အေးမြတ်သူ၊ ကောင်းခန့်၊ ထက်ထက်စုလှိုင်တို့လည်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

အယ်လ်စိုး(Iprd)

ထင်းပုံပြိုကျရာမှ သီလရှင်နှစ်ပါးသေဆုံး

ပြင်ဦးလွင် မတ် ၃

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၁)၊ (၁၃) ညံကွဲရပ်ကွက်အတွင်း ကျောင်းထိုင်ဆရာကြီး ဒေါ်နန္ဒသီရိ ရွှေဆင်မင်းမယ်သီလရှင်ကျောင်းတိုက်အတွင်း၌ မတ် ၁ ရက် ညနေ ၅ နာရီက ရေချိုးကန်တွင် ရေချိုးနေသော သီလရှင်များအနီးရှိ ထင်းပုံပြိုကျပြီး အုတ်နံရံနှင့် ရေကန်ကြား၌ အုတ်ပိ၍ မယ်သီလရှင်နှစ်ပါး သေဆုံးပြီး တစ်ပါးဒဏ်ရာရမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရွှေဆင်မင်း မယ်သီလရှင်စာသင်ကျောင်းတွင် ပညာသင်ကြားနေသော (လူအမည် မလဲ့လဲ့ဦး) သီလရှင်ဘွဲ့အမည် မဝိစာရီ အသက် ၂၁ နှစ်နှင့် နမ့်စန်မြို့နေ မလောင်ခမ်း သီလရှင်ဘွဲ့အမည် မဝိစာရကာဉာဏီ အသက် ၁၄ နှစ် ကျောက်မဲမြို့နေသူတို့မှာ ကျောင်းအတွင်းရှိ ထင်းပုံပြိုကျပြီး အုတ်နံရံနှင့် ရေကန်ကြား၌ အုတ်များပိ၍ သေဆုံးနေသည်ကို တွေ့ရှိရ၍ မသင်းသင်းခိုင် အသက် (ခုနစ်နှစ်) ခေါင်းနှင့် ဘယ်ဘက်အနည်းငယ် ဒဏ်ရာရရှိလျက် တွေ့ရှိရသည်။

အခင်းဖြစ်ပွားရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ စခန်းမှူး၊ နယ်ထိန်းအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့များက သွားရောက်၍ ထင်းပုံအတွင်းမှ အလောင်းများကို ဖယ်ယူပြီး သန္တိသုခနာရေးယာဉ်နှစ်စီးနှင့် ဆေးရုံသို့သယ်ယူ၍ ဒဏ်ရာရရှိသူ မသင်းသင်းခိုင်ကို ဆေးကုသရန် ဆေးရုံသို့ အမြန်ဆုံးပို့ဆောင်ပေးခဲ့ပြီး ပြိုကျသော ထင်းပုံမှာ အမြင့်ကိုးပေ၊ အကျယ် ၁၂ ပေ၊ အလျား ၂၅ ပေရှိပြီး အုတ်တံတိုင်းမှာ အမြင့် ငါးပေနှင့် အလျား ၂၅ ပေရှိကြောင်း သိရသည်။

(ဝ၃၂)

အမျိုးသမီးတစ်ဦး ဓာတ်လိုက်သေဆုံး

တပ်ကုန်း မတ် ၃

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ ဘုရင့်နောင် ရပ်ကွက်တွင် ဖေဖော်ဝါရီ ၂၇ ရက်က ဓာတ်လိုက်မှုဖြစ်ပွားပြီး အမျိုးသမီးတစ်ဦးသေဆုံးကာ တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တပ်ကုန်းမြို့ ဘုရင့်နောင်ရပ်ကွက်နေ ဦးအောင်ကျော်ထွန်း(မြင့်မိုရ်ဆေးဆိုင်)၏ ဇနီး ဒေါ်ဝင်း ၅၄ နှစ်သည် တူမဖြစ်သူ ရေမော်တာမောင်းနေစဉ် ရေပိုက်ကျွတ်ထွက်သွား၍ ပြန်လည်တပ်ဆင်ရန် ကြိုးစားရာမှ ကြမ်းပြင်ပေါ်သို့ ချော်လဲသဖြင့် ပေါက်ပြဲနေသော လျှပ်စစ်ဝိုင်ယာကြိုးမှတစ်ဆင့် ကြမ်းပြင်ပေါ် ကျလာသည့် ရေများတွင် လျှပ်စီးမှုဖြစ်ပေါ်ကာ ဓာတ်လိုက်ခဲ့သည်။ အော်သံကြားသဖြင့် ဒေါ်ဝင်းသည် ရေချိုးရင်းတန်းလန်းနှင့် တူမဖြစ်သူကို လာရောက်ကူညီပေးရာမှ ထပ်မံဓာတ်လိုက်ပြီး နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးခဲ့ခြင်းဖြစ်ကြောင်း တစ်ရပ်ကွက်တည်းနေ အိမ်နီးနားချင်းတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ ယင်းဓာတ်လိုက်မှုကြောင့် တူမဖြစ်သူ ဒဏ်ရာရရှိခဲ့သဖြင့် ဆေးရုံသို့ တင်ပို့ထားကြောင်း သိရသည်။

အကြံပြုရေးသား

ထိုကဲ့သို့သော မလိုလားအပ်သည့် ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပွားစေရန် ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းများ၊ မီးကြိုးများကို မသုံးစွဲကြရန်နှင့် ယင်းပစ္စည်းများကို လျှပ်စစ်စီးနိုင်သော စိုစွတ်သည့်နေရာများတွင် မထားရန်၊ လျှပ်စစ်ပစ္စည်းများကို မီးဒဏ်ခံနိုင်သော နေရာများတွင်သာ တပ်ဆင်အသုံးပြုရန် အကြံပြုရေးသားလိုက်ရပါသည်။

မောင်လွင်(မြန်မာ့အလင်း)

◆ *ကျောဖုံးမှ*

ပွဲချိန် ၂၁ မိနစ်တွင် ရန်ကုန်အသင်းတိုက်စစ်မှူး စောနိုင်မိုးအောင် မကွေးကွင်းလယ်မှ တစ်ကိုယ်တော်ဆွဲပြေးလာပြီး နောက်တန်းများကို ကျော်ဖြတ်ကာ လုလုပပ သွင်းယူနိုင်သဖြင့် ရန်ကုန်အသင်း ဦးဆောင်ဂိုးစတင်ရရှိသွားသည်။ ရန်ကုန် ဂိုးသွင်းပြီးနောက် ကွင်းလယ်တည်ဘောမှတစ်ဆင့် မကွေးရှေ့တန်းကစားသမား ထက်ဝေလင်းက ဂိုးသမားကို ကျော်ပြီး သွင်းယူသွားခဲ့သဖြင့် ပထမပိုင်းတွင် တစ်ဂိုးစီသရေ ဖြစ်နေခဲ့သည်။

ဒုတိယပိုင်း ပွဲစပြီး ၂ မိနစ်မှာပင် ရန်ကုန်တိုင်းဒေသကြီးအသင်း တိုက်စစ်မှူး ဝေလု တစ်ကိုယ်တော်ဆွဲပြေးပြီး နောက်တန်းလူများ ကပ်ထားသည့်ကြားမှ ဒုတိယဂိုးကို သွင်းယူပေးခဲ့သည်။ ၈ မိနစ်တွင် ရန်ကုန်တိုက်စစ်မှူး စောနိုင်မိုးအောင် ဂိုးသမားကိုပါလိမ်ပြီး အနေတော်ပြန်ချပေးသည်ကို ဆက်ဖြိုးဝေက တတိယဂိုးအဖြစ် သွင်းယူခဲ့သည်။ မိနစ် ၂၀တွင် မကွေးတိုင်းဒေသကြီးအသင်း တန်ပြန်တိုက်စစ်မှတစ်ဆင့် ဘယ်ခြမ်းမှ ဖြတ်တင်သည်ကို မကွေးတိုက်စစ်မှူး ထက်ဝေလင်းက ခေါင်းတိုက်သွင်းယူသဖြင့် မကွေးတိုင်းဒေသကြီး ဒုတိယဂိုးရပြီး သုံးဂိုး-နှစ်ဂိုး ဖြစ်လာသည်။ မကွေးတိုင်းဒေသကြီးမှာ အားတက်လာပြီး အဝေးဘောများဖြင့် တိုက်စစ်ဆင်သော်လည်း ရန်ကုန်နောက်တန်းကို မကျော်နိုင်ပေ။ ရန်ကုန်အသင်းမှာ ကွင်းလယ်ကစားအားကောင်းသဖြင့် မကွေးကို တွဲလုံးများဖြင့် တိုက်စစ်ဆင်ရာ ဘယ်ခြမ်းမှ လူစားဝင်လာသူ နောင်လင်းထက် ခင်းပေးသည်ကို ကျော်သူရိန်က နောက်တန်းလူအချို့ကိုပါလိမ်ပြီး လုလုပပ သွင်းယူသဖြင့် ရန်ကုန်တိုင်းဒေသကြီးအသင်း စတုတ္ထဂိုးရသွားသည်။ ထို့နောက် ရန်ကုန်ကပင် အခွင့်အရေးများစွာရရှိပြီး အသုံးမချနိုင်သဖြင့် ဂိုးများ ထပ်မံမရတော့ပေ။ ထပ်ဆောင်းအချိန်ပို ၇ မိနစ်တွင် မကွေးတိုင်းဒေသကြီးအသင်း ကွင်းလယ်ကစားသမား ပြုံးမောင်မောင် အဖျက်ကြမ်းသဖြင့် အနီကတ်ဖြင့် အထုတ်ခံခဲ့ရသည်။ ရန်ကုန်တိုင်းဒေသကြီးအသင်းမှာ အနိုင်ဂိုးများကို ထိန်းကစား သွားသဖြင့် ပွဲအပြီးတွင် လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရကာ ဗိုလ်လုပွဲသို့ တက်သွားသည်။ နောက်ဆုံးဗိုလ်လုပွဲကို မတ် ၇ ရက် ညနေ ၃ နာရီတွင် ကစားမည်ဖြစ်သည်။

✱ *ကျောဖုံးမှ*

နေ့လယ်ပိုင်းတွင် အမျိုးသား (ဆန်းဆို)ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ ၄၈ ကီလိုတန်းတွင် ဝေယံလင်း(ပဲခူး)က ပထမ၊ ကျော်ဇင်ဝင်း(ရှမ်း)က ဒုတိယ၊ အောင်ချမ်းသာ(ပဲခူး)နှင့် ချမ်းမြေ့လှိုင်(တနင်္သာရီ)တို့က ပူးတွဲတတိယရရှိပြီး ၅၆ ကီလိုတန်းတွင် ရာစုမောင်(မန္တလေး)က ပထမ၊ ဇော်မိုးအောင်(ပဲခူး)က ဒုတိယ၊ ချစ်ကိုကို(ချင်း)နှင့် ဝေလင်းအောင်(မန္တလေး)တို့က ပူးတွဲတတိယရရှိကြသည်။ ၆၀ ကီလိုတန်းတွင် ကျော်လင်းထွန်း(ဧရာဝတီ)က ပထမ၊ ကျော်နိုင်ဦး(မန္တလေး)က ဒုတိယ၊ သန်းဇော်(မွန်)နှင့် သူရိန်လင်း(ပဲခူး)တို့က ပူးတွဲတတိယရပြီး ၆၅ ကီလိုတန်းတွင် မျိုးကို(ရန်ကုန်)က ပထမ၊ နိုင်နိုင်လင်း(ပဲခူး)ကဒုတိယ၊ စိုင်းမျိုးသန့်(တနင်္သာရီ)နှင့် အာကာ(မွန်)တို့က ပူးတွဲတတိယအသီးသီးရရှိကြောင်း သိရသည်။

လက်ဝှေ့

ဆီးဂိမ်းအကြို ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ လက်ဝှေ့ပြိုင်ပွဲများကို လေ့ကျင့်ရေးကွင်း(၁)၌ ဆက်လက်ကျင်းပရာ အမျိုးသား အမျိုးသမီးပွဲစဉ်ပေါင်း ၁၄ ပွဲ ယှဉ်ပြိုင်ကစားကြသည်။

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ လက်ဝှေ့ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်နှစ်ဦး ယှဉ်ပြိုင်ထိုးသတ်စဉ်။

အမျိုးသမီး ၄၆ ကီလိုတန်းတွင် နှင်းအိဖြူ(တနင်္သာရီ)က ယဉ်ယဉ်အောင်(စစ်ကိုင်း)ကို ၅-၀ ဖြင့် လည်းကောင်း၊ နီနီကို(မန္တလေး)က သီတာဦး (ဧရာဝတီ) ကို ၃-၂ ဖြင့် လည်းကောင်း၊ ၄၈ ကီလိုတန်းတွင် နှင်းမို့မို့နိုင်(ရှမ်း)က နွယ်နီဦး(ပဲခူး)ကို ၅-၀ဖြင့် လည်းကောင်း၊ ၅၁ ကီလိုတန်းတွင် ခင်နှောင်းတင့်(ချင်း)က ထက်ထက်ခိုင်(တနင်္သာရီ)ကို ၃-၂ ဖြင့်လည်းကောင်း၊ ၅၇ ကီလိုတန်းတွင် ခတ္တာစုလှိုင် (မန္တလေး)က ဘယ်ရောနီက (ရှမ်း)ကို တတိယအချီ လက်ရည်မမျှ၍ ဒိုင်ပွဲရပ် ဖြင့်လည်းကောင်း၊ အမျိုးသား ၄၉ ကီလိုတန်းတွင် လင်းထွဋ်ပိုင်(ဧရာဝတီ)က မောင်ရှိန်း(ချင်း)ကို ၅-၀ ဖြင့်လည်းကောင်း၊ မောင်ငယ်(ရှမ်း)က ရန်မျိုးအောင်(ကချင်)ကို ၅-၀ ဖြင့် လည်းကောင်း၊ ဝေဖြိုးထွန်း(ရန်ကုန်)က ရဲမင်းဦး(စစ်ကိုင်း)ကို ၅-၀ ဖြင့် လည်းကောင်း၊ ကျော်ထက်အောင်(ကယား)က ဇော်မြင့်မိုး(မွန်)ကို ၅-၀ ဖြင့်လည်းကောင်း၊ အမျိုးသား ၅၂ကီလိုတန်းတွင် အောင်ကိုကို (ဧရာဝတီ)က မင်းကိုကို(ကယား)ကို ၃-၂ ဖြင့်လည်းကောင်း၊ ဆက်နိုင်ဦး(တနင်္သာရီ)က ဇေယျာမင်းသွင် (ရှမ်း)ကို ပထမအချီတွင် အလဲထိုး၍လည်းကောင်း၊ ထက်အောင်(ရန်ကုန်)က ဇော်မြင့်နောင်(ချင်း)ကို ပထမအချီတွင် ဆက်လက်မယှဉ်ပြိုင်နိုင်၍ လည်းကောင်း၊ ၆၉ ကီလိုတန်းတွင် မျိုးကျော်သူ (ဧရာဝတီ)က နေလင်းအောင်(တနင်္သာရီ)ကို ၃-၂ ဖြင့် လည်းကောင်း၊ ၈၁ကီလိုတန်းတွင် အေးမင်း(မွန်)က ကျော်မင်းဦး(ရခိုင်)ကို ဒုတိယအချီတွင် လက်ရည်မမျှ၍ ဒိုင်ပွဲရပ်ဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိကြသည်။

ရိုးရာလက်ဝှေ့(မွေ့)ပွဲ

ဆီးဂိမ်းအကြို ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ ရိုးရာလက်ဝှေ့(မွေ့)ပြိုင်ပွဲကို မတ် ၃ ရက်မှစတင်၍ လေ့ကျင့်ရေးကွင်း၌ ကျင်းပရာ အမျိုးသားပွဲစဉ် ၁၁ ပွဲ နှင့် အမျိုးသမီးပွဲစဉ်လေးပွဲ ယှဉ်ပြိုင်ထိုးသတ်ကြသည်။

အမျိုးသား ၄၅ ကီလိုတန်းတွင် မိုးသီး(ရန်ကုန်)က မျိုးထွန်း (ကရင်)ကိုလည်းကောင်း၊ ၄၈ ကီလိုတန်းတွင် မျိုးမြင့်(ကရင်)က အောင်စည်သူ(ပဲခူး)ကိုလည်းကောင်း၊ ၅၇ ကီလိုတန်းတွင် စောဝီလျံ(ကရင်)က ဆန်းထွန်းဝင်း(ကယား)ကိုလည်းကောင်း၊ မင်းသူ(မကွေး)က လင်းထက်အောင် (ရခိုင်)ကိုလည်းကောင်း၊ ၆၀ ကီလိုတန်းတွင် တင်အောင်စိုး(ရခိုင်)က သော်ဇင်ဦး(တနင်္သာရီ)ကို လည်းကောင်း၊ ကျော်ထူးအောင် (ကယား)က အာကာစိုး(ကရင်)ကို လည်းကောင်း၊ ၆၃ ကီလိုတန်းတွင် စိုးလင်းဦး(ရန်ကုန်)က ပြည့်စုံအောင်(တနင်္သာရီ)ကို လည်းကောင်း၊ ၆၇ ကီလိုတန်းတွင် မင်းဌေးစံ(ကရင်)က မင်းနိုင်(ရခိုင်)ကို လည်းကောင်း၊ မောင်တူး(မကွေး)က စောပကရေမှူး(တနင်္သာရီ)ကို လည်းကောင်း၊ ၇၁ ကီလိုတန်းတွင် ထွန်းထွန်းမင်း(မွန်)က စောအောင်ပွင့်(ကရင်)ကို လည်းကောင်း၊ ရန်ကြီးအောင်(ရန်ကုန်)က ငြိမ်းချမ်း(ရခိုင်)ကို လည်းကောင်း အသီးသီး အနိုင်ရရှိကြပြီး အမျိုးသမီး ၄၈ ကီလိုတန်းတွင် ရွှေစင်ဝင့်ဝါ(တနင်္သာရီ)က စီစီ(ကယား)ကို လည်းကောင်း၊ ၅၁ ကီလိုတန်းတွင် နှင်းအိဆွေ (တနင်္သာရီ)က ချောဆုထွေး(ကယား)ကို လည်းကောင်း၊ ၅၄ ကီလိုတန်းတွင် ဂရေ့(စ်)(မွန်)က နန်းခင်စိုး(မကွေး)ကို လည်းကောင်း၊ ချိုမာထွေး(တနင်္သာရီ)က နေခြည်ထွေး(ကယား)ကို လည်းကောင်း အသီးသီး အနိုင်ရရှိသွားကြသည်။

အမျိုးသမီး ၄၈ ကီလိုတန်းတွင် ယှဉ်ပြိုင်ခဲ့သည့် ရွှေစင်ဝင့်ဝါ(တနင်္သာရီ)က ပြိုင်ဘက်ကို လက်ရည်အသာဖြင့် ထိုးသတ်ခဲ့ပြီး အပေါ်စီးမှ ကစားသွားခဲ့သည်။ ၅၁ ကီလိုတန်းမှ နှင်းအိဆွေ(တနင်္သာရီ)နှင့် ချောဆုထွေး(ကယား)တို့ ပွဲစဉ်၌ ပထမအချီတွင် နှင်းအိဆွေက ဖိထိုးနိုင်ခဲ့ကာ ဒုတိယအချီတွင် ချောဆုထွေးက ပြန်လည်အသာရခဲ့သည်။ နောက်ဆုံးအချီတွင် နှင်းအိဆွေက တရပ်စပ်ထိုးသတ်ခဲ့ပြီး ထိချက်များကောင်း မွန်ခဲ့သည်။

အမျိုးသား ၅၇ ကီလိုတန်းမှ စောဝီလျံ(ကရင်)နှင့် ဆန်းထွန်းဝင်း(ကယား)တို့ ပွဲစဉ်မှာ လက်ရည်မမျှဘဲ ပထမအချီ၌ပင် စောဝီလျံ၏ ထိုးချက်ကို မခံနိုင်ဘဲ အမှတ်စဉ် ရေတွက်ခံရပြီး ဆန်းထွန်းဝင်း ရှုံးနိမ့်ခဲ့သည်။ မင်းသူ(မကွေး)နှင့် လင်းထက်အောင်(ရခိုင်)တို့ ပွဲစဉ်မှာ ကြည့်ကောင်းခဲ့ပြီး အကြိတ်အနယ်ရှိခဲ့သည်။ အနိုင်ရသွားသည့် မင်းသူမှာ ပြိုင်ဘက်၏ ထိုးချက်များကြောင့် နှာခေါင်းမှ သွေးထွက်ခဲ့သော်လည်း ထိုးချက်ကန်ချက်များဖြင့် ပြန်လည်ထိုးသတ်ကာ အနိုင်ယူသွားခဲ့သည်။

မတ် ၄ ရက် မွန်းလွဲပိုင်းတွင် အမျိုးသား ပွဲစဉ် ၁၀ ပွဲနှင့် အမျိုးသမီး ပွဲစဉ် သုံးပွဲ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ ပြေးခုန်ပစ်ပြိုင်ပွဲများကျင်းပ

နေပြည်တော် မတ် ၃

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ ပြေးခုန်ပစ် ပြိုင်ပွဲများကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိ အားကစားပြိုင်ကွင်းအတွင်း၌ မတ် ၃ ရက် နံနက်က ဆက်လက်ကျင်းပသည်။

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ အမျိုးသား မီတာ ၄၀၀ အပြေးပြိုင်ပွဲ ကျင်းပစဉ်။

အမျိုးသားမီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ သက်ဇော်ဝင်းက ၄၈ ဒသမ ၇၂ စက္ကန့်ဖြင့် ပထမရရှိခဲ့ပြီး ရွှေတံဆိပ် ရရှိခဲ့သည်။ ကရင်ပြည်နယ်မှ ကျော်လွှမ်းအောင်က ၄၉ ဒသမ ၉၀ စက္ကန့်ဖြင့် ဒုတိယရရှိခဲ့သည်။

အမျိုးသမီး မီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ စုကြည်အောင်က ၅၅ စက္ကန့်ဖြင့် ပထမရရှိပြီး ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီးအသင်းမှ အေးအေးသန်းက ၅၅ ဒသမ ၆၄ စက္ကန့်ဖြင့် ဒုတိယငွေတံဆိပ်ဆွတ်ခူးခဲ့သည်။

အမျိုးသမီး မီတာ ၄၀၀ တွင် ရွှေတံဆိပ်ရရှိခဲ့သည့် မကွေးတိုင်းဒေသကြီးအသင်းမှ မစုကြည်အောင်သည် ထိုင်းဖိတ်ခေါ်ပြိုင်ပွဲ အမျိုးသမီး မီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် ၅၈ ဒသမ ၆ စက္ကန့်ဖြင့် ငွေတံဆိပ်ရရှိခဲ့ပြီး မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် ၂၅ ဒသမ ၇ စက္ကန့်ဖြင့် ရွှေတံဆိပ်ရရှိခဲ့သူဖြစ်သည်။

မီတာ ၁၀၀၀၀ အပြေးပြိုင်ပွဲ

ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲများကို နေပြည်တော်ရှိ သတ်မှတ်အားကစားကွင်းများ၌ မတ် ၃ ရက်က ဆက်လက်ကျင်းပရာ အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀၀၀ အပြေးပြိုင်ပွဲကို ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ယှဉ်ပြိုင်ရာ အမျိုးသား မီတာ ၁၀၀၀၀ အပြေးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ စိုးနိုင်က ဗိုလ်စွဲခဲ့သည်။

သတင်း - မောင်သစ္စာ
ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

စိုးနိုင်သည် မီတာ ၁၀၀၀၀ ကို ၃၂ မိနစ် ၅၅ ဒသမ ၃ စက္ကန့်ဖြင့် ပြေးပြီး ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။ ဆက်လက်ပြီး ကချင်ပြည်နယ်မှ စိုးမင်းသူက ၃၂ မိနစ် ၅၉ ဒသမ ၆ စက္ကန့်ဖြင့် ဒုတိယ ငွေတံဆိပ်ဆွတ်ခူးခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ကြည်မင်းဦးက ၃၃ မိနစ် ၁၄ ဒသမ ၀၉ စက္ကန့်ဖြင့် တတိယကြေးတံဆိပ်ရရှိခဲ့သည်။

အမျိုးသား မီတာ ၁၀၀၀၀ တွင် ရွှေနှင့်ငွေတံဆိပ်ရရှိသူများက ဆက်လက်စခန်းသွင်း လေ့ကျင့်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံမှ အမျိုးသားမီတာ ၁၀၀၀၀ အပြေးပြိုင်ပွဲတွင် စံချိန်အကောင်းဆုံးရရှိခဲ့သူများမှာ ဆောက်လုပ်ရေးမှ သိန်းဝင်းဖြစ်ပြီး ၁၉၉၃ ခုနှစ်က ၂၉ မိနစ် ၃၇ ဒသမ ၄၀ စက္ကန့်ဖြင့် ပြေးထားခဲ့ခြင်းဖြစ်သည်။ တစ်ဖန် ၁၉၉၄ ခုနှစ်က မြို့တော်စည်ပင်မှ သန်းထွန်းလွင်က ၃၁ မိနစ် ၄၈ ဒသမ ၄၀ စက္ကန့် ပြေးခဲ့ခြင်း ဖြစ်သည်။

အမျိုးသမီးမီတာ ၁၀၀၀၀ အပြေးပြိုင်ပွဲတွင် ဖြူဝါသက်က ၃၅ မိနစ် ၀၈ ဒသမ ၄၁ စက္ကန့်ဖြင့် ပထမရရှိပြီး ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပပက ၃၆ မိနစ် ၀၁ ဒသမ ၃ စက္ကန့်ဖြင့် ဒုတိယ ရရှိခဲ့သည်။

ပဲခူးတိုင်းဒေသကြီး အသင်းမှ မြင့်မြင့်အေးက ၃၇ မိနစ် ၂၈ ဒသမ ၄ စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။ လဲ့လဲ့ထွန်းက စတုတ္ထ၊ သီတာချိုက ပဉ္စမနှင့် သဲစုမွန်က ဆဋ္ဌမ အသီးသီး ရရှိခဲ့ကြသည်။

အမျိုးသမီး မီတာ ၁၀၀၀၀ ကို အကောင်းဆုံး စံချိန်ပြေးနိုင်ခဲ့သူမှာ နယ်စပ်/စည်ပင်မှ ဝင်းဝင်းမာဖြစ်ပြီး ၁၉၉၇ ခုနှစ်က ၃၃ မိနစ် ၅၂ ဒသမ ၂၀ စက္ကန့်ဖြင့် ပြေးထားခဲ့ခြင်းဖြစ်သည်။

အလျားခုန်

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရှိ ဝဏ္ဏသိဒ္ဓိ အားကစားပြိုင်ကွင်းအတွင်း၌ မတ် ၃ ရက် နံနက်က အမျိုးသား အလျားခုန် နောက်ဆုံးဗိုလ်လုပွဲများကို ကျင်းပခဲ့သည်။

အမျိုးသား အလျားခုန်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲများကို ဝဏ္ဏသိဒ္ဓိ အားကစားပြိုင်ကွင်းအတွင်း အရှေ့ဘက်ပြေးလမ်း၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးမှ ထွန်းလတ်က ၆ ဒသမ ၇၈ မီတာခုန်ပြီး ပထမရွှေတံဆိပ်ဆု ဆွတ်ခူး နိုင်ခဲ့ခြင်းဖြစ်သည်။ မွန်ပြည်နယ်မှ အလျားခုန်ကစားသမား ထွန်းလင်းနိုင်က ၆ ဒသမ ၆၁ မီတာခုန်ပြီး ဒုတိယ ငွေတံဆိပ် ဆွတ်ခူးခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အလျားခုန်ကစားသမား ထွန်းထွန်းလင်းက ၆ ဒသမ ၄၃ မီတာခုန်ပြီး တတိယကြေးတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

အမျိုးသား အလျားခုန်ပြိုင်ပွဲ ပထမ ရွှေတံဆိပ်ဆုရ စစ်ကိုင်းတိုင်းဒေသကြီးမှ ထွန်းလတ်။

အမျိုးသား အလျားခုန်ဗိုလ်လုပွဲ၌ ပထမ ရွှေတံဆိပ်ဆုရရှိခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီးမှ ထွန်းလတ်အား တွေ့ဆုံမေးမြန်းခဲ့ရာ “အခု ကျွန်တော်ခုန်ခဲ့တဲ့ စံချိန်က အရင်က ကျွန်တော်ခုန်ခဲ့တဲ့ စံချိန်ထက်ပိုကောင်းပါတယ်။ အရင်က ကျွန်တော် ၆ ဒသမ ၅၀ မီတာခုန်ထားနိုင်ခဲ့တာပါ။ အခုက ၆ ဒသမ ၇၈ မီတာခုန်ထားခဲ့တာမို့ ပိုမိုခုန်နိုင်ခဲ့တာဖြစ်ပါတယ်။ ပြည်ပပြိုင်ပွဲအဖြစ် ထိုင်းတံခွန်စိုက်ဖိတ်ခေါ်ပြိုင်ပွဲရဲ့ ၁၀ မျိုးစုံပြိုင်ပွဲမှာ ပဉ္စမရရှိခဲ့ဖူးပါတယ်။ ကျွန်တော့်အနေနဲ့ လက်ရှိစံချိန်ထက် ပိုကောင်းအောင် ကြိုးစားသွားမှာပါ။ အနည်းဆုံး ၇ မီတာအထိ ရရှိအောင်လေ့ကျင့်သွားမှာဖြစ်ပါတယ်” ဟုထွန်းလတ်က ပြောကြားသည်။

အမျိုးသားအလျားခုန်ပြိုင်ပွဲတွင် ရွှေနှင့်ငွေရရှိသော အားကစားသမားများကို ဆက်လက်စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ပြီး လာမည့် (၂၇)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုများရရှိနိုင်ရန်ကြိုးစားသွားမည်ဖြစ်သည်။

ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ အမျိုးသမီး သံ ပြား ဝိုင်း ပစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး၏ ယှဉ်ပြိုင်ဟန်။

သံပြားဝိုင်းပစ်

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်း၌ အမျိုးသား အမျိုးသမီး သံပြားဝိုင်းပစ်ပြိုင်ပွဲကို မတ် ၃ ရက်နံနက်က ကျင်းပရာ ကချင်ပြည်နယ်မှ ဒီရဲဦးက ပထမရရှိခဲ့သည်။ ဒုတိယရရှိသူမှာ တိုးမြင့်စံဖြစ်ပြီး တတိယရရှိသူမှာ ရန်နိုင်စိုးဖြစ်သည်။

ဆက်လက်ပြီး အမျိုးသမီး သံပြားဝိုင်းပစ်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မကွေးတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင် မာမာစန်းက ၃၅ ဒသမ ၉၁ မီတာပစ်ပြီး ပထမရွှေတံဆိပ် ဆွတ်ခူးသွားသည်။ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အေးအေးနွယ်က ၃၅ ဒသမ ၁၉ မီတာဖြင့် ဒုတိယရရှိပြီး မွန်ပြည်နယ်အသင်းမှ နန်းမွန်က ၃၁ ဒသမ ၅၁ မီတာဖြင့် တတိယရရှိခဲ့သည်။

အမျိုးသား၊ အမျိုးသမီး သံပြားဝိုင်းပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ် ရရှိသူများနှင့် ငွေတံဆိပ်ရရှိသူများကို ဆက်လက်ပြီး စခန်းသွင်းလေ့ကျင့်သွားမည်ဖြစ်သည်။

ပြည်တွင်းသတင်း

○ *ကျော်ဖုံးမှ*

မေး။ ။ ပြည်ပရောက် မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ မြန်မာပြည်အပေါ်မှာ ဘယ်လိုမျှော်လင့်ထားပါသလဲ။

ဖြေ။ ။ ပွင့်လင်းမြင်သာတဲ့နိုင်ငံ၊ ဒီမိုကရေစီ တကယ်ထွန်းကားတဲ့နိုင်ငံ တစ်ခုဖြစ်လာမယ်လို့ မျှော်လင့်ပါတယ်။

မေး။ ။ နိုင်ငံသားတစ်ယောက်အနေနဲ့ တောင်းဆိုချင်တာ ဘာများရှိပါသလဲ။

ဖြေ။ ။ လောလောဆယ်တော့ တောင်းဆိုစရာဘာမျှမရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ လမ်းကြောင်းအတိုင်း သွားနေတာပဲလေ။ လမ်းကြောင်းအတိုင်း သွားနေတဲ့ကာလပဲရှိသေးတော့ တစ်နေ့နေ့ အဲ့ဒီလမ်းကြောင်းပေါ်ရောက်သွားမယ်လို့ ထင်ပါတယ်။ ဘာမျှ တောင်းဆိုစရာမရှိပါဘူး။

မေး။ ။ နိုင်ငံတော်သမ္မတနဲ့ သွားပြီးတော့ တွေ့ဆုံမယ့် အစီအစဉ်ရောရှိပါသလားရှင့်။

ဖြေ။ ။ တွေ့ခွင့်ရမယ်ဆိုရင် တွေ့ချင်ပါတယ်။

မေး။ ။ နိုင်ငံတော်သမ္မတနဲ့တွေ့တဲ့အခါမှာ ပြောချင်တဲ့စကားလေး ရှိရင် ပြောပြပေးပါ။

ဖြေ။ ။ သမ္မတကြီးကို ကျေးဇူးတင်တဲ့အကြောင်းပြောချင်တယ်။ ပြီးတော့ ရှေ့ဆက်ပြီးတော့ တိုင်းသူပြည်သားတွေရဲ့ အသံတွေကို နားထောင်ပြီးတော့ ဆက်လုပ်ဆောင်ပေးပါလို့ ပြောချင်ပါတယ်။ အခု လိုဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

မေး။ ။ အစ်မတို့ နှစ်ဦးရဲ့အမည်ကို ပြောပြပေးပါရှင်။

ဖြေ။ ။ ကျွန်မနာမည်ကတော့ မိငယ်လို့ ခေါ်ပါတယ်။

ဖြေ။ ။ ကျွန်မနာမည်က မွန်မွန်အေးလို့ ခေါ်ပါတယ်။

မေး။ ။ ဒီကိုရောက်တာ ဘယ်လောက်ကြာပြီလဲ။ ဘယ်တုန်းက ရောက်ရှိတာပါလဲ။

ဖြေ။ ။ ၂၀၀၆ ခုနှစ် မတ်လက ရောက်ရှိခဲ့တာပါ။ အခုဆိုရင် ခြောက်နှစ်ကျော် ခုနစ်နှစ်လောက်ရှိပါပြီ။

မေး။ ။ ဒီကို ဘယ်လိုပုံစံမျိုးနဲ့ ရောက်ရှိလာတာပါလဲရှင်။

ဖြေ။ ။ ထိုင်းနိုင်ငံ ဒုက္ခသည်စခန်းကနေတစ်ဆင့် တတိယနိုင်ငံ သွားဖို့ဆိုပြီး လာခေါ်လို့ ရောက်လာတာပါ။ ကျွန်မတို့အနေနဲ့ ရွေးချယ်ပိုင်ခွင့် မရှိပါဘူး။ သူတို့က ခေါ်တာပါ။

မေး။ ။ လက်ရှိနေထိုင်မှုအပိုင်းအနေနဲ့ အဆင်ပြေမှုရောရှိပါသလား။

ဖြေ။ ။ ဟုတ်ကဲ့ အဆင်ပြေပါတယ်။ အခုလောလောဆယ်အဆင်ပြေပါတယ်။ ဒုက္ခသည်စခန်းထဲမှာထက် အများကြီးအဆင်ပြေပါတယ်။

မေး။ ။ အခုဆိုရင် နိုင်ငံတော်သမ္မတကြီးက ဖင်လန်နိုင်ငံကို ချစ်ကြည်ရေးလာရောက်လည်ပတ်မှုအပေါ် ဘယ်လိုများမြင်ပါသလဲရှင့်။

ဖြေ။ ။ (မငယ်) ကျွန်မတို့က မြန်မာနိုင်ငံနဲ့ ဝေးနေတာလည်း ကြာတော့ သမ္မတကြီးမှမဟုတ်ဘူး အရင်တုန်းကဆိုရင် ဒေါ်အောင်ဆန်းစုကြည် နော်ဝေနိုင်ငံကို လာလည်မယ်လို့ကြားတော့ အလွန်တွေ့ချင်တာပေါ့နော်။ သွားလို့ရမယ်ဆိုရင် ဒီကနေသွားလို့ရအောင် ကြိုးစားတယ်။ ဒါပေမယ့် တွေ့ခွင့်ရဖို့မလွယ်ဘူး ပြောတယ်။ အခုကျတော့ သမ္မတကိုယ်တိုင်ကလည်း ဒီနိုင်ငံရောက်မယ်ဆိုတော့ အလွန်တွေ့ချင်တာပေါ့နော်။ ကိုယ့်နိုင်ငံကြီးကလည်း ပြောင်းလဲလာတယ်ဆိုတာကို သတင်းတွေထဲမှာ ကြားရတော့ ဝမ်းလည်း ဝမ်းသာတယ်။ ဒီထက်ပိုပြီး ကောင်းပါစေလို့လည်း မျှော်လင့်တယ်။ ပြီးတော့ အခုလို သမ္မတရောက်လာတော့ အလွန်တွေ့ချင်တဲ့စိတ်လည်းဖြစ်တယ်။ ဒါကြောင့် အလုပ်ထဲမှာ ဒီနေ့ဆို တစ်နေကုန် အလုပ်လုပ်နေရင်းနဲ့ စိတ်က အဲဒီကိုပဲ စိတ်ရောက်နေတယ်။ သမ္မတရောက်လာမယ်ဆိုတဲ့ဟာပဲ စိတ်စောနေတာပေါ့နော်။ အလွန်တွေ့ချင်တာပေါ့။

ဖြေ။ ။ (မွန်မွန်အေး) ဝမ်းသာပါတယ်။ စိတ်ကူးယဉ်ခဲ့တာပေါ့။ သမ္မတရောက်လာမယ်လို့ပြောတော့ တစ်ချိန်တော့ လေယာဉ်ကွင်းမှာ သွားကြိုမယ်၊ ကိုယ်က မြန်မာလိုလေးဝတ်ပြီး သွားကြိုမယ်လို့ စိတ်ကူးယဉ်ခဲ့ပေမယ့် ကျွန်မတို့က အညတရ လူသားတစ်ယောက်မို့ ဖြစ်နိုင်မှာ မဟုတ်ပါဘူးလို့ ထင်ခဲ့တာပေါ့။အဲဒီမှာ မနက်ဖြန်တွေ့ရမယ်ဆိုတော့ အလွန်ဝမ်းသာမိတယ်။

မေး။ ။ နိုင်ငံတော်သမ္မတနဲ့တွေ့ရင် ပြောချင်တဲ့စကားလေးရှိရင် ပြောပြပေးပါ။

ဖြေ။ ။ (မငယ်) အပြောချင်ဆုံးစကားက ကိုယ့်နိုင်ငံ ပြန်လာမယ်ဆိုရင် လိုလိုလားလားနဲ့ ပြန်လာလို့ရမလားပေါ့၊ ကျွန်မတို့အတွက် အာမခံချက်ရှိမလား။ အဲဒါလေးကို အလွန်မေးချင်တယ်။

ဖြေ။ ။ (မွန်မွန်အေး) တိုင်းပြည်ကို အများကြီးပြောင်းလဲအောင် လုပ်ဆောင်ခဲ့တဲ့ သမ္မတကို ဝမ်းသာတာပေါ့နော်။ ဒီထက်ပြီးတော့လည်း ဖြစ်စေချင်ပါတယ်။ ကျွန်မတို့ ဘာမျှ မလုပ်တတ်ပေမယ့် သူလုပ်တတ်တာကိုပဲ ဝမ်းသာပြီး ဆက်ပြီး ဒီထက်ကောင်းအောင် ဖြစ်စေချင်ပါတယ်။

မေး။ ။ အခုဆိုရင် ပြန်လာခွင့်လည်း ခွင့်ပြုနေပြီမို့ ဘယ်အချိန်လောက် ပြန်ဖို့အစီအစဉ်ရှိလဲ။ မြန်မာနိုင်ငံပြန်ဖို့ အခြေချနေထိုင်ဖို့ အစီအစဉ်ရှိလားရှင့်။

ဖြေ။ ။ (မငယ်) ကိုယ်တစ်ယောက်တည်းအနေနဲ့ကတော့ ပြန်နေဖို့ စဉ်းစားထားတယ်။ ဒါပေမယ့် မိသားစုအနေနဲ့၊ ကလေးတွေက ကျတော့ ဒီမှာပဲကြီးပြင်းတာမို့ ဒီကယဉ်ကျေးမှုနဲ့ ဒီကပညာရေးနဲ့ အဆင်ပြေတယ်။ ဒါကြောင့် ဟိုမှာ ပြန်အခြေချဖို့ကျတော့ အခက်အခဲရှိတာပေါ့။ အဲဒီတော့ ကျွန်မတစ်ယောက်အနေနဲ့ စဉ်းစားတာတော့ ကျွန်မအရင်ပြန်ပြီးတော့ အခြေချချင်တယ်။ တကယ်ပဲ အာမခံချက်ရှိပြီဆိုရင်တော့ ချက်ချင်းကို ပြန်မှာပါ။

ဖြေ။ ။ (မွန်မွန်အေး) ပြန်ချင်တယ်။ အမြဲတမ်း စိတ်ကူးယဉ်ထဲမှာ အမြဲတမ်းရှိနေတယ်။ မြန်မာပြည်မှာပဲ ပြန်နေချင်တယ်။

မေး။ ။ ဒီနေ့ဆိုရင် အစ်မတို့ မြန်မာ့အသိုင်းအဝိုင်းက မြန်မာလူမျိုးတွေနဲ့ အချင်းချင်းပြန်တွေ့တာပေါ့နော်။ ဒီနေ့ အစ်မတို့ ချက်ကျွေးတဲ့ ထမင်းတွေ၊ ဟင်းတွေကလည်း တကယ်ကောင်းပါတယ် အစ်မ။ ဒီလို ပြန်တွေ့တဲ့အခါ အစ်မတို့ရဲ့ ရင်ထဲမှာ ဘယ်လိုရှိတယ်ဆိုတာ ပြောပြပေးပါဦး။

ဖြေ။ ။ (မငယ်) အတိုင်းမသိ ဝမ်းသာတယ်။ လုံးဝလည်း မမျှော်လင့်ဘူး။ ခုနက ကြားကြားချင်းဆို တကယ်ယုံတောင် မယုံဘူး။ နောက်နေတာလားပေါ့။ ဖုန်းဆက်လာတယ်၊ ထမင်းချက်ထားပေါ့။ ဒီကလာမယ်ဆိုတော့ မညာနဲ့နော်လို့ ၊ ဖြစ်နိုင်ပါ့မလားပေါ့။ သူက ဟုတ်ပါတယ်တဲ့။ သေချာလာမယ်ဆိုတော့ သေချာတယ်ဆိုလို့ ရှိရင်တော့ အတိုင်းထက် အလွန်ပေါ့၊ ကြိုဆိုပါတယ်လို့ အဲဒါဆိုရင် ကောက်ကာငင်ကာပဲ ညီမလေးကို ဖုန်းဆက်ခေါ်၊ ဈေးတွေဘာတွေ ပြေးဝယ်ပြီး အနီးအနားရှိတဲ့ မောင်နှမတွေကို ခေါ်ပြီးတော့ ဝိုင်းပြီးချက်ပြုတ်ကြတာ ဘယ်လိုပြောမလဲ ဒီနေ့တစ်နေ့တာ အလုပ်ထဲမှာ ပင်ပန်းခဲ့တာတွေ ဖိစီးခဲ့တာတွေ မရှိတော့ဘူးပေါ့နော်။ ဝမ်းသာတာချည်းပဲရှိတယ်လေ၊ စားလို့ကောင်းကြတယ်ဆိုလို့ ဝမ်းသာပါတယ် ။ ခရီးတောက်လျှောက် ဥရောပခရီးစဉ်မှာ ထမင်းမစားရဘူးဆိုတော့ စိတ်မကောင်းဘူး။ ကိုယ်က ကိုယ်ချင်းစာတယ် ဒီမှာနေတာ ခြောက်နှစ်၊ ခုနစ်နှစ်ရှိတော့မယ်။ တစ်ရက်မျှ ထမင်းမပြတ်ပါဘူး။ ကျွန်မတို့က ထမင်းကို ကြိုက်ကြတယ်လေ။ အဲဒါကြောင့် ဝမ်းသာတယ်၊ ဒီကိုလာတဲ့အတွက်လည်း ဝမ်းသာတယ်၊ ပြီးတော့ စားလို့ကောင်းတယ်ဆိုတဲ့အတွက်လည်း ဝမ်းသာပါတယ်။

ဖြေ။ ။ (မွန်မွန်အေး) ဝမ်းသာပါတယ်။ အကုန်လုံးကို ကြိုဆိုပါတယ် နောက်လည်း လာဦးပေါ့ ဖိတ်ခေါ်ပါတယ်။

မေး။ ။ အစ်မတို့အနေနဲ့ ပြောချင်တဲ့စကားလေးရှိရင် ထပ်ပြီး ဖြည့်စွက်ပြီး ပြောပေးပါဦး။

ဖြေ။ ။ အင်း တခြားတော့ အထွေအထူးတော့ ပြောစရာမရှိပါဘူး။ ဒါပေမယ့် မြန်မာပြည်ပြန်ရောက်တဲ့အချိန်မှာ ပြန်ဆုံချင်ပါသေးတယ်။

မန္တလေးတိုင်းဒေသကြီးရှိ အပင်တစ်သျှူးမွေးမြူခြင်းလုပ်ငန်း ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၃

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် မတ် ၂ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် သိပ္ပံလမ်းရှိ ဂရိတ်ဝေါအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်မှ ဆောင်ရွက်လျက်ရှိသည့် အပင်တစ်သျှူးမွေးမြူခြင်း ဓာတ်ခွဲခန်းများ၊ တစ်သျှူးနည်းဖြင့် မွေးမြူထားသည့် အကြီးမြန်ယူကလစ်စပ်မျိုး ပျိုးဥယျာဉ်များနှင့် တစ်သျှူးနည်းဖြင့် မျိုးပွားထားသော ယူကလစ် စပ်မျိုး၊ မျိုးကောင်း မျိုးသန့် ကြံ၊ အစေ့ကျားကြက်ဆူ၊ ဘရာဇီးလ်ငှက်ပျောသီးနှံ စိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ယာပုံ)**

ဆောင်ရွက်လျက်ရှိ

ဂရိတ်ဝေါအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်၏ တစ်သျှူးမွေးမြူခြင်း ဓာတ်ခွဲခန်းအတွင်း၌ ကျွန်း၊ ယူကလစ်၊ မျိုးသန့်ကြံ၊ ဘရာဇီးလ်ငှက်ပျောစသည့် အပင်တစ်သျှူးမွေးမြူခြင်း ဆောင်ရွက်လျက်ရှိသည်။

တစ်သျှူးနည်းဖြင့် မျိုးပွားထားသည့် အကြီးမြန်ယူကလစ်စပ်မျိုးများကို ၁၀ ပေ ၈ ပေကြားဖြင့် တစ်ဧက ၅၄၄ ပင် စိုက်ပါက လေးနှစ်သက်တမ်းတွင် သစ်တန်၆၀ နှင့် ထင်း ၅ တန်ခန့်ရရှိနိုင်ကြောင်း၊ အကြီးမြန်ယူကလစ်ပင်များအား လေးနှစ်တွင် စတင်ခုတ်လှဲ ထုတ်ယူနိုင်ကြောင်း၊ ပထမအကြိမ်ခုတ်လှဲပြီး ပြန်လည်စိုက်ပျိုးရန်မလိုဘဲ ငုတ်တက်ထွက်သည့်အပင်အား ဆက်လက်ပြုစုထိန်းသိမ်းထားပြီး ခုတ်ပတ်သုံးကြိမ်အထိ သက်တမ်း ၁၂ နှစ်အတွင်း အလှည့်ကျ ခုတ်ယူနိုင်ကြောင်း၊ ရေတိုကာလအတွင်း ဝင်ငွေရရှိနိုင်သဖြင့် ဒေသခံပြည်သူများအတွက် အကျိုးလျင်မြန်စွာ ဖြစ်ထွန်းစေနိုင်ကြောင်း သိရှိရသည်။

ထို့ပြင် တစ်သျှူးမျိုးပွားနည်းဖြင့် ထုတ်လုပ်ထားသော အကြီးမြန်ယူကလစ်သစ်မျိုး၏ အစိုဓာတ်ထိန်းသိမ်းနိုင်မှုမှာ သဘာဝတောကဲ့သို့ပင် တစ်ဟက်တာလျှင် ၂၀ တန်ခန့် ထိန်းသိမ်းထားနိုင်ကြောင်း၊ မြေဆီလွှာ အာဟာရစုပ်ယူသုံးစွဲမှုမှာ သမားရိုးကျစိုက်ပျိုးသည့် ယူကလစ်အပင်များထက် လျော့နည်းကြောင်း၊ တစ်ဧက စိုက်စရိတ် ငွေကျပ် ၁၅၀၀၀၀ ခန့်သာရှိသော်လည်း ပြန်လည်ရရှိသည့် အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၈၉၀၀၀၀ ခန့်ရရှိနိုင်ပြီး တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်ပါက ငွေကျပ် ၄၄ သိန်းခန့်ရရှိနိုင်သဖြင့် အကျိုးအမြတ် များစွာရှိပါကြောင်း၊ တောင်သူလယ်သမားမိသားစုအနေဖြင့် တစ်နှစ် နှစ်ဧက စိုက်ပါက သစ်လုံးနှင့် ထင်းတို့မှရရှိမည့် ဝင်ငွေသည် ပျမ်းမျှငွေကျပ် ၂၀ ဒသမ ၈ သိန်းခန့်ရှိပြီး တန်ဖိုးမြင့်ပစ္စည်း ထုတ်လုပ်ပါက ငွေကျပ် ၇၈ သိန်း၊ ၁၀ ဧကစိုက်ပါက ငွေကျပ် ၁၀၄ သိန်းခန့်ရှိပြီး တန်ဖိုးမြင့်ပစ္စည်း ထုတ်လုပ်ပါက ငွေကျပ် ၃၉၂ သိန်း၊ ဧက ၅၀ စိုက်ပါက ငွေကျပ်သိန်း ၅၂၀ ခန့်ရရှိနိုင်ပြီး တန်ဖိုးမြင့်ပစ္စည်းထုတ်လုပ်ပါက ငွေကျပ်သိန်း ၁၉၆၀ ရရှိနိုင်ကြောင်း၊ အကြီးမြန် ယူကလစ်တစ်ဧကလျှင် တစ်နှစ် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ၁၂ တန်စုပ်ယူနိုင်ပြီး အောက်ဆီဂျင်ဓာတ်ငွေ့ ကိုးတန် ထုတ်လွှတ်ပေးနိုင်သဖြင့် သဘာဝပတ်ဝန်းကျင် လေထုညစ်ညမ်းမှုအား ကာကွယ်စေနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် မတ် ၃

ယနေ့မွန်းလွဲ ၁၂ နာရီ ၁၃မိနစ် ၂၂ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၃၅၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်ပ (တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်) ကိုဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၅ ဒသမ ၅ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးသိန်းထိုက် ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် မတ် ၃

ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးသိန်းထိုက်သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၁ ရက်အထိ ကျင်းပသည့် International Standards of Supreme Audit Institution (ISSAI) Implementation Initiative 3i Management Workshop သို့ တက်ရောက်ခဲ့ပြီး မတ် ၂ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ဖနောင်ပင်မြို့ Hotel Cambodiana ၌ကျင်းပသည့် International Standards of Supreme Audit Institution (ISSAI) Implementation Initiative 3i Management Workshop အစည်းအဝေးသို့ အာရှတိုက်ဒေသကြီးရှိ နိုင်ငံပေါင်း ၂၀ မှ စာရင်းစစ်ချုပ်များတက်ရောက်ကြပြီး 3i Management အကြောင်းအရာနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ မြန်မာနိုင်ငံမှလည်း Myanmar Supreme Audit Implementation Initative International Standards of Supreme Audit Institution ကို ပါဝင်ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့်အတူ အဖွဲ့ဝင်များ ဖြစ်ကြသည့် မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ဦးကျော်ဝင်းနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအောင်သူစိုးတို့လည်း ပြန်လည်လိုက်ပါခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ ရှေ့ဖုံးမှ

ပြောကြားခဲ့တဲ့အတွက် များစွာကျေးဇူးတင်သည်ဟု ပြောကြားလိုပါကြောင်း၊ မိမိတို့ အစိုးရအနေဖြင့် ပြည်သူများ၏ဆန္ဒနှင့်အညီ မြန်မာနိုင်ငံတွင် ဒီမိုကရေစီလမ်းကြောင်းကို ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ၊ လူမှုရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများသည် ရပ်ဆိုင်းထား၍ မရသကဲ့သို့ နောက်ပြန်လှည့်၍မရပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုအရှိန်အဟုန်လည်း ရရှိလာပြီဖြစ်၍ ရှေ့ဆက်ကောင်းသည်ထက်ကောင်းအောင် ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချမှတ်ထားပါကြောင်း၊ မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးဆောင်ရွက်မှုများတွင် အောင်မြင်မှုများရှိသကဲ့သို့ အခက်အခဲများ၊ စိန်ခေါ်မှုများလည်းရှိပါကြောင်း၊ နိုင်ငံတကာအသိုင်းအဝိုင်း၏ နားလည်စာနာမှု၊ ပူးပေါင်းကူညီမှုများကြောင့် မိမိတို့ အောင်မြင်စွာ ဆောင်ရွက်သွားနိုင်မည်ဟု မျှော်လင့်ထားပါကြောင်း၊ မြန်မာနိုင်ငံ ပိုမိုတိုးတက်စေရန်အတွက် ပိုမိုကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များတွင် ဖင်လန်နိုင်ငံနှင့် မိတ်ဖက်နိုင်ငံအဖြစ် လက်တွဲပြီးပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံနိုင်သည့် လုပ်ငန်းများစွာရှိရာ ဖင်လန်နိုင်ငံမှ ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံရှိ လုပ်ငန်းရှင်များနှင့် ပူးပေါင်းပြီး မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးနိုင်ကြောင်း ဖိတ်ခေါ်လိုပါကြောင်း၊ ဖင်လန်နိုင်ငံသမ္မတကြီးအား မြန်မာနိုင်ငံသို့လာရောက်လည်ပတ်ပါရန် ဖိတ်ခေါ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဖင်လန်နိုင်ငံသမ္မတတို့အား သတင်းထောက်များက မေးခွန်းများ မေးမြန်းကြသည်-

မေး။ ဖင်လန်နိုင်ငံသမ္မတကြီး ခင်ဗျား။ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများနှင့်ပတ်သက်ပြီး မည်သို့မည်ပုံ ရှုမြင်ပါသလဲဆိုသည်ကို သိလိုပါကြောင်း။

ဖြေ။ ဖင်လန်နိုင်ငံနှင့် မြန်မာနိုင်ငံသည် နှစ်ပေါင်း (၆၀)ခန့် အဆက်အသွယ်ပြတ်တောက်ခဲ့ပါကြောင်း၊ ထို့ကြောင့် နှစ်နိုင်ငံဆက်ဆံရေးကို ပြန်ပြီးစတင်ရန် လိုအပ်ပါကြောင်း၊ ဒီမိုကရေစီတိုးတက်ရန်၊ လူ့အခွင့်အရေးအခြေအနေတိုးတက်ရန်၊ ဥပဒေစိုးမိုးမှုများ တိုးတက်ရန် စသည်ဖြင့် မျှော်လင့်ပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အတိုက်အခိုက်များရပ်စဲရေးအတွက်လည်း ကြိုးစားရန်လိုပါကြောင်း။

မေး။ မြန်မာနိုင်ငံသမ္မတကြီးရှင့်။ ခရီးစဉ်နှင့်ပတ်သက်ပြီး သမ္မတကြီး၏ မျှော်လင့်ချက်နဲ့ပတ်သက်ပြီး သိလိုပါကြောင်း။

ဖြေ။ မိမိတို့နှစ်နိုင်ငံ၏ သံတမန်ဆက်ဆံမှုသည် နှစ်ပေါင်း (၆၀)နီးပါး ပြည့်တော့မည်ဖြစ်ပါကြောင်း၊ သံတမန်ဆက်ဆံစက နှစ်နိုင်ငံချစ်ကြည်ရင်းနှီးခဲ့သကဲ့သို့ မိမိတို့၏ ချစ်ကြည်ရင်းနှီးမှုကို ပြန်လည်တည်ဆောက်လိုပါကြောင်း၊ ဒီမိုကရေစီရှေ့ဆက်ရှင်သန်ဖွံ့ဖြိုးရန်အတွက် နိုင်ငံရေးအရ ပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးအရ ပြုပြင်ပြောင်းလဲမှုများ အချိန်တိုအတွင်း များစွာကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီခရီးလမ်းတွင် အောင်မြင်မှုရရှိရန်အတွက် မိတ်ဆွေနိုင်ငံတစ်နိုင်ငံဖြစ်သည့် ဖင်လန်နိုင်ငံအနေဖြင့် ဝိုင်းဝန်းကူညီပေးရန်မျှော်လင့်ပြီး ယခုကဲ့သို့ လာရောက်ခြင်းဖြစ်ပါကြောင်း။

မေး။ ဖင်လန်နိုင်ငံသမ္မတကြီး ခင်ဗျား။ နော်ဝေနိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံဖွံ့ဖြိုးမှုအတွက် ကတိကဝတ်များ၊ ကူညီပံ့ပိုးမှုများပေးခဲ့ပါကြောင်း၊ အလားတူ အဆွေတော်သမ္မတကြီးက မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ယူရို ဗိဒသမ ၅ သန်းကူညီရန် ကမ်းလှမ်းခဲ့ပါကြောင်း၊ ဖင်လန်နိုင်ငံသည် အိုင်စီတီကဏ္ဍတွင် များစွာဖွံ့ဖြိုးလျက်ရှိပါကြောင်း၊အိုင်စီတီကဏ္ဍနှင့် ပံ့ပိုးကူညီမှုများ၊ နောက်တစ်ခါ အီးယူနှင့် မြန်မာနိုင်ငံကြား ပိုမိုတိုးတက်ကောင်းမွန်သည့် ဆက်ဆံရေးများနှင့် ပတ်သက်ပြီးကူညီပေးမှုများအတွက် အဆွေတော်သမ္မတကြီးထံမှ ကတိကဝတ်များ ကြားသိလိုပါကြောင်း။

ဖြေ။ မြန်မာနိုင်ငံတိုးတက်ရန်အတွက် ၂၀၁၄ခုနှစ်မှစပြီး ကူညီရန်စီစဉ်ထားပါကြောင်း၊ ပုဂ္ဂလိက အပိုင်းတွင်လည်း ၎င်းတို့၏ ကဏ္ဍအလိုက်ကူညီရန်မျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံ၌ စက်မှုနှင့်ပတ်သက်သည့် အကူအညီ များစွာလိုအပ်နေပါကြောင်း၊ လွန်ခဲ့တဲ့နှစ်က နိုင်ငံခြားရေးဒုတိယဝန်ကြီးဦးဆောင်သော ကုမ္ပဏီ(၂၀)လောက်ဖြင့် မြန်မာနိုင်ငံသို့ သွားရောက်ခဲ့ပါကြောင်း၊ ဥရောပသမဂ္ဂနှင့် မြန်မာနိုင်ငံ၏ ဆက်သွယ်ရေး၊ ဆက်ဆံရေးတွင်လည်း ပြဿနာမရှိပါကြောင်း၊ ကောင်းမွန်သွားမည်ဟု မျှော်လင့်ပါကြောင်း။

မေး။ လွှတ်တော်မှာ တပ်မတော်ပါဝင်မှု အခန်းကဏ္ဍကို သိလိုပါကြောင်း၊ လက်ရှိမှာတော့ တပ်မတော်သား ၂၅ ရာခိုင်နှုန်း ပါဝင်နေကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲ၌ လွှတ်တော်မှာ တပ်မတော်ပါဝင်မှု ရှိဦးမလား သိလိုပါကြောင်း။

ဖြေ။ မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး မိမိတို့နိုင်ငံ၏ အခြေအနေအရ၊ သမိုင်းကြောင်းနောက်ခံအရ တပ်မတော်၏အခန်းကဏ္ဍကို ချန်ထား၍ မရပါကြောင်း၊ တိုင်းပြည်အတွက် တပ်မတော်ဘက်မှ တပ်မတော်ကဏ္ဍမှာ ဝိုင်းဝန်းပြီး ပါဝင်ကူညီဆောင်ရွက်ပေးနိုင်ရန်ဖြစ်ပါကြောင်း၊ သို့သော်လည်း တပ်မတော်၏ အဓိကတာဝန်မှာ နိုင်ငံတော်ကို ကာကွယ်ရန်ဖြစ်ပါကြောင်း၊ တပ်မတော်ကာကွယ်ရေးစီးချုပ်သည် သမ္မတမှ ခန့်အပ်ထားသူပင်ဖြစ်ပါကြောင်း၊ လတ်တလောအခြေအနေတွင် တိုင်းပြည်၏သမိုင်းကြောင်း နောက်ခံတွေကြောင့် လွှတ်တော်၌ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ရန် ယခုလိုလွှတ်တော်၌ တပ်မတော်သား၂၅ ရာခိုင်နှုန်း ပါဝင်နေခြင်းဖြစ်ပါကြောင်း၊ ဒါတွေကိုလည်း တဖြည်းဖြည်းနှင့် လျှော့ချသွားမည်ဖြစ်ပါကြောင်း၊ လာမည့် ၂၀၁၅ ခုနှစ်တွင် ရှိပါဦးမလားဆိုသည်ကို ဖြေကြားရန်ခက်ပါကြောင်း၊ တိုင်းပြည်၏ အခြေအနေ၊ လွှတ်တော်၏ အခြေအနေ၊ နောက်တစ်ခါ ပြည်သူလူထု၏ သဘောထားများအပေါ်တွင် မူတည်သည်ဟု ဖြေကြားလိုပါကြောင်း။

အများပြည်သူဝန်ဆောင်မှု သတင်းစာအုပ်ချုပ်ရေးအဖွဲ့ ဖိလစ်ပိုင်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မတ် ၃

အများပြည်သူ ဝန်ဆောင်မှု သတင်းစာအုပ်ချုပ်ရေးအဖွဲ့ (Governing Body) ဥက္ကဋ္ဌ ဦးရဲတင့်နှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးတင်ခ၊ ဦးကျော်ဇောနိုင်တို့ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် မတ် ၄ရက်မှ ၉ ရက်အထိ ဖိလစ်ပိုင်သမ္မတနိုင်ငံရှိ မီဒီယာလုပ်ငန်းများ လေ့လာရန်ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားကြသည်။ **(ယာပုံ) (သတင်းစဉ်)**

ပညာရွှေအိုး လူမခိုး

● ကျော်ဖုံးမှ

သွားတာပေါ့၊ ဒါပေမယ့် ပေါ်ဆန်းတစ်ပြည် ၁၀၀၀ ကျပ်နဲ့စာရင် ပုလဲသွယ်ကတောင် ပိုကောင်းသေးတယ်” ဟု တပ်ကုန်းမြို့ ဆန်ရောင်းဝယ်သူ မနွယ်လေးက မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။

“ကျွန်မတို့ အရင်ကဆိုရင် ဆန်ချောနဲ့ ဆန်ကြမ်းရောစားတာ၊ အခုပုလဲသွယ်ဆန်ဆိုတော့ ဆန်ချောဝယ်စရာမလိုတော့ဘူး၊ ပုလဲသွယ်ဆန်က ထမင်းရည်ငှဲ့ချက်ရင် ပိုတောင်ကောင်းသေးတယ်” ဟု စားသုံးသူတစ်ဦးဖြစ်သည့် မအေးအေးသင်းက ပြောသည်။

ပုလဲသွယ်ဆန်တစ်ပြည် လောလောဆယ် ကျပ် ၈၅၀ ရှိနေသော်လည်း ၂၄ ပြည်ဝင်တစ်အိတ်၊ အိတ်ဆွဲဝယ်ပါက ကျပ် ၁၇၀၀၀ သာ ရှိကြောင်း သိရသည်။ မကြာမီက စားသုံးသူဈေးကွက်သို့ ဝင်ရောက်လာသော ပုလဲသွယ်ဆန်လုံးကောင်းခြင်း၊ ထမင်းအရည်အသွေးကောင်းခြင်းတို့ကြောင့် လူကြိုက်များလျက်ရှိသည်။

ယခုအခါ နိုင်ငံတော်အနေဖြင့် အထွက်နှုန်းကောင်းသည့် ပုလဲသွယ်စပ်မျိုးစပါး တောင်သူများကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်ရန် တွန်းအားပေး ဆောင်ရွက်နေသည်။ ပုလဲသွယ်စပ်မျိုးစပါးသည် စိုက်စနစ်မှန်ကန်ပြီး သွင်းအားစု အပြည့်အဝအသုံးချနိုင်ပါက တစ်ဧက တင်း ၁၅၀မှတင်း၂၀၀ နီးပါး ထွက်ရှိနိုင်ကြောင်း သိရသည်။ ပုလဲသွယ်စပ်မျိုးစပါးသည် အထွက်နှုန်းကောင်းစပါးဖြစ်၍ စိုက်ပျိုးသူတောင်သူများ စီးပွားရေးတွက်ခြေကိုက်သော စပါးမျိုးလည်းဖြစ်သည်။

ပုလဲသွယ်ဆန်သည် ပြည်ပတင်ပို့ရန် Export Quality ရှိသော စပါးဖြစ်၍ စပါး တင်း ၁၀၀လျှင် ငွေကျပ်လေးသိန်းကျော် ဈေးပေးဝယ်ယူနေကြောင်းသိရသည်။

(မြန်မာ့အလင်း)

Orchestra Concert Myanmar 2013 တင်ဆက်ပွဲကျင်းပ

ရန်ကုန် မတ် ၃

Orchestra Concert Myanmar 2013 တင်ဆက်ပွဲကို မတ် ၂ ရက် ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပသည်။

ဖျော်ဖြေတင်ဆက်

အခမ်းအနားသို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အနုပညာချစ်မြတ်နိုးသူများ တက်ရောက်ကြည့်ရှုအားပေးကြရာဧည့်ပရိသတ်များအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂျပန်နိုင်ငံ Conductor Mr. Yoshi Kazu Fukumura ဦးဆောင်သော အနုပညာရှင် အဖွဲ့ဝင်များက Orchestra Concert Myanmar 2013 အဖြစ် မြန်မာ-ဂျပန် သီချင်းများဖြင့် သီဆိုတီးမှုတ် ဖျော်ဖြေတင်ဆက်ကြသည်။

(သတင်းစဉ်)

ဘာသာ သာသနာ

(မြေပြင်နှင့်ကောင်းကင်)

ရတနာစည်ဆရာတော် (လှိုင်လင်)

ဘာသာဝင်များသည် မိုးအောက်မြေပြင်နှင့်တူ၍ သာသနာသည် အာကာကောင်းကင်နှင့်တူ၏။

ကောင်းကင်က မြေပြင်ကိုပေးအပ်သော အပေးနှစ်ရပ်အနက် ပထမအပေးမှာ အလင်းရောင်ကို ပေးခြင်းဖြစ်၏။ မိုးပေါ်ကျအလင်းရောင်ကြောင့် ဒါသည် တောတောင်၊ ဒါသည်လွင်ပြင်၊ ဒါသည်ရေပြင်ဟု ပီပြင်စွာသိရမြင်ရ၏။ အလင်းရောင်သည် မြေပြင်ကိုလှုပ်နှိုးပေးပြီး နိုးကြားမှု၊ လှုပ်ရှားမှု၊ လုပ်ကိုင်ဆောင်ရွက်မှုတို့ဖြင့် မြေတစ်ပြင်လုံး အသက်ဝင်စေ၏။ ရှင်သန်စေ၏။

ယင်းနည်းတူ သာသနာသည် ဘာသာဝင်များအား အသိဉာဏ်ပညာဟူသောအလင်းရောင်ကိုပေး၏။ ယင်းအလင်းရောင်ကြောင့် ဒါသည် မကောင်း၊ မလုပ်အပ်၊ ဒါသည်ကောင်း၏၊ လုပ်အပ်၏စသည်ဖြင့် ကွဲကွဲပြားပြား မြင်ရသိရ၏။ မိမိ၏ကိုယ်၊ စိတ်နှစ်ပါးနှင့် အကျိုးစီးပွားကို ထိခိုက်နစ်နာစေသော သို့မဟုတ် သူတစ်ပါး၏ ကိုယ်၊ စိတ်နှစ်ပါးနှင့် အကျိုးစီးပွားကို ထိခိုက်နစ်နာစေသော သို့မဟုတ် မိမိ၊ သူတစ်ပါး နှစ်ဦးသားလုံး၏ ကိုယ်၊ စိတ်နှစ်ပါးနှင့် အကျိုးစီးပွားကို ထိခိုက်နစ်နာစေသော မည်သည့်အကြံအစည်၊ အပြောအဟော၊ အပြုအမူမျိုးကိုမျှ မတွေး၊ မပြော၊ မလုပ်အပ်ဟု သိမြင်သည့် အမြင့်စားအမြင်မျိုးကို သာသနာ အလင်းရောင်ဖြင့် မြင်ရသိရ၏။

မိမိ၏ကိုယ်၊ စိတ်နှစ်ပါးနှင့် အကျိုးစီးပွားကို ဖြစ်ထွန်းစေသော သို့မဟုတ် သူတစ်ပါး၏ ကိုယ်၊ စိတ်နှစ်ပါးနှင့် အကျိုးစီးပွားကို ဖြစ်ထွန်းစေသော သို့မဟုတ် မိမိ၊ သူတစ်ပါးနှစ်ဦးသားတို့၏ ကိုယ်၊ စိတ်နှစ်ပါးနှင့် အကျိုးစီးပွားကို ဖြစ်ထွန်းစေသော အတွေး၊ အပြော၊ အလုပ်တို့ကိုမူ အချိန်မဆိုင်းဘဲ တွေး၊ ပြော၊ လုပ်အပ်၏ဟူသည့် အမြင့်စားသန္နိဋ္ဌာန်မျိုးကို သာသနာ့အလင်းရောင်၌ နက်နက်စူးစူးတည့် တည့်မတ်မတ် စိုက်ထူနိုင်၏။

ထိုမှတစ်ပါး ကောင်းကင်ကပေးသော ဒုတိယအပေးမှာ မိုးရေအေးအေးဖြစ်၏။ မိုးရေကြောင့် မြေသည် စိမ်းလန်းရွှန်းစိုရ၏။ သောက်ရေ၊ သုံးရေပေါများလာရ၏။ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ပင်လယ်၊ သမုဒ္ဒရာဖြစ်ထွန်းလာရ၏။ စားပင်၊ သီးပင် ဝေဆာလာရ၏။ မြေတစ်ပြင်လုံး လှပသာယာလာရ၏။

ယင်းနည်းတူ သာသနာသည် ဘာသာဝင်များအား မိုးရေအေးဖြစ်သည့် မေတ္တာရေအေးနှင့်တကွ ဗြဟ္မစိုရ်ရေအေးများကိုပေး၏။ ယင်းရေအေးများကြောင့် သတ္တလောကသည် ရွှန်းစိုစိမ်းလန်းရ၏။ သာယာအေးချမ်းရ၏။ မိမိကိုယ်ကိုချစ်သလို သူ့ကိုလည်း ချစ်ခင်တတ်သော မေတ္တာမိုးသွန်းဖြိုးစွေရွာနေသမျှကာလပတ်လုံး မြေပြင်သည် ပူပြင်းပေါက်ကွဲခြင်းမဖြစ်နိုင်။ သွေ့ခြောက်အက်ကွဲခြင်းမရှိနိုင်။ မေတ္တာရေအိုင်ကြီး၊ မေတ္တာရေကန်ကြီး၊ မေတ္တာမြစ်ကြီးတို့ဖြင့် တသွင်သွင်အလျဉ်မပြတ်သမျှ လောကမြေပြင်သည် အစဉ်စိမ်းလန်းနေမည်သာ ဖြစ်ပါသည်။ ယင်းအပြင် ကရုဏာ၊ မုဒိတာနှင့်ဥပေက္ခာဟူသော ဗြဟ္မစိုရ်တို့ဖြင့် စိမ်းစိုသည့်မြေပြင်ကို အစဉ်ဖန်တီးဖော်ဆောင်နိုင်ကြသည်လည်းဖြစ်ပါ၏။

ထို့အပြင် ကောင်းကင်က မြေပြင်ကိုပေးသော ရောင်ခြည်နှင့် မိုးရေတို့တွင် အောက်၌ဖော်ပြမည့် ‘စတုသင်္ဂဟဓမ္မ’ ခေါ် ‘ပေါင်းစည်းအားလေးရပ်’ကလည်း မြေပြင်ကို အလှဆင်နိုင်သည်ပင်ဖြစ်၏။

၁။ ပေးကမ်းစွန့်ကြဲခြင်း။
၂။ ချစ်ဖွယ်သော စကားကိုဆိုခြင်း။
၃။ အကျိုးစီးပွားကို ကျင့်ခြင်း။
၄။ ကိုယ်တူထားခြင်း။

ဘာသာရေးအလှူ၊ ပညာရေးအလှူ၊ ကျန်းမာရေးအလှူ၊ လူမှုရေးအလှူစသည့် အလှူတို့ကို မလှူဘူးသူရှိမည်မထင်ပါ။ တစ်လှူမဟုတ် တစ်လှူ၊ တစ်နေ့မဟုတ် တစ်နေ့လှူနေ၊ လှူနိုင်နေသည်သာ ဖြစ်ပါမည်။ ယုတ်စွအဆုံးသောက်တော်ရေတစ်ခွက် မြတ်စွာဘုရားအား ဆက်ကပ်ခြင်းသည်လည်း အလှူပင်ဖြစ်ပါသည်။ ဆွမ်းတစ်ဇွန်းလောင်းလိုက်ခြင်းသည်လည်း အလှူပင်ဖြစ်ပါသည်။ ဘာသာရေးအလှူအတန်းများကြောင့် ဘာသာရေးအစဉ်အလာယဉ်ကျေးမှုကို စောင့်ရှောက်ရာရောက်သည့်အပြင် အလှူခံပုဂ္ဂိုလ်များ၏ မေတ္တာဓာတ် တုံ့ပြန်သက်ရောက်ရရှိမည်။ ပညာရေးအလှူအတန်းများကြောင့် အသိအလိမ္မာများနှင့်အတတ်ပညာများ ဖြန့်ချိပေးရာရောက်သည့်အပြင် သက်ဆိုင်သူတို့၏ ချီးမွမ်းသြဘာထောမနာပြုမှုများ တုံ့ပြန်ရရှိမည်။ လူမှုရေးအလှူအတန်းများကြောင့် လူမှုရေးဒုက္ခ၊ လူမှုရေးသောကများမှ ကင်းပအောင် ကယ်မကူညီရာရောက်သည့်အပြင် တူသောအကျိုးတရားတုံ့ပြန်ခံစားကြရမည်။ ယင်းသည်ပင် ဒါနရှင်တစ်ဦးနှင့် အလှူခံအသိုင်းအဝိုင်းအကြား ပေါင်းစည်းအားများပိုမိုခိုင်မာလာစေသော စည်းနှောင်ကြိုးဖြစ်ပါသည်။

အလေ့အထဓလေ့ ယဉ်ကျေးမှုကိုက အပြုံးဖြင့်နှုတ်ဆက်တတ်ခြင်း၊ လိုက်လှဲဖော်ရွေခြင်းတို့ကြောင့် နားဝင်ချိုသော အခေါ်၊ အဝေါ်၊ အပြော၊ အဆိုတို့နှင့် ကျွမ်းဝင်ပြီးဖြစ်ကြပါသည်။ “ နှုတ်ချိုသျှိုတစ်ပါး”၊ “အလျှောက်ကောင်း အထောင်းသက်သာ” စသော စကားပုံများသည် နှုတ်ပါးစပ်၏စွမ်းအားကို ထင်ရှားစွာ ကမ္ပည်းတင်ထားသည့် အဆိုအမိန့်များ ဖြစ်ပါ၏။ အကြောင်းအရာတစ်ခုခုနှင့်ပတ်သက်၍ ပြောဆိုဆွေးနွေးကြသည့်အခါ “ငါ့စကားနွားရ” အတ္တအခံတင်းထန်နေပါမူကား နောက်ဆက်တွဲပြဿနာများကို လက်(၁၀)ချောင်းဖြင့် ဖိတ်ခေါ်ရာရောက်သောကြောင့် ယင်းသို့သော ဘေးထွက်ဆိုးကျိုးတွေဖြစ်ပွား မလာဖို့တော့ သတိတရားရှိကြရပါမည်။

ကိုယ်အကျိုးရှိဖို့၊ ကိုယ်ရရှိဖို့အတွက် ဒေါင်ကျကျ ပြားကျကျ၊ လုပ်တတ်၊ ကိုင်တတ်၊ ရယူတတ်စွမ်း ရှိကြသကဲ့သို့ သူတစ်ပါးအကျိုး မထိခိုက်ဖို့ကိုလည်း မြော်မြင်ဆင်ခြင်တတ်ကြရန် အမှန်လိုအပ်ပါမည်။ ကာလမရွေး၊ ဒေသမရွေး၊ ပုဂ္ဂလမရွေး၊ မိမိရော သူတစ်ပါးပါ နှစ်ဦးသားလုံး အကျိုးရှိမည့် ‘အတ္ထစရိယ အကျိုးစီးပွားအကျင့်’ ပါနေအောင် ကြိုးစားနေကြရမည်ဖြစ်ပါ၏။ သူ့အကျိုး၊ ကိုယ့်အကျိုး၊ ဘယ်သူ့အကျိုးမျှ မထိခိုက်ရအောင်အရာရာဝယ် “ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ” ဒဿန၊ “ရှဉ့်လည်းလျှောက်သာပျားလည်းစွဲသာ” ဒဿနများဖြင့် ပေါင်းစည်းအား၏ စည်းနှောင်ကြိုးများ သန်မာရေး အားပေးကြရပါမည်။

ကိုယ်တူထားခြင်း၊ ယင်းစကားလုံးများကား ‘သမာနတ္တတာ’ ဟူသော မြတ်ဗုဒ္ဓမိန့်ကြားချက်ကို ပိဋကတ်မြန်မာပြန်ဆရာတော်ကြီးများက လုံးစေ့ပြန်ဆိုထားသည့် ပြန်ဆိုချက်ဖြစ်ပါ၏။ ယနေ့ခေတ် စကားကိုယူသုံးရလျှင် ‘ပြည်သူဗဟိုပြု’ ဖြစ်ပါ၏။ ကိုယ်တူထားခြင်းဟူသည် တကယ်တော့ ကိုယ်ချင်းစာနာစိတ် အပြည့်ရှိနေခြင်းပင်ဖြစ်၏။ ကိုယ်ချင်းစာနာစိတ်သည် ပေါင်းစည်းအားကို များစွာကျေးဇူးပြုသည့်စိတ်ဖြစ်၏။ ဤစိတ်ဓာတ်ခံဖြင့် ကြံတွေး၊ ပြောဆို၊ ပြုမူခြင်းသည်ပင် လောကကိုထိုက်တန်စွာ အလှဆင်ခြင်းမည်ပါ၏။

ရှေးပဝေသဏီကာလကတည်းကပင် သာသနာကပေးအပ်သော လင်းရောင်ခြည်နှင့် မိုးရေမိုးစက်တို့ကို ဘာသာဝင်တို့က ကောင်းစွာခံယူရရှိလျက် မြန်မာနိုင်ငံယဉ်ကျေးမှုအဖြစ် ခေတ်အဆက်ဆက် လက်ဆင့်ကမ်းသယ်ဆောင်လာနိုင်ကြပြီဖြစ်ရာ ယနေ့ကာလတွင်လည်း အစဉ်အလာကို ပိုမိုထွန်းတင့်အောင် မြှင့်ဆောင်တွန်းတင်နေကြရမည် ဖြစ်ပါသတည်း။ ။

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၄ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက် (အဖိတ်နေ့)

၄-၃-၂၀၁၃ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀	နံနက်ခင်းသတင်း
၈း၄၀	နေပြည်တော် တပ်ကုန်း(ပြိုင်အင်း၊ ဗျိုင်းအင်း ဘုရား၊သားခိုတောင်)
	ညပိုင်း
၂း၅၀	ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲ(အမျိုးသား) တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ဆီမီးဖိုင်နယ်) (နေပြည်တော်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း)
၅း၀၀	၂၀၁၃ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုဘာသာရပ်ဆိုင်ရာသင်ခန်းစာ (သင်္ချာဘာသာရပ်)
၆း၂၀	SEA Games လှုံ့ဆော်ရေးဇာတ်လမ်းတို
၈း၀၀	ပြည်တွင်းသတင်း
-	နိုင်ငံတကာသတင်းများ
-	မိုးလေဝသအခြေအနေ

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

လေးကျွန်းစကြာထိုင်တော်မူ ဘုရားကြီး တွင်းတော်ဝန်းမင်္ဂလာနှင့် ဒုတိယအကြိမ်အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၃

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည်ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် မုံရွာမြို့မြို့တော်ခန်းမ၌ ကျင်းပသော တိုင်းဒေသ ကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အင်ဒိုနီးရှားနိုင်ငံ Filan ကုမ္ပဏီမှ Anthonic Salim (CEO) နှင့် Axton Salim (Director) ဦးဆောင်သော အဖွဲ့နှင့် မုံရွာမြို့ ဝင်းယူနတီဟိုတယ် ဧည့်ခန်းမ၌ တွေ့ဆုံ၍ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စားသောက်ကုန်ပစ္စည်းထုတ်လုပ်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ မုံရွာမြို့မှ မြို့မိမြို့ဖများ၊ လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက် နှုတ်ခွန်းဆက်စကားပြောကြားပြီး စစ်ကိုင်းမြို့ မဟာစည်းခုံကြီးဘုရား သာသနာ့ ဗိမာန်တော် ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ခတ္တကန်တောင်ကျေးရွာ မဟာဗောဓိတထောင် သာသနာ့နယ်မြေ ဗန္ဓဝတောင်ပေါ်၌ တည်ထားကိုးကွယ်မည့် ဉာဏ်တော် အမြင့် ၂၄၂ ပေရှိ လေးကျွန်းစကြာ ထိုင်တော်မူ ဘုရားကြီးတွင်းတော်ဝန်း မင်္ဂလာနှင့် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၈ နာရီက အဆိုပါ ဘုရားကြီး တည်ထားမည့် ကုန်းမြေ၌ကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ မုံရွာမြို့ မဟာဇောတိကာရာမကျောင်းတိုက် ပဓာနနာယက ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိန္ဒ အမှူးပြုသော ဆရာတော် သံဃာတော်များထံ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဥပါသကာများက ပရိတ်ချည်၊ ပရိတ်သဲ၊ ပရိတ်ကျောက်၊ ပရိတ်ပန်းနှင့် ရွှေတူးရွှင်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် သတ်မှတ်နေရာများသို့ သွားရောက်နေရာယူကြပြီး မင်္ဂလာအချိန်တွင် တွင်းတော်ဝန်းမင်္ဂလာပြုကြသည်။

ဆက်လက်၍ လေးကျွန်းစကြာ ထိုင်တော်မူ ဘုရားကြီးတည်ထားကိုးကွယ်ရန် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲကို မဟာဗောဓိတထောင်ကျောင်းတိုက်ဝင်း ဒေါ်သီသနပ်ခါးဗိမာန်တော်၌ ကျင်းပရာ မုံရွာမြို့ မဟာဇောတိကာရာမ ကျောင်းတိုက် ပဓာနနာယက ဆရာတော် အမှူးပြုသော ဆရာတော် သံဃာတော်များထံ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူတို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။ အဆိုပါ ဒုတိယအကြိမ်အလှူငွေပေးအပ်ပွဲတွင် အလှူရှင်များ၏ စုစုပေါင်းလှူဒါန်းငွေမှာ ငွေကျပ် ၅၂၈၇ သိန်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မန္တလေးမြို့နှင့် ယူနန်ပြည်နယ်တို့မှ မျက်စိအထူးကုဆရာဝန်ကြီးများက မျက်စိဝေဒနာရှင်များအား အခမဲ့ ခွဲစိတ်ကုသမှုဆောင်ရွက်ပေး

မန္တလေး မတ် ၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ The Chinese Ophthalmic medical team from the first people's hospital of Yunan မှ မျက်စိအထူးကုဆရာဝန်ကြီးများနှင့် မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု ဆေးရုံကြီးမှ ဆရာဝန်ကြီးများ ပူးပေါင်း၍ မျက်စိဝေဒနာရှင်လူနာများအား အခမဲ့ မျက်စိခွဲစိတ်ကုသမှုကို ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၂ ရက်အထိ မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီး၌ စစ်ဆေးကုသဆောင်ရွက်လျက်ရှိသည်။ မတ် ၁ ရက် နံနက် ၁၁ နာရီခွဲက မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်သည် အဆိုပါ ဆေးရုံသို့ သွားရောက်၍ မျက်စိဝေဒနာရှင် လူနာများ စစ်ဆေးခွဲစိတ်ကုသဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုအား ပေးစကားပြောကြားသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အဆိုပါ ဆေးရုံသို့ ရောက်ရှိလာရာ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကု ဆေးရုံအုပ်ကြီး ဒေါက်တာ တင်တင်မိုး၊ မျက်စိဌာန ပါမောက္ခဌာနမှူး ဒေါက်တာ ရီရီအောင်နှင့် ဆရာဝန်များ၊ ယူနန်ပြည်နယ်မှ Professor Dr. Mei Yan နှင့် မျက်စိအထူးကု ဆရာဝန်ကြီးများက ဆေးရုံတွင် ဖေဖော်ဝါရီ ၂၇ ရက်မှ စတင်ကာ လာရောက်ကုသမှု ခံယူနေကြသော မျက်စိဝေဒနာရှင် လူနာများ၏ မျက်စိရောဂါအခြေအနေများ၊ အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်မှုအခြေအနေများနှင့် ပတ်သက်၍ လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မန္တလေးမြို့ အခြေစိုက် တရုတ်ကောင်စစ်ဝန်ချုပ်နှင့် မျက်စိအထူးကုဆရာဝန်ကြီးများသည် မျက်စိဝေဒနာရှင် လူနာများအား မျက်စိရောဂါကျန်းမာရေး စစ်ဆေးပေးနေမှုနှင့် ခွဲစိတ်ပြီး မျက်စိဝေဒနာရှင် သံဃာတော်များ၊ လူနာများအား လိုက်လံကြည့်ရှု၍ **(အပေါ်ပုံ)** အားပေးစကားပြောကြားကာ လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးသည်။

အဆိုပါ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ မျက်စိအထူးကုဆရာဝန်ကြီးများနှင့် မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီးမှ ဆရာဝန်ကြီးများ ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီး အတွင်းမှ မျက်စိဝေဒနာရှင်များအား ဖေဖော်ဝါရီ ၂၇ ရက်မှ မတ်လ ၁ ရက်အထိ မျက်စိဝေဒနာရှင် လူနာ ၁၆၈ ဦးနှင့် သံဃာတော် ခြောက်ပါးတို့အား ကျန်းမာရေးစစ်ဆေး၍ အောင်မြင်စွာ ခွဲစိတ်ကုသဆောင်ရွက်နိုင်ခဲ့ပြီး မတ် ၂ ရက် အထိ ဆက်လက်ခွဲစိတ်ကုသပေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(ဦးကျော်ဦး)**

မြန်မာ့ရိုးရာယဉ်ကျေးမှု နွားကြိုးအကျော့မောင်းနှင့် လှည်းအကျော့မောင်းပြိုင်

မုံရွာ မတ် ၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ခတ္တကန်တောင်ကျေးရွာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု နွားကြိုးအကျော့မောင်းနှင့် နွားလှည်းအကျော့မောင်းပြိုင်ပွဲကို မတ် ၂ ရက် နံနက် ၈ နာရီခွဲက ကျင်းပခဲ့သည်။

ပထမရက်အဖြစ် နွားအကျော့မောင်းပြိုင်ပွဲတွင် နွား ၂၄ ကောင် ပါဝင်ယှဉ်ပြိုင်ကြသည်။ အဆိုပါ ပြိုင်ပွဲတွင် နွားအကျော့မောင်းပြိုင်ပွဲနှင့် လှည်းအကျော့မောင်း (အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်း) ပြိုင်ပွဲဟူ၍ ပြိုင်ပွဲအမျိုးအစား လေးမျိုးပါဝင်ပြီး ပြိုင်ပွဲတစ်ခုစီတွင် ဝင်ကြေးငွေ ကျပ် ၁၅၀၀၀ ပေးသွင်းရပြီး နောက်ဆုံးအဆင့်အနိုင်ရရှိပါက ပထမဆု ၂၁ လက်မ ရောင်စုံရုပ်မြင်သံကြားစက်တစ်လုံး၊ ဒုတိယဆုအဖြစ် EVD ပြစက်တစ်လုံး၊ တတိယဆုအဖြစ် အမှတ်တရဆုဖလားတို့ကို ပြိုင်ပွဲလေးခုအတွက် စုစုပေါင်း ၁၂ ဆုချီးမြှင့်မည်ဖြစ်ပြီး ပြိုင်ပွဲကို မတ် ၂ ရက် မှ ၄ ရက်အထိ ကျင်းပသွားမည် ဖြစ်သည်။

ပြိုင်ပွဲကျင်းပမှုနှင့် ပတ်သက်ပြီး မြန်မာ့ရိုးရာ ယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းသောအားဖြင့် ပြန်လည်ဖော်ထုတ်ကျင်းပခြင်း၊ နွားပညာရှင်များ အချင်းချင်းတွေ့ဆုံစေပြီး အသိပညာဖလှယ်နိုင်ရေးတို့ကို ရည်ရွယ် ကျင်းပခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲကျင်းပသည်မှာ ယခုနှစ်ဆိုလျှင် သုံးနှစ်ရှိသွားပြီဖြစ်ကြောင်း၊ ဆုကြေးအနေဖြင့် မက်လောက်စရာ မဟုတ်သော်လည်း ပြိုင်ပွဲဝင်သူများက အားကြိုးမာန်တက်ပြိုင်ကြကြောင်း” ဖြင့် ပြောကြားခဲ့သည်။ ထို့အတူ ပြိုင်ပွဲသို့ လာရောက်ကြည့်ရှု အားပေးသူ ခတ္တကန်(မြောက်)ကျေးရွာသား ဦးကျော်မောင်ကလည်း နှစ်တိုင်းလာကြည့် ဖြစ်ကြောင်း၊ ၎င်းကိုယ်တိုင်ကလည်း တောင်သူအလုပ်ကို လုပ်ကိုင်နေသဖြင့် နွားများနှင့် အမြဲနီးကပ်နေသောကြောင့်လည်းပါမည် ထင်ကြောင်း။ ဤပြိုင်ပွဲသည် သုံးရက်ကြာမည်ဖြစ်သဖြင့် တစ်တွဲ၊ တစ်တွဲကို အနိုင်အရှုံး မပြတ်မခြင်း အချိန်အကန့်အသတ်မရှိ ယှဉ်ပြိုင်ရကြောင်း၊ ထို့အပြင် ပတ်ဝန်းကျင်မြို့နယ်များကပါ လာပြီး ယှဉ်ပြိုင်ကြသဖြင့် ဝါသနာအရ လာကြည့်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ မုံရွာမြို့အပါအဝင် အရာတော်၊ မြင်းမူ၊ ဆားလင်းကြီးမြို့နယ်အတွင်းမှ ဒေသခံများ၊ နွားဝါသနာရှင်များ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရှိရသည်။ **(ချို့နွယ်ဌေး)**

ညနေပိုင်း ထမင်း/ဟင်းချက်ချိန်၊ မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့်ဟင်းချက်ပြုတ်ခြင်းမပြုရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ၊ အထူးသတိပြုသုံးစွဲရန်။

(မီးသတ်ဦးစီးဌာန)

ကွန်ပျူတာပစ္စည်းများ လှူဒါန်း

မန္တလေး မတ် ၃

မန္တလေး အောင်မြေသာစံမြို့နယ် ပြည်ကြီးကျက်သရေအရှေ့ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအတွက် ကွန်ပျူတာ ဆက်စပ်ပစ္စည်း ပေးအပ်လှူဒါန်းပွဲကို မတ် ၂ ရက်နံနက် ၁၀ နာရီက ရပ်ကွက်ရုံး၌ ကျင်းပရာ မောင်စိန်ဝင်းနှင့်ညီများ စက်နှင့်စက်ပစ္စည်းရောင်းဝယ်ရေးမှ ဦးစိန်ဝင်းက ငွေကျပ်လေးသိန်းသုံးသောင်းတန် ကွန်ပျူတာဆက်စပ်ပစ္စည်းတစ်စုံ မြနဒီဘောလ် (ဘယ်ရင်) ရောင်းဝယ်ရေးမှ ငွေကျပ်တစ်သိန်းတစ်သောင်းတန် ဖက်စ်ဖုန်း တစ်လုံး၊ ၂၄ လမ်း ဦးမြင့်လွင်က ငွေကျပ် လေးသောင်း ငါးထောင်တန် ကော်ဖော ၁၅ ကိုက်တို့ကို ရပ်ကွက်အုပ်ချုပ်ရေးမှူးထံ ပေးအပ်လှူဒါန်းခဲ့သည်။ (၀၂၆)

အင်းတော်မြို့နယ်တွင် စိုက်ပျိုးလျက်ရှိသော နေကြာခင်းများ အောင်မြင်မှုဝေဆာ

အင်းတော် မတ် ၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မဲဇာချောင်းကမ်းအနီးရှိ သီလရွာ၊ တုံးပုရွာ၊ တာပေါကျေးရွာ ဒေသများတွင်လည်းကောင်း၊ ကျွဲကူး၊ ဆိပ်သာ၊ ရွှေငှက်၊ မံဖာရွာများအနီးတွင်လည်းကောင်း၊ မန်လည်အနီးဝန်းကျင်ရှိ မဲဇာချောင်းကမ်းဘေးများတွင်လည်းကောင်း၊ မဲဇာအနီးဝန်းကျင်ချောင်းဘေးများတွင်လည်းကောင်း၊ လက်ပံတန်း၊ ဂျိုးဂျိုးဂျ၊ သက္ကယ်ကျင်း၊ ထန်းတောကျောက် ဆင်ကျေးရွာများအနီးရှိ မဲဇာချောင်းကမ်းဘေး၌ နေကြာစိုက်ပျိုးကြသော တောင်သူများသည် နေကြာစိုက်ပျိုးခြင်း အပင်များသာမက အပွင့်များပါ ဝေဆာ အောင်မြင်လျက်ရှိနေသည့်အတွက်ကြောင့် နေကြာစိုက်သူတို့ ဝမ်းသာပီတိဝေဖြာလျက်ရှိနေကြောင်း သိရသည်။

“နေကြာစိုက်ခါစကတော့ ကျွန်တော်တို့တစ်တွေ အတော်လေးစိတ်ပျက်မိပါတယ်၊ ဘာကြောင့်လဲဆိုတော့ ပေါက်ခါစကို ကျဲစိကျဲစပ်နိုင်တယ်၊ နောက်ပိုင်းတော့ စိုက်ပျိုးထားတဲ့ နေကြာစိုက်ပင်တွေဟာ တဖြည်းဖြည်းနဲ့ အပင်တွေက လည်း ထွားကျိုင်းလာတယ်၊ အပင်တွေ ထွားကျိုင်းလာတာနဲ့ နေကြာပွင့် ဝတ်မှုံတွေကလည်း ရှင်သန်မှု ဝေဆာလာတာကို တွေ့ရပါတယ်၊ ဒါကြောင့်မို့ ကျွန်တော်တို့တစ်တွေ ဒီနှစ်နေကြာစိုက်ပျိုးရတာ လုံးဝအောင်မြင်တယ်လို့ ပြောချင်ပါတယ်”ဟု အင်းတော်မြို့နယ် သုက္ခာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းက ပြောပြခဲ့သည်။

ယင်းနေကြာစိုက်ပျိုး လုပ်ကိုင်နေသူများသည် ယခုနှစ်တွင် ပျက်စီးမှုမရှိဘဲ နေကြာစိုက်ပင်များမှာ

အောင်မြင်မှုရရှိလာပြီး အပင်များအောင်မြင်ရုံသာမက နေကြာပွင့်များလည်း ဝေဝေဆာဆာပင်အောင်မြင်မှုရှိလာကြောင်း သိရသည်။

ဝမ်းသာပီတိ

ထိုသို့ အောင်မြင်လာသည့်အတွက်ကြောင့် နေကြာစိုက်ပျိုးလုပ်ကိုင်သူများမှာ ဧပြီလဆန်းပိုင်းတွင် နေကြာသိမ်းချိန်ကာလ ရောက်မည်ဖြစ်၍ ၎င်းအချိန်တွင် နေကြာစိုက်တောင်သူများသည် ငွေလည်းဖြိုင်ဖြိုင်ပေါ်ကြမည် ဖြစ်ကြောင်း သိရသည်။ ထို့အတွက်ကြောင့် နေကြာစိုက်ပျိုးသူများ ဝမ်းသာပီတိဝေဆာလျက်ရှိနေကြောင်း သိရသည်။

သန်းမောင်လေး(ကချင်မြေ)

ပခုက္ကူအညာဒေသ ခိုင်းနွားဈေးကွက်

ပခုက္ကူ မတ် ၃

ပခုက္ကူအညာဒေသခိုင်းနွားဈေးကွက်သည် အနိမ့်ဆုံး ကျပ်လေးငါးသိန်းမှ ကိုးသိန်း၊ ဆယ်သိန်းအမြင့်ဆုံး ဈေးပေါက်လျက်ရှိသည်။ ပခုက္ကူမြို့နယ် မီးသွေးကန်ရွာကြီးတွင် ခိုင်းနွား အကောင်ရေ ၁၈၀ ဝန်းကျင်ရှိပြီး တောင်သူဦးရေ ၉၀ ခန့်ရှိကြောင်း သိရသည်။ ခိုင်းနွားရှိမရှိ အနေအထားသည် တောင်သူလယ်သမား လုပ်ကိုင်သောဦးရေ၌ မူတည်သည်။ နွားတစ်ကောင်ကို တောင်သူများက ၁၀ နှစ်အထိသာ ခိုင်းကြပြီး အိုမင်းမစွမ်းမဖြစ်မီ ဈေးကွက်သို့ တင်ပို့ရောင်းချကြသည်။ နွားတစ်ကောင်ခိုင်းနေပြီ ဆိုလျှင် ခြောက်ချောင်းပေါက်ပြီး ရှစ်ချောင်းမရောက်ခင် ကောင်းကောင်းခိုင်း၍ ရပြီဖြစ်ကြောင်း၊ အချို့က နှစ်ချောင်းပေါက်လျှင် နောက်လိုက်နွားအနေဖြင့် အသုံးပြုကြကြောင်း တောင်သူတစ်ဦး ကရှင်းပြသည်။ နှစ်ချောင်းပေါက် ခြောက်ချောင်းပေါက်ဆိုသည်မှာ နွားဝေါဟာရဖြစ်ပြီး သွားနှစ်ချောင်း၊ သွားခြောက်ချောင်း၊ ရှစ်ခြောင်းကို ဆိုလိုခြင်းဖြစ်သည်။ နွားလေးနှစ်သား အရွယ်ရှိပါက သားပေါက်သည်။ တစ်ခါမွေးလျှင် တစ်ကောင်သာမွေး လေ့ရှိသည်။ နွားမတစ်ကောင်သည် ၁၀ သားမှ ၁၂ သား အထိသားကျသည်။ နှစ်သား၊ သုံးသားမွေးသည့် နွားမရှားသည်ဟုလည်း သိရသည်။ မီးသွေးကန်ရွာကြီးတွင် ခိုင်းနွားအပြင် နွားမ အပါအဝင် အကောင်ရေ ၅၀၀ ခန့်ရှိသည်။ ထွန်ယက်အငှားလိုက်ရာ၌ တစ်မနက် ငွေကျပ် ၅၀၀၀ ဈေးနှုန်းရှိရာတွင် အငှားလိုက်သူနည်းသည်။ ကုန်း ဒေသထွန်ရာ၌ ကျွန်းမြေထွန်သကဲ့သို့ နံနက် ၉ နာရီမပြီးစီးဘဲ ၁၂ နာရီ ၁ နာရီအထိ ထွန်ယက်ပေးရသည်။ ကျွန်းမြေထွန်ခမှာ ငွေကျပ် ၃၅၀၀ ဈေးနှုန်းရှိသည်ဟု နွားတစ်ရှင်း ထွန်ယက်မှုကို ရှင်းပြသည်။ ပခုက္ကူ ဒေသ၌ မြန်မာမျိုးနွား အများဆုံးရှိပြီး ရေစကြိုမြို့နယ် ပေါက်တော၊ ရွှေလှံ၊ ပိတောက်ပွင့်၊ နှောင်းဘနယ်မြေဒေသများသည် နွားချော၊ နွားလှနှင့် ခိုင်းနွားကောင်းထွက်ရှိသည်ဟု နာမည်ကြီးသည်။ နွားကျောင်းခမှာ တစ်လငွေကျပ် ၂၀၀၀ ဖြစ်သည်။ တောင်သူဦးကြီးအများစုသည် နွားတစ်ကောင်ကို ငါးနှစ်အတွင်း ခိုင်းနွားအဖြစ် သုံး၍ ပြန်ရောင်းထုတ်ကြသည်။ ပခုက္ကူဒေသတွင် မြစ်ခြေ၌ ခုနစ်ရက်တစ်ကြိမ် နွားဈေးရှိသော်လည်း အများအားဖြင့် နွားဝယ်လက်များက အိမ်အရောက် ရွာအရောက် လာရောက်ဝယ်ယူမှု အားကောင်းနေကြောင်းလည်း သိရသည်။ နွားနှင့်အတူ လှည်းအိမ်ဈေးသည်လည်း သံဘီးလှည်းသည် တစ်သိန်း၊ ကားဘီးလှည်း (သစ်သားဝင်ရိုး) နှစ်သိန်းခုနစ်သောင်း၊ ဘောနှင့်လှည်း သုံးသိန်းဝန်းကျင်ရှိ သည်။ ဘောနှင့် လှည်းသည် မြေပြန့် ဒေသတွင်သာ ကောင်းကြောင်း၊ အတက်အဆင်းများသောဒေသနှင့် မကိုက်ကြောင်း၊ ဘောပါသဖြင့် သွက်ကြောင်း၊ နွားကို ဒုက္ခပေးနိုင်ကြောင်း မီးသွေးကန်ဒေသခံတစ်ဦးက ပြောကြားသည်။ ပခုက္ကူ အညာဒေသ မြေပြန့်လှည်းနှင့် ယောချောင်းဝန်းကျင်လှည်းအိမ်များ မတူညီကြပေ။ ယောချောင်းဘေးရွာများသည် ကုန်းအဆင်းအတက်များ၍ လှည်းအိမ်သေးလျက် မြေပြန့်လှည်းမှာမူ ယောလှည်း အိမ်ထက်ကြီးသည်ကို လေ့လာသိရှိရသည်။ **နေဦးမောင်(ပခုက္ကူ)**

မဲဇာချောင်းတွင် ရွှေရှာဖွေသူများကြောင့် ဒေသခံတို့ ရေအခက်ကြုံနေ

အင်းတော် မတ် ၃

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်နှင့် ဗန်းမော်မြို့နယ်မှ ဆက်စပ်ပြီး စီးဆင်းလျက်ရှိသော မဲဇာချောင်းရိုးတစ်လျှောက် ရွှေဖောင်မော်တော်များဖြင့် ရွှေရှာဖွေနေမှုများကြောင့် ချောင်းရေများ နောက်ကျိနေလျက် သီးနှံစိုက်ပျိုးရန် ရေများပြတ်နေခြင်း၊ ကျွဲ၊နွား၊ တိရစ္ဆာန်များကို ရွှေဖမ်းယူရာတွင်သုံးသောဆေးများကို သုံးစွဲမိခြင်းတို့ကြောင့် ဒေသခံပြည်သူများ အခက်တွေ့နေကြကြောင်း သိရှိရသည်။ **(အပေါ်ယာပုံ)**

ထို့အပြင် အဆိုပါချောင်းသည် ဒေသခံများအတွက် သောက်ရေ၊ သုံးရေ၊ ချိုးရေ၊ သီးနှံစိုက်ပျိုးရာ ရေများ အဖြစ်အသုံးပြုနေရသော အဓိက ချောင်းကြီးဖြစ်နေသဖြင့် ကျွဲကောကြီးကျေးရွာ အဝင်အထွက် မိုင်တိုင် အမှတ် ၃၉/၂ မိုင် ၃၉/၄ မိုင်ကြားတွင် လည်းကောင်း၊ ၄၀/၁၊ ၄၀/၃ မိုင်တိုင်ကြားတွင် လည်းကောင်း၊ ၃၅/၅ မိုင်အနီးချောင်းများတွင် ရွှေလျှားစနစ်ဖြင့် ပြောင်းရွှေ့ပြုလုပ်နေသောကြောင့် မဲဇာပေါင်းဆုံရာ အင်းတော်၊ ဗန်းမောက်၊ မဲဇာချောင်းကျေးရွာသို့ စီးဆင်းရာ ချောင်းကြီး ပျက်စီးယိုယွင်းအောင် ပြုလုပ်နေသည်ကို ဒေသခံများမလိုလားကြကြောင်း ကျွဲကောကြီးကျေးရွာ ဒေသခံတစ်ဦးထံမှ သိရသည်။ ရေသည် ရေကောင်းရေသန့် ဖြစ်မှသာလျှင် ဒေသခံတောင်သူများ အတွက် သီးနှံဖြစ်ထွန်းအောင်မြင်နိုင်သကဲ့သို့ လူသားများနှင့် သားရဲ တိရစ္ဆာန်များ၏ အသက်ရှင်မှုအတွက် ရေသည် အဓိက ကျပေသည်။ **ငွေအိုး(ကသာ)**

မန္တလေး ချမ်းအေးသာစံ၌ မီးဘေးကာကွယ်ရေးလက်တွေ့သရုပ်ပြ

မန္တလေး မတ် ၃

မန္တလေး ချမ်းအေးသာစံမြို့နယ် ပတ်ကုန်းပျော်ဘွယ်ရပ်ကွက် ၆၈ လမ်းနှင့် လမ်း ၃၀ ထောင့်ရှိ စိန်မြင့်မိုရ်လက်ဖက်ရည်ဆိုင်ရှေ့မျက်နှာစာ၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လေ့ကျင့်မှုသရုပ်ပြပွဲကို ဖေဖော်ဝါရီ ၂၆ ရက် ညနေ ၆ နာရီက ကျင်းပရာ မန္တလေးခရိုင် ချမ်းအေးသာစံမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးလှမင်းက မီးသတိပြုရေး၊ မီးလောင်မှုဖြစ်ပွားပါက လက်တွေ့အစီအမံများ၊ မီးလောင်မှုများနှင့် မီးဘေးအကြောင်း သိကောင်းစရာများကို အဆိုပါ လက်ဖက်ရည်ဆိုင်မှ ဆိုင်ရှင်နှင့် မိသားစုများ၊ ဝန်ထမ်းများနှင့် တက်ရောက်လာကြသူများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် မီးသတ်ဦးစီးမှူး ဦးလှမင်း၊ ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ တပ်စုမှူး ဦးကျော်စွာလင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ လက်ဖက်ရည်ဆိုင် ဝန်ထမ်းများ ပူးပေါင်း၍ မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြကြကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(၀၄၀)

ကသာမြို့ ရေကြောင်းလမ်း သင်္ဘောဆိပ်ခံပြောင်းရွှေ့

ကသာမြို့ အမှတ်(၂)ရပ်ကွက်အတွင်းရှိ ရေကြောင်းလမ်း ကုန်တင်ကုန်ချပြုလုပ်ရာ သင်္ဘောဆိပ်ခံကြီးသည် ပေ၃၀၀ကျော်ခန့်ရှိ၍ ရေစီးရေလာကောင်းမွန်သော နေရာသို့ပြောင်းရွှေ့လိုက်ပြီဖြစ်ကြောင်း သိရှိရသည်။ သဘာဝပတ်ဝန်းကျင်ပြောင်းလဲလာမှုကြောင့် ဧရာဝတီမြစ်ရေတိမ်ကောလာခြင်း၊ ရေကြောင်းပြောင်းလဲလာခြင်းတို့ဖြစ်လာ၍ မူလထားရှိရာ နေရာမှာ သင်္ဘောကြီးငယ် ဝင်ရောက်ဆိုက်ကပ်မှု၊ ကုန်စည်တင်ဆောင်မှု အဆင်မပြေနိုင်တော့သဖြင့် အဆင်ပြေစေနိုင်မှုရှိစေရန်အတွက် ပြောင်းရွှေ့ရခြင်းဖြစ်ကြောင်း သိရှိရသည်။

ဆိပ်ခံကိုမပြောင်းရွှေ့ဘဲထားပါက ကုန်စည်သယ်ယူပို့ဆောင်ရာတွင် သင်္ဘောများဆိုက်ကပ်၍မရသကဲ့သို့ ကုန်တင်ကုန်ချနှင့် ခရီးသွားလာသူများအတွက် အခက်အခဲများဖြင့် တွေ့ကြုံနေကြရသည်။ ယခုနှစ်တွင် သဘာဝရေအရင်းအမြစ်များ ပြောင်းလဲပျက်စီးလာမှုကြောင့် သဲသောင်များ ဖြစ်ထွန်းလာသည်။

မြစ်ကမ်းအနီးရှိ ဒေသခံများသည် မြစ်အတွင်းသို့ တတ်နိုင်သရွေ့အမှိုက်များစွန့်ပစ်မှုမပြုလုပ်စေရန် မြစ်လမ်းကြောင်းမပိတ်ဆို့စေရေး ဝိုင်းဝန်းကူညီခြင်းဖြင့် မြစ်ကြောင်း လမ်းရေစီးရေလာကောင်းမွန်ရေး ပါဝင်ကူညီကြစေလိုကြောင်း ရေလမ်းထိန်းသိမ်းရေး ဝန်ထမ်းတစ်ဦးက အကြံပြုပြောကြားကြောင်းသိရသည်။ **ငွေအိုး(ကသာ)**

မြဝတီရုပ်မြင်သံကြား

၄-၃-၂၀၁၃ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၂	နိုင်ငံတော်သီချင်း
၇း၀၃	တရားတော်
၇း၂၀	မျိုးချစ်တပ်မတော်
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၈း၀၃	အမျိုးသားရေးတေးကဗျာ
၈း၁၀	ဇာတ်လမ်းတို
၈း၂၅	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	မြဝတီအဖွင့်
၄း၀၂	နိုင်ငံတော်သီချင်း
၄း၀၇	မျိုးချစ်တပ်မတော်
၄း၄၅	လျှပ်တစ်ပြက်
၄း၅၅	ဗွီစီဒီကျော်ကြားတေး
၆း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၆း၀၅	အမျိုးသားရေးတေးကဗျာ
၆း၁၀	သံစဉ်လမ်းက လင်းလက်ကြယ်
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
	- အမျိုးသားရေးတေးကဗျာ
	- ဒို့တာဝန်အရေးသုံးပါး
	- နိုင်ငံတကာသတင်း
	- မိုးလေဝသသတင်း
	- မြဝတီရုပ်မြင်သံကြားသတင်း
	- Mini Series

လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဆင်း

တောင်တွင်းကြီး မတ် ၃

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး သင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၂ရက်က တောင်တွင်းကြီးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ထွဋ်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။ ယင်းနောက် သက်ဆိုင်ရာ တာဝန်ရှိသူများက သင်တန်းတက်ရောက်သူများကို သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ အဆိုပါ သင်တန်းသို့ တောင်တွင်းကြီးမြို့နယ်ရှိ ကျေးရွာအုပ်စု ၈၂ အုပ်စုမှ သင်တန်းသား ၈၂ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ လေးပတ်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph:209200,430480,544383

အမြန်ရောင်းမည်
မရမ်းကုန်း၊ (၅)ရပ်ကွက်၊ ကျောက်ရေတွင်း၊ ဘိုးဘွားပိုင် အမည်ပေါက် အိမ်နှင့်ခြံ နှစ်ကွက်ရောင်းမည်။(ညှိနှိုင်းဈေး)
ဖုန်း-၀၉-၇၃၀၇၆၅၀၃

ချောင်းနန် ဟိုတယ်အသုံးအဆောင်ပစ္စည်းရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် မှ
Ph : 010-3001064, 09-40271 6879

Golden Luck Air-Con Express
ကျိုက်ထီးရိုး 8000
ချောင်းသာ 10000

Golden Brothers Travels
ကျိုက်ထီးရိုး
ချောင်းသာ

The Myanmar Post
မြန်မာပို့စ်
www.unitedmediagroup.org
NLD

နိုင်ငံအဝန်း
သစ်တောစွမ်းဖြင့်
စိမ်းလန်းစေရမည်

ပြည်တွင်းသတင်း

စွမ်းအင်ဆိုင်ရာ အစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၃

နိုင်ငံတော်၏ စွမ်းအင်နှင့်လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ကျင်းပသည့်အစည်းအဝေးမှ စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လတ်တလောနှင့် ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ဦးစားပေးချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ဥပဒေအဟောင်းများ ပြင်ဆင်ရေးဆွဲခြင်း၊ ဥပဒေအသစ်များ ပြဋ္ဌာန်းခြင်း၊ သီအိုရီအရ လက်ရှိအခြေအနေ ဆန်းစစ်ခြင်း၊ ဖြစ်နိုင်ခြေ စူးစမ်းလေ့လာခြင်း၊ လိုအပ်သော စာရင်းဇယားများ ကောက်ယူခြင်း စသည်တို့ကို အဆင့်ဆင့်ဆောင်ရွက်ရမည် ဖြစ်သကဲ့သို့ တစ်ချိန်တည်း တစ်ပြိုင်တည်းမှာပင် စွမ်းအင်ကဏ္ဍအလိုက် အသီးသီးတာဝန်ယူထားသည့်ဌာနများကလည်း မိမိတို့တာဝန်ယူထားသော ကဏ္ဍအလိုက် အကောင်အထည်ဖော်ရန် လိုအပ်ကြောင်းဖြင့် စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ(၁)၌ မတ်လ ၁ ရက်တွင် ကျင်းပသည့် စွမ်းအင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် စွမ်းအင်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေက အမှာစကားပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ စွမ်းအင်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေ၊ ကော်မတီဝင်များဖြစ်သော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် မြန်မာ့ပြန်ပြည့်မြဲစွမ်းအင်အသင်းတို့မှ တာဝန်ရှိသူများ၊ ပြင်ပကျွမ်းကျင်ပညာရှင်များ တက်ရောက်သည်။

အစည်းအဝေးသို့ တက်ရောက်လာသူများက ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍကို ပိုမိုကျစ်လျစ်သိပ်သည်း ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီတစ်ရပ်ဖွဲ့စည်းရန် လိုအပ်ကြောင်း၊ နေရောင်ခြည်စွမ်းအင်သုံး Lamp နှင့် Pannel စျေးနှုန်းကို အများပြည်သူတွင်ကျယ်စွာ အသုံးပြုနိုင်ရန်အတွက် သက်သာသောစျေးနှုန်းနှင့် နည်းပညာကောင်းများရရှိအောင် နည်းလမ်းရှာဖွေဆောင်ရွက်သင့်ကြောင်း၊ နိုင်ငံတော်၏ တိုးမြင့်လာသော လျှပ်စစ်သုံးစွဲမှုကို ဖြည့်ဆည်းနိုင်ရန် ရေနံနှင့် သဘာဝဓာတ်ငွေ့ကို ပိုမိုရှာဖွေနေသကဲ့သို့ မဂ္ဂါဝပ်များစွာထုတ်လုပ်ပေးနိုင်သော အကြီးစားရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သင့်ကြောင်း၊ ကော်မတီ၏လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် တစ်လထက်တစ်လလုပ်ငန်းများ တိုးတက်အောင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကဏ္ဍအလိုက် ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးရန် လိုကြောင်းဖြင့် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ASEAN Preneurs Youth Leader Exchange-National University of Singapore (NUS)၏ ဖိတ်ကြားချက်အရ PS Business School မှ လေ့လာရေးအဖွဲ့ဝင် ငါးဦး လေ့လာရေး မထွက်ခွာမီ ရန်ကုန်လေဆိပ်၌ တွေ့ရစဉ်။ (သတင်းစဉ်)

ဆိုင်ကယ်က စက်ဘီးစီးလာသူကို တိုက်

ရန်ကုန် မတ် ၃

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အမှတ် (၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်းမပေါ်တွင် စက်ဘီးစီးနင်းလာသူကို ဆိုင်ကယ်မောင်းလာသူက မတ် ၁ ရက် ညသန်းခေါင်ယံအချိန် ၁၂ နာရီခန့်တွင် ပြင်းထန်စွာ တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် ရွှေဝါမြေ အောင်မေတ္တာ (၅)လမ်းအမှတ် ၁၉၇ နေ ဦးနိုင်ဝင်း ၅၀ နှစ် မောင်းနှင်လာသော ယာဉ်အမှတ် ၂၀ဃ/. . . (ZAW KENBO) 125 မော်တော်ဆိုင်ကယ်သည် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းအတိုင်း ရှေ့မှ နောက်သို့ အရှိန်ပြင်းစွာဖြင့် မောင်းနှင်လာစဉ် မရမ်းကုန်းမြို့နယ် (၃) ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးဝင်းနေ အသက် ၁၅ နှစ်ရှိ ၁၀ တန်းကျောင်းသား မောင်အောင်မြတ်သူ (ခ) ဖိုးလပြည့် စီးနင်းလာသော စက်ဘီးကို သာယာအေးလမ်းထိပ် အလယ်ပလက်ဖောင်းကိုဖြတ်အကွေ့တွင် ဝင်တိုက်လိုက်သဖြင့် စက်ဘီးစီးနင်းလာသူမှာ ဦးခေါင်းသွေးထွက် ဒဏ်ရာများကြောင့် မြောက်ဥက္ကလာပဆေးရုံသို့ ပို့ဆောင်ပြသရာမှ မသက်သာသဖြင့် ရန်ကုန်ဆေးရုံကြီးသို့ အမြန်ပြောင်းရွှေ့ကာ အတွင်းလူနာဖြစ် ကုသခံလျက်ရှိကြောင်းနှင့် ဆိုင်ကယ်မောင်းသူကို နယ်မြေ (၁) ယာဉ်မှုစစ် ဒုရဲအုပ် မျိုးအောင်က အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

သီရိမင်္ဂလာစျေးဟောင်းရှေ့ဆိုင်ခန်းများ အရောင်း၊ အဝယ်၊ အငှားထိုးတက်

သတင်းဓာတ်ပုံ - တင်ဝင်းလေး (ကြည့်မြင်တိုင်)

ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ သီရိမင်္ဂလာစျေးကြီးကို ၂၀၁၀ ခုနှစ် ဒီဇင်ဘာလနောက်ဆုံးပတ်က စတင်၍ လှိုင်မြို့နယ် ပိတောက်ချောင်းအနီးသို့ ပြောင်းရွှေ့ခဲ့သည်။

ထိုစဉ်က စျေးကြီးရှေ့ရှိ အိမ်များ၊ တိုက်ခန်းများရှိဆိုင်များမှာ စျေးကြီးကိုမှီ၍ အရောင်းအဝယ်အလွန်ကောင်းခဲ့ကြ၍ တိုက်ခန်းအရောင်း၊ အဝယ်၊ အငှားစျေးများကလည်း ကြီးမားခဲ့သည်။ ၁၂ ပေ× ၆၀ ပေ မြေညီထပ် တစ်ခန်းလျှင် ဝယ်ရောင်းစျေးမှာ ကျပ်သိန်း ၁၂၀၀ မှ ၁၅၀၀ အကြားစျေးရှိခဲ့သည်။ အငှားနှုန်းမှာ တစ်လ ကျပ်ငါးသိန်းနှင့်အထက် တစ်နှစ်အပြတ်စာချုပ်ချုပ်ဆိုရသည်။ ပထမထပ် တစ်ခန်းလျှင် ငှားခမှာ ကျပ်လေးသိန်းမှ ငါးသိန်းအကြား အပျောက်ငှားစနစ်ရှိခဲ့သည်။ စျေးကြီးကို လှိုင်မြို့နယ်သို့ ရွှေ့ပြောင်းပြီးနောက် ၁၂ ပေ × ၆၀ ပေ တစ်ခန်းလျှင် ကျပ်သိန်း ၇၀၀ မှ ၉၀၀ ကြားအထိ ဆင်းသက်သွားခဲ့သည်။ ဝယ်မည့်သူ၊ ငှားမည့်သူမရှိဘဲ ဖြစ်နေခဲ့သည်။

ကမာရွတ်မြို့နယ် ဟံသာဝတီ ကားရောင်းဝယ်ရေးစခန်းကြီးအား ကြည့်မြင်တိုင်မြို့နယ် သီရိမင်္ဂလာစျေးဟောင်းကြီးသို့ ပြောင်းရွှေ့ရန် စီစဉ်မှုများနောက်ပိုင်း ပြီးခဲ့သောနှစ်ပတ်လောက်မှစတင်ကာ စျေးကြီးရှေ့ဆိုင်ခန်းများ၊ တိုက်ခန်းများရောင်းဝယ်ငှားစျေးနှုန်းတို့က တစ်ဟုန်ထိုးမြင့်မားစွာတက်ခဲ့သည်။ အိမ်ခြံမြေ အကျိုးဆောင်လုပ်သူ ဒေါ်ခင်ညိုက “စျေးကြီးရှေ့ဆိုင်ခန်းတွေဟာ ဗိုင်းခနဲ ခုန်တက်သွားတာ အရင်က ရောင်းမယ်၊ ငှားမယ်လို့ အပ်ထားတဲ့အခန်းတွေက အခုမရှိတော့ဘူး။ ဝယ်သူ၊ ငှားသူတွေ အများကြီးရှိပေမယ့် ရောင်းမယ့်၊ ငှားမယ့်သူမရှိတော့ဘူး” ဟု ဆိုပါသည်။



ကားရောင်းဝယ်ရေးစခန်းအဖြစ် ပြောင်းလဲလိုက်သော သီရိမင်္ဂလာစျေး

ယခုအခါ ထိုနေရာတစ်ဝိုက်တွင် ၁၂ပေ× ၆၀ပေမြေညီထပ် တစ်ခန်းလျှင် အရောင်းအဝယ်စျေးက ကျပ်သိန်း ၂၀၀၀- ၂၅၀၀ အကြား ပြန်ဖြစ်လာခဲ့သည်။ အငှားစျေးမှာ တစ်နှစ်စာချုပ်တစ်လ ကျပ်ရှစ်သိန်းစျေးရှိနေသည်။ စျေးကြီးနှင့် ခပ်လှမ်းလှမ်းဖရဲသီးစျေးတန်းတွင် အငှားစျေးမှာ တစ်လလျှင် ကျပ်ငါးသိန်းဝန်းကျင်ရှိနေကြောင်း အပြောင်းအလဲမြန်လွန်းသော ကြည့်မြင်တိုင် သီရိမင်္ဂလာစျေးဟောင်းရှေ့ရှိ ဆိုင်ခန်း၊ အိမ်ခန်းများ၏ အရောင်း၊ အဝယ်၊ အငှား စျေးကွက်ကို ဖြန့်ခင်းရေးသားလိုက်ရပါသည်။

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့



အမြန်ပြန်လာပါ



တစ်စုံတစ်ဦး၏ ဖြားယောင်းသွေးဆောင်မှုကြောင့် ဒေါ်စိုးသန္တာမျိုးကျော် ၁၂/ဗတထ(နိုင်)၀၃၅၈၂၅ **(အပေါ်ပုံ)** သည် နေအိမ်မှ ထွက်သွားပါသည်။ သမီးလေး အရမ်းသတိရနေသည်။ အမြန်ပြန်လာပါ။ အားလုံးခွင့်လွှတ်သည်။ ဖြားယောင်းသွေးဆောင်ထားသူနှင့် လက်ခံထားသူများအား ဥပဒေအရ အရေးယူမည်။ သတင်းပေးသူအား ထိုက်တန်စွာကျေးဇူးဆပ်ပါမည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဆက်သွယ်ရန် ဖုန်း-၀၉-၄၂၅၂၇၁၆၄၅၊ ၀၉-၅၁၈၇၉၈၆

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမောင်အေး ၁၀/မလမ(နိုင်)၁၀၅၃၃၇၏ ဘ/၄၄၇၆ နီဆန်းဆန်နီ HB 12 ဆလွန်း(၄×၂)R အမျိုးအစားပုံစံ(ဃ)မူရင်းစာရွက်စာတမ်းများနှင့် မှတ်ပုံတင်မူရင်းများ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၁-၄၀၁၅၉၀၊ ၀၁-၄၀၁၅၉၁

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးချစ်သန်း ၅/မရန(နိုင်)၀၂၃၄၄၇၏ ဘ/၅၃၅၈ တိုယိုတာပါပလေကာ KP39 ပစ်ကပ်(၄×၂) အမျိုးအစားပုံစံ(ဃ)မူရင်းစာရွက်စာတမ်းများနှင့် မှတ်ပုံတင်မူရင်းများပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၁-၄၀၁၅၉၀၊ ၀၁-၄၀၁၅၉၁

မြန်မာနိုင်ငံဆရာဝန်အသင်း၊ Myanmar Society of Endocrinology & Metabolism (MSEM) မှ ကြီးမှူးကျင်းပသော စတုတ္ထအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို မတ် ၁၆ရက်မှ ၁၇ရက်အထိ ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်တွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ ပြည်တွင်းပြည်ပမှ အထူးကုဆရာဝန်ကြီးများက ဟော်မုန်းနှင့် သက်ဆိုင်သော ရောဂါများ၊ ဆီးချိုသွေးချိုရောဂါ၊ အဝလွန်ရောဂါများအတွက် အာဟာရအကြောင်းများ၊ ပီကျူထရီရောဂါ၊ ပန်းသေပန်းညှိုးရောဂါ၊ ပါရာသိုက်ရွိုက်နှင့်ဆိုင်သော ရောဂါများနှင့်ပတ်သက်သော နောက်ဆုံးပေါ် ကုထုံးများနှင့် ရောဂါရှာဖွေရေး နည်းစနစ်များအကြောင်းကို ဆွေးနွေးပို့ချကြမည်ဖြစ်ပါသည်။

စိတ်ပါဝင်စားသူ ဆရာဝန်များအနေဖြင့် နှစ်ပတ်လည်အစည်းအဝေးအား တက်ရောက်နိုင်ရေးအတွက် ၂၀၁၃ခုနှစ် မတ် ၁၁ရက်မှ ၁၅ရက်အတွင်း စာရင်းပေးသွင်းနိုင်ရန် မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်)မှ ဒေါက်တာဒေါ်ယုယုလွင် ဖုန်း-၀၉-၅၁၃၇၅၇၀အား ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဝင်ကြေး-

MSEM Member/ M.Med.Sc Student ဖြစ်ပါက ငွေကျပ် -၂၀၀၀၀

Non-Member ဖြစ်ပါက ငွေကျပ် -၂၅၀၀၀ဖြင့် စာရင်းပေးသွင်းနိုင်ပါပြီ။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀(က)

မော်လမြိုင်ခရိုင်တရားရုံးတော်၌

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၉

မခင်စိန် (၎င်း၏အခွင့်ရကိုယ်စားလှယ် တင်တင်ဝင်း) **နှင့်** ၁။ ဦးစိန်တင်(ခ)ဦးဆန်းတင် ၂။ ဒေါ်လှစိန်

တရားလို **တရားပြိုင်များ**

ကြက်တည်င်ဘုရားလမ်း၊ တမံဦးပိုင်း ပင်ကျေးရွာ၊ သံဖြူဇရပ်မြို့နယ်၊ မွန်ပြည်နယ် (ယခုနေရပ်လိပ်စာမသိ) (၁)ဦးစိန်တင်(ခ)ဦးဆန်းတင်၊ (၂)ဒေါ်လှစိန် (အတူနေလင်မယား) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ချေးယူထားသော ငွေကျပ်သိန်း ၆၀၊ မီးလင်းရွှေ ၁၅ ကျပ်သား (သို့မဟုတ်) ၎င်းရွှေနှင့်တန်ဖိုးညီမျှသော ငွေ ၁၁၂၅၀၀၀၀/- (ကျပ်တစ်ရာတစ်ဆယ့်နှစ်သိန်းငါးသောင်း) စုစုပေါင်းငွေ ၁၇၂၅၀၀၀၀/- (ကျပ် တစ်ရာခုနစ်ဆယ့်နှစ်သိန်းငါးသောင်း)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သည့် သင့်ကိုယ်စားလှယ်ရှုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေပါ၍ဖြစ်စေ ၂၀၁၃ခုနှစ် မတ် ၁၂ရက် (၁၃၇၄ခုနှစ် တပေါင်းလဆန်း ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက် အမည်ရေးသားပါရှိသူ တရားလိုစွပ်စွဲချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသော စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ယဉ်ယဉ်သိန်း)
ဒုတိယခရိုင်တရားသူကြီး(၂)
မော်လမြိုင်ခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆ အိပ်ချ်၊ မြေကွက်အမှတ် ၃၆/၂ဘီ၊ ၃၆/၂စီ(လမ်း)၊ မြေကွက်တည်နေရာအမှတ်-၈၈၊ တက္ကသိုလ်ရိပ်သာလမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ Alice Tun Shwe(a)Daw War War Win Shwe (အိုင်အက်စ်အင်န်-၂၀၈၁၆၁)အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက်ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၅၆၃/ ၁-၃-၂၀၁၁ ရရှိသူ ဒေါ်အေးမာမျိုးသိန်း ၁၂/ဒဂန(နိုင်)၀၂၉၁၀၆က အမှားပြင်စာချုပ်အမှတ် ၁၄၀၀/၅-၄-၂၀၀၇ အား စာချုပ်စာတမ်းရုံး လက်ခံမှန်တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကိုရီးယားဘုန်းတော်ကြီး ၂၇ ပါးအား
ထေရဝါဒ ရဟန်းခံ၊ ရှင်ပြု အလှူတော်မင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၃

သာသနာရေးဝန်ကြီးဌာန သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၌ ကိုရီးယား-မြန်မာ ချစ်ကြည်ရေးအသင်း၏ ဦးဆောင်မှုဖြင့် ကိုရီးယား ဘုန်းတော်ကြီး၂၇ ပါးတို့အား ထေရဝါဒ ရဟန်းခံ၊ ရှင်ပြုအလှူတော်မင်္ဂလာရေစက်သွန်းချ အမျှပေးဝေခြင်းနှင့် သိမ်ဆင်းလောင်းလှူခြင်းအခမ်းအနားကို မတ် ၃ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ရန်ကုန်ဘွဲ့နှင်း သိမ်ဓမ္မာရုံ၌ ကျင်းပသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တအာဒိစ္စဝံသ ထံမှ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးစိုးဝင်းနှင့်ဇနီးနှင့် ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပါမောက္ခချုပ် ဆရာတော်က ထေရဝါဒရဟန်းအဖြစ် ခံယူတော်မူကြသော ကိုရီးယား ဗုဒ္ဓဘာသာ ရဟန်းတော်များအား ရဟန်း ဖြစ်ရက်ချုပ်များပေးအပ်သည်။

ယင်းနောက် ပရိသတ်များက ပါမောက္ခချုပ် ဆရာတော်၊ သင်ကြား(စီမံ)ဆရာတော်များနှင့် ကိုရီးယား ရဟန်းတော်များအား လှူဖွယ်ပစ္စည်းများဖြင့် သိမ်ဆင်းလောင်းလှူကြသည်။

ကိုရီးယားနိုင်ငံရှိ ကိုရီးယားဘုန်းတော်ကြီးများအကြား ထေရဝါဒ ဗုဒ္ဓဘာသာသာသနာတော်ကို ကျယ်ကျယ်ပြန့်ပြန့် ထပ်ဆင့်ဆင့်ပွား သင်ကြားပေးနိုင်ရန်ရည်ရွယ်၍ ကိုရီးယားဘုန်းတော်ကြီး ၂၇ ပါး ရဟန်းပြုကြခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

အပန်းဖြေသူများဖြင့် စည်ကားလာသည့် ညောင်ချောင်းသာ

ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်ဆုံရာညောင်တုန်းမြို့ ရန်ကင်းစံရာကျေးရွာတွင် သဘာဝသဲသောင်ပြင် ပေါ်ထွန်းလျက်ရှိပြီး အပန်းဖြေစရာ ညောင်ချောင်းသာကမ်းခြေဟု ပေါ်ပေါက်လျက်ရှိကြောင်း သိရသည်။

ပြောပြ

အဆိုပါ အပန်းဖြေနေရာသည် ဧရာဝတီမြစ်ပြင်မှ သန့်ရှင်းလတ်ဆတ်သော လေကောင်းလေသန့်ကို တိုက်ရိုက်ထိတွေ့ရှူရှိုက်ခွင့်ရရှိပြီး ရေကူးကစားနိုင်၍ ဖောကွင်းများစီးလျက် အပန်းဖြေ အနားယူနိုင်သည့်အပြင် သန့်ရှင်းသော အစားအသောက်များနှင့် အအေးမျိုးစုံတို့ကိုလည်း နှစ်သက်ရာ မှာယူစားသောက်နိုင်သည်ဟု ပဲခူးမြို့မှ လာရောက်အပန်းဖြေသူ တစ်ဦးက ပြောပြသည်။

အထူးစည်ကား

ချောင်းသာ၊ ငွေဆောင်ကဲ့သို့ ကုန်ကျစရိတ်မများလှဘဲ အချိန်တိုအတွင်း သွားရောက်အပန်းဖြေနိုင်သည့် အဆိုပါ ညောင်ချောင်းသာကမ်းခြေသို့ ညောင်တုန်းမြို့ ပတ်ဝန်းကျင်ဒေသများမှ ပြည်သူများနှင့် ရန်ကုန်မြို့မှ အများပြည်သူများ၊ နိုင်ငံခြား ကမ္ဘာလှည့်ခရီးသည်များ နေ့စဉ် လာရောက်အပန်းဖြေလျက်ရှိသဖြင့် အထူးစည်ကားလျက်ရှိသည်။

“ကျွန်တော်တို့က မြို့ကြီးတွင်နေရသောကြောင့် လူဦးရေများပြားလို့ မွန်းကျပ်နေတာ၊ လုပ်ငန်းခွင်ထဲတွင် နေ့စဉ်လိုလို လုပ်ငန်းတွေနဲ့ ဖိစီးနေရသဖြင့် စိတ်ညစ်စရာများ၊ ဖိစီးမှုများနှင့် ကြုံနေရကြောင်း၊ ယခုကဲ့သို့ အချိန်တိုအတွင်း ကုန်ကျစရိတ်သက်သာပြီး သန့်ရှင်းသော လေကောင်းလေသန့်ကို ရှူရှိုက်ရသဖြင့် ကျန်းမာရေးအတွက် အထောက်အကူပြုသောကြောင့် ပိုမိုနှစ်သက်သဖြင့် မကြာမကြာ လာရောက် အပန်းဖြေချင်ကြောင်း” ရန်ကုန်မြို့မှ လာရောက်အပန်းဖြေသူ တစ်ဦးက ပြောပြသည်။

အနားယူစရာ

အဆိုပါ ညောင်ချောင်းသာ ကမ်းခြေသည် ညောင်တုန်းမြို့ ရန်ကင်းစံရာကျေးရွာ၌ တည်ရှိ၍ ရန်ကုန်မြို့မှ ၃၄ မိုင်သာ ကွာဝေးပြီး တစ်နာရီ အချိန်တစ်နာရီအတွင်း လာရောက်လည်ပတ်နိုင်သော အပန်းဖြေ အနားယူစရာတစ်ခုဖြစ်သည်။ (ဓါတ်ပုံ)

ကိုထွန်းကျော်(ညောင်တုန်း)

မီး ဘေးရှောင် မလောင်ခင်တား

ရန်ကုန်မြို့ ပုဇွန်တောင်ရေကျော်ဈေးအား အဆင့်မြင့်ဈေးကြီးအဖြစ် တည်ဆောက်မည်

သတင်း-စိန်လွင် (မြန်မာ့အလင်း)

ရန်ကုန် မတ် ၃

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းမကြီးရှေ့ရှိ ရေကျော်ဈေးကို မကြာမီ အဆင့်မြင့်ဈေးကြီး အဖြစ် စတင်အကောင်အထည်ဖော် တည်ဆောက်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပုဇွန်တောင်ရေကျော် ဈေးကြီးကို ပုဂ္ဂလိကကုမ္ပဏီတစ်ခု ဖြစ်သည့် အောင်မြင်ပြည့်စုံကုမ္ပဏီက တာဝန်ယူတည်ဆောက်မည်ဖြစ်ပြီး လက်ရှိဈေးကို ပုဇွန်တောင် ဝိုင်အမ်ဘီအေအသင်းအနီးရှိ ဇေယျာမြိုင်ပန်းခြံ၌ ယာယီပြောင်းရွှေ့ဖွင့်လှစ်ထားပေးမည်ဖြစ်သည်။

“ဒီအဆင့်မြင့် ဈေးကြီးကို ယာယီဈေး ပြောင်းရွှေ့ဖွင့်လှစ်ပြီးသည်နှင့် ချက်ချင်း စတင်အကောင်အထည်ဖော် တည်ဆောက်မည်ဖြစ်ကြောင်း၊ အစီအစဉ်အားလုံး ရေးဆွဲပြီးသွားပြီဖြစ်ကြောင်း၊ သတ်မှတ်အချိန်ကာလမှာ ၁၄ လဖြစ်ကြောင်း၊ စောနိုင်သမျှစောအောင် အပြီးဆောက်လုပ်သွားမည် ဖြစ်ပါတယ်”ဟု အဆိုပါကုမ္ပဏီမှ မြန်မာ့အလင်းသို့ ရှင်းပြခဲ့သည်။

ယင်းအဆင့်မြင့် ဈေးကြီးသည် ရှစ်ထပ်ခွဲရှိပြီး မြေညီထပ်တွင် မူလဆိုင်ခန်းများကို ပြန်လည်နေရာချထားပေးမည်ဖြစ်ပြီး ပထမထပ်တွင် ကွန်ပျူတာဆိုင်ခန်းများ၊ ဂိမ်းဆိုင်များ၊ ဒုတိယထပ်တွင် ကားပါကင်များထားရှိမည်ဖြစ်ကြောင်း သိရသည်။ ကျန်အထပ်များတွင် လူနေအိမ်များနှင့် ရုံးခန်းများထားရှိမည်ဖြစ်သည်။

အဆိုပါ ဈေးအဆင့်မြင့် တည်ဆောက်မှုနှင့် ပတ်သက်၍ အိမ်ဆောက်ပစ္စည်းများအား ရောင်းချသူ ဦးရွှေထွန်းက “ဈေးကြီးကို အဆင့်မြင့်မြင့်တည်ဆောက်ပေးပါက ဈေးက သန့်ရှင်းသပ်ရပ်ပြီးတော့ အဆင့်မီသွားကြောင်း၊ သို့သော်လည်း ပုံကျဈေးသည်များ နေရာပျောက်သွားနိုင်ကြောင်း၊ ၎င်းတို့သည် ငွေကြေးမတတ်နိုင်သဖြင့် ယခုကဲ့သို့ ဒီလိုလေးပဲ ရောင်းချစားသောက်နေကြရကြောင်း၊ ကိုယ်ချင်းလည်းစာပါကြောင်း ၎င်း၏ရင်တွင်းမှ ကရုဏာသံလေးကို ကြားခဲ့ရသည်။

(၁၂)ကြိမ်မြောက် မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း ညီလာခံကျင်းပမည်

နေပြည်တော် မတ် ၃

မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း၏ (၁၂)ကြိမ်မြောက်ညီလာခံကို နေပြည်တော် ရေဆင်းမွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တွင် မတ် ၃၀ ရက်နှင့် ၃၁ ရက်တို့၌ ကျင်းပမည်ဖြစ်ရာ ညီလာခံတက်ရောက်မည့် အသင်းဝင်များသည် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အဆောက်အအုံရှိ အသင်းရုံး ဖုန်း-၀၁-၆၄၄၃၀၅ နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးရုံးများ၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တို့တွင် မတ် ၁၉ ရက် ညနေ ၄ နာရီခွဲ နောက်ဆုံးထား၍ မှတ်ပုံတင်ကြေး ကျပ်တစ်သောင်းပေးသွင်းကာ မှတ်ပုံတင်နိုင်ကြောင်း၊ နယ်အသင်းဝင်များသည် ညီလာခံမှတ်ပုံတင်ကြေးကို စာတိုက်မှတစ်ဆင့် ငွေပို့လွှာတွင် အမည်၊ အသင်းဝင်အမှတ်ဖော်ပြလျက် ပေးပို့ကာမှတ်ပုံတင်နိုင်ကြောင်း၊ ညစာစားပွဲကို ညီလာခံပထမရက်တွင် လည်းကောင်း၊ သက်ကြီးပူဇော်ပွဲကို ညီလာခံ ဒုတိယရက်တွင်လည်းကောင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်သန်း(ကော့မှူး)

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အငြိမ်းစားဝန်ထမ်းများ သိသာရန်

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ အငြိမ်းစားယူခဲ့သည့် ဝန်ထမ်းများအား တိုးမြှင့်ပင်စင်ခံစားခွင့်ရရှိရေးကိစ္စများ ဆောင်ရွက်ပေးလျက်ရှိရာတွင် လာရောက်ဆက်သွယ်သတင်းပို့ရန် ကျန်ရှိသော အငြိမ်းစားဝန်ထမ်းများရှိနေပါသဖြင့် တိုးမြှင့်ပင်စင်ခံစားခွင့်ရရှိရေးကို ဆောင်ရွက်ပေးနိုင်ရန်အတွက် စီမံရေးရာဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ အမြန်ဆုံးလာရောက် ဆက်သွယ်ကြပါရန် အသိပေး အကြောင်းကြားအပ်ပါသည်။

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း

ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ ဝေဇယန္တာလမ်း၊ မြေကွက်အမှတ် ၂၃၃၊ အကျယ်အဝန်း ပေ(၄၀×၆၀)ရှိ နှစ် ၆၀မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက် ဖခင်ဦးမောင်သင်နှင့် မိခင်ဒေါ်ဘီတို့ ကွယ်လွန်သဖြင့်အမွေဆက်ခံပိုင်ခွင့်ရှိသူ သားသမီးများဖြစ်ကြသော (၁)ဦးကျော်နစ် ၁၃/ကမန(နိုင်)၀၁၀၁၈၉၊ (၂)ဒေါ်နှင်းရီ(ခ)တန်ဘီဟောင် ၁၂/ဗတထ(နိုင်)၀၂၄၅၂၀၊ (၃)ဒေါ်ခင်အေး(ခ)တန်ဘိကြူ ၁၂/လသန(နိုင်)၀၀၅၂၁၂၊ (၄) ဒေါ်ခင်ခင်ဝင်း(ခ) တန်ဘိလွမ် ၁၂/လသန(နိုင်)၀၁၃၇၂၇၊ (၅)ဦးမောင်မောင်ကောက် ၁၂/အစန(နိုင်)၁၃၇၄၄၈၊ (၆)ဦးမောင်စိန်(ခ)ကျော်အောင် ၁၂/ဥကတ(နိုင်)၀၃၉၉၄၈၊ (၇) ဦးမြင့်အောင် ၁၂/သဃက(နိုင်)၀၉၅၄၉၃၊ (၈)ဒေါ်လှလှဝင်း ၁၂/ဥကတ(နိုင်)၁၃၄၂၈၄တို့ထံမှ ကျွန်ုပ်တို့ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (ရောင်းဖိုးငွေတစ်စိတ်တစ်ပိုင်း) ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို LL.B (စဉ်-၂၃၂၉၉) အထက်တန်းရှေ့နေ
ဒေါ်အိမ့်ဖြူနိုင် LL.B,D.B.L, D.M.L (စဉ်-၂၉၇၄၆) အထက်တန်းရှေ့နေ

အာရှမြေ အိမ်-ခြံ-မြေ အကျိုးဆောင်ကုမ္ပဏီ
အမှတ် ၁၈၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၃၉၃၁၂၈၊ ၃၉၃၁၇၃

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၁-သမိုင်း)၊ မြေကွက်အမှတ် (၂/ည-၂၂/၄-အေ)၊ မြေဧရိယာ ၀ ဒသမ ၀၄၃ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၁၄၅/စီ၊ သီရိမင်္ဂလာလမ်း၊ (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အကျိုးခံစားခွင့်အားလုံးအား တရားဝင်လက်ဝယ်ပိုင်ဆိုင်သူ ဒေါ်ချိုချိုဝင်း ISN-၅၆၀၂၂၇ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်နောက်ပိုင်းတွင် စာချုပ်စာတမ်းများကို တရားဝင်ပြုလုပ်ချုပ်ဆိုမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးမင်းလွင်ထူး(စဉ်-၂၁၂၉၆) အထက်တန်းရှေ့နေ
အမှတ် ၈၃(ပထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၃၇၄၇၉၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ညောင်သုံးပင်တောင်ကွက်၊ အမှုထမ်းရပ်ကွက်၊ ကုန်းမြင့်သာလမ်းသွယ်(၁)၊ ကွင်း/အကွက်အမှတ် ၂၉၊ ဦးပိုင်အမှတ် ၁၅၀၊ ဧရိယာ ၀ဒသမ ၀၄၈ဧကရှိ (အစိုးရမြေလပ်)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံးအား သန်လျင်မြို့၊ မြို့မြေစာရင်းတွင် အမည်ပေါက်သူထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လက်ရှိပိုင်ဆိုင်စီမံရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ထွေးထွေးမြတ် ၁၂/သကတ(နိုင်)၁၂၀၃၄၁ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (ရောင်းဖိုးငွေတစ်စိတ်တစ်ပိုင်း) ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို LL.B (စဉ်-၂၃၂၉၉) အထက်တန်းရှေ့နေ
ဒေါ်အိမ့်ဖြူနိုင် LL.B, DBL, DML (စဉ်-၂၉၇၄၆) အထက်တန်းရှေ့နေ

အာရှမြေ အိမ်-ခြံ-မြေ အကျိုးဆောင်ကုမ္ပဏီ
အမှတ် ၁၈၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၃၉၃၁၂၈၊ ၃၉၃၁၇၃

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ကြီးရပ်ကွက်၊ ၁၀၄လမ်း၊ အမှတ် ၂၈/အေ(မြေညီ)၊ အကျယ် ၁၂ဒသမ၅ပေ×ပေ၅၀ရှိ တိုက်ခန်းအပါအဝင်အကျိုးခံစားခွင့်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးကျော်သူ၏ဇနီး ဒေါ်ထက်နန္ဒာဝင်း ၇/တငန(နိုင်) ၁၃၅၂၁၂ထံမှ ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါတိုက်ခန်းနှင့် တိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်နောက်ပိုင်းတွင် စာချုပ်စာတမ်းများကို တရားဝင်ပြုလုပ်ချုပ်ဆိုမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမင်းလွင်ထူး (စဉ်-၂၁၂၉၆)
အထက်တန်းရှေ့နေ
အမှတ် ၈၃(ပထပ်)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၄၇၉၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၈/သမိုင်း)၊ မြေကွက်အမှတ် ၂၇၊ ဧရိယာ ၀ ဒသမ ၀၂၇ ဧကရှိ နှစ်၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၁၈၊ အောင်သိဒ္ဓိလမ်း၊ (၃)ရပ်ကွက်ဟုခေါ်တွင်သည့်အဆောက်အအုံ တယ်လီဖုန်းအမှတ်-၀၁-၆၆၆၃၉၄ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးသာန ၁၂/ပဘတ(နိုင်) ၀၀၇၉၅၉နှင့် ဒေါ်ခင်ဇော်ဝင်း ၁၂/ရကန(နိုင်)၀၂၁၃၆၇တို့ အမည်ပေါက်ပါသည်။ ကွယ်လွန်သူ ဦးသာန၏ဇနီး အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ ဒေါ်ခင်ဇော်ဝင်းထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ယင်းပစ္စည်းနှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားများဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်ပွင့်(ခ)ဒေါ်မေပြည့်စုံ LL.B, D.B.L.,D.I.L အထက်တန်းရှေ့နေ (စဉ်-၂၈၁၈၃)
အမှတ် ၅၅၊ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၁၂၅၇၉၅၊ ၀၉-၅၀၅၃၄၂၆

နိုင်ငံတကာအားကစားသတင်း

မန်ယူနှင့်ချန်ပီယံလိဂ်မကစားမီ ရီးရဲလ်က ဘာစီလိုနာကို အနိုင်ယူ

စပိန်ထိပ်သီးကလပ်နှစ်ခုဖြစ်သည့် ဘာစီလိုနာနှင့် ရီးရဲမက်ဒရစ်တို့ မတ် ၂ ရက် ညပိုင်းက စပိန်လာလီဂါပြိုင်ပွဲအဖြစ် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြရာ ရီးရဲမက်ဒရစ်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိလိုက်သည်။

ရီးရဲမက်ဒရစ်အတွက် အဖွင့်ဂိုးများကို ဘင်ဇီမာက ပွဲစပြီးမကြာမီ သွင်းယူခဲ့သည်။ ယင်းဂိုးကို ဘာစီလိုနာတိုက်စစ်မှူး မက်ဆီက ပြန်လည်ချေပခဲ့သည်။ ပထမပိုင်းပြီးသည်အထိ နှစ်ဖက်ကစားသမားများ မာမာတင်းတင်းကြမ်းကြမ်းတမ်းတမ်းကစားသွားခဲ့ကြသည်။

ခြေစွမ်းပြ

ဒုတိယပိုင်းတွင် ရီးရဲမက်ဒရစ်စတား စီရိုနယ်ဒိုလူစားဝင်ကစားလာပြီးနောက် ရီးရဲမက်ဒရစ်က ဘာစီလိုနာနောက်တန်းကို အကြီးအကျယ်ခြိမ်းခြောက်ခဲ့သည်။ ဘာစီလိုနာနောက်ခံလူများ အဆက်မပြတ် ရှင်းထုတ်ကာကွယ်နေရသည်။ သို့သော်လည်း ဆာဂျီယိုရာမို့စ်က လူကာမိုဒရစ်၏ ထောင့်ကန်ဘောမှ တစ်ဆင့် လှလှပပခေါင်းတိုက်သွင်းယူလိုက်၍ ဘာစီလိုနာဂိုးသမား ပြင်ဆင်ချိန်မရဘဲ ဂိုးဝင်သွားခဲ့သည်။ ရီးရဲမက်ဒရစ်က ဘာစီလိုနာကို စပိန်ဘုရင့်ဖလားအကြိုဗိုလ်လုပွဲပြီးနောက် ဒုတိယအကြိမ် အနိုင်ရလိုက်ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲအဖြစ် ရီးရဲမက်ဒရစ်က မန်ယူကွင်းသို့ မတ် ၅ ရက် ညတွင် သွားရောက်မကစားမီ ခြေစွမ်းပြလိုက်ခြင်းဖြစ်သည်။



ဒူဘိုင်းချန်ပီယံရှစ်ဖလား ဂျိုကိုဗစ် လေးကြိမ်မြောက်ဆွတ်ခူး

ကမ္ဘာကျော် တင်းနစ်ကစားသမား ဂျိုကိုဗစ်သည် ဒူဘိုင်းချန်ပီယံရှစ်တင်းနစ်ပြိုင်ပွဲတွင် ပြိုင်ဘက် ချက်တင်းနစ်ကစားသမား သောမက်ဘာဒိုက်ချ်ကို အနိုင်ရပြီး ချန်ပီယံဆုဖလားဆွတ်ခူးသွားသည်။

ဆားဘီးယားနိုင်ငံသား ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ဂျိုကိုဗစ်သည် ၇-၅၊ ၆-၃ ဖြင့် အနိုင်ရလိုက်ခြင်းဖြစ်သည်။ ဂျိုကိုဗစ်သည် ယင်းပြိုင်ပွဲအနိုင်ရလိုက်သဖြင့် ငါးနှစ်အတွင်း စတုတ္ထအကြိမ်မြောက် ဒူဘိုင်းဖလားကိုရလိုက်ခြင်းဖြစ်သည်။ သောမတ်ဘာဒိုက်ချ်သည် ငါးကြိမ်ချန်ပီယံ ဖက်ဒဲရားကို အနိုင်ရလိုက်ပြီး ဗိုလ်လုပွဲ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ဂျိုကိုဗစ်သည် အောက်တိုဘာလ နောက်ပိုင်း ရှုံးပွဲတစ်ပွဲမျှမရှိသေးပေ။ ဂရင်းဆလမ်ဖလားခြောက်ကြိမ်ရ ဂျိုကိုဗစ်သည် စက်တင်ဘာလအတွင်းက ယူအက်စ်အိုးပင်းတွင် မာရေးကို ရှုံးနိမ့်ပြီးနောက် ထိပ်တန်းပြိုင်ဘက် ၁၀ ဦးနှင့် ယှဉ်ပြိုင်ခဲ့ရာ ပြိုင်ပွဲအားလုံးအနိုင်ရခဲ့သူဖြစ်သည်။ ယင်းကာလအတွင်း ATP World Tour Finals ဖလားနှင့် ဩစတြေးလျအိုးပင်းဖလားတို့ကို ဆွတ်ခူးနိုင်ခဲ့သည်။

ကောင်းမြတ်သူ – စုစည်းသည်

ကာဂါဝါရဲ့ ဟက်ထရစ်ဂိုးနဲ့ မန်ယူအောင်ပွဲဆက်

ပရီမီယာလိဂ်ပွဲစဉ်များကို မတ် ၂ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ မန်ယူတို့နိုင်ပွဲရပြီး တန်းစီဇယားထိပ်ဆုံးကို ဆက်လက်ဦးဆောင်နေဆဲဖြစ်ပါတယ်။ ထိပ်တန်းအသင်းကြီးတွေ နိုင်ပွဲရခဲ့တဲ့ ဒီတစ်ပတ်ပွဲစဉ်တွေမှာ ပြိုင်ဘက်တွေထံက အမှတ်တွေရယူနိုင်ခဲ့ကြတာမို့ အိမ်ရှင်ပရိသတ်တွေ အောင်ပွဲခံနိုင်ခဲ့တဲ့ ညချမ်းဖြစ်ခဲ့ပါတယ်။

မန်ယူနှင့် နော့ဝစ်

အိုးထရက်ဖို့ဒ်ကွင်းမှာ မန်ယူက ဂျပန်နိုင်ငံသား ကာဂါဝါတာဝန်ကျေခဲ့ပါတယ်။ ပုံမှန်ခြေစွမ်းပြနိုင်ဖို့နဲ့ ဂိုးတွေသွင်းယူနိုင်ဖို့အတွက် ကာဂါဝါရဲ့ ဆန္ဒတွေပြည့်ခဲ့တဲ့ပွဲပါပဲ။

မန်ယူဟာနော့ဝစ်ကို ပထမပွဲချိန် အစောပိုင်းမှာ ဂိုးသွင်းနိုင်ရေး အားထည့်ခဲ့ပေမယ့် နော့ဝစ်တို့က ဟန့်တားနိုင်တာမို့ အလွဲလွဲအချော်ချော်တွေ ဖြစ်နေခဲ့ပါတယ်။ မန်ယူအတွက် ပထမဂိုးကို ပွဲချိန် ၄၅ မိနစ်မှာ ကွင်းလယ်ကစားသမား ကာဂါဝါက သွင်းယူပေးနိုင်ခဲ့ပြန်ပါတယ်။ ဆက်လက်ပြီး မန်ယူတို့ တည်တည်ငြိမ်ငြိမ်နဲ့ တိုက်စစ်ဆင် ကစားနိုင်ခဲ့တာမို့ ပွဲချိန် ၇၆ မိနစ်မှာ ကာဂါဝါကပဲ ဒုတိယဂိုး သွင်းယူနိုင်ခဲ့ပြန်ပါတယ်။

ဒုတိယပိုင်းပွဲချိန်မှာလည်း မန်ယူတို့ ဖိကစားခဲ့တာမို့ ပွဲချိန် ၈၆ မိနစ်မှာ ကာဂါဝါက တတိယဂိုးသွင်းယူပြီး ဟက်ထရစ် ရယူနိုင်ခဲ့ပါတယ်။ ပွဲပြီးခါနီး နောက်ဆုံးဂိုးကိုတော့ ရွန်းနေးက သွင်းယူခဲ့တာမို့ ပွဲအပြီးမှာ မန်ယူက လေးဂိုးပြတ်နဲ့ နိုင်ပွဲရရှိခဲ့ခြင်းဖြစ်ပါတယ်။

ချယ်လ်ဆီးနှင့် ဝက်စ်ဘရွန်း

အိမ်ကွင်းမှာ ကစားရပေမယ့် ဝက်စ်ဘရွန်းရဲ့ မာမာတင်းတင်းတို့ပြန်ကစားမှုကြောင့် ချယ်လ်ဆီးတို့ အခက်တွေ့ခဲ့ရပါတယ်။ ချယ်လ်ဆီးဟာ ဘောလုံးပိုင်ဆိုင်မှုများများနဲ့ ထိုးဖောက်ကစားခဲ့ပေမယ့် ပွဲချိန် ၂၈ မိနစ်ရောက်မှ တိုက်စစ်မှူးဒမ်ဘာဘာက ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ဝက်စ်ဘရွန်းတို့က ချေပဂိုးရရှိရေးကြိုးစားခဲ့တာမို့ ချယ်လ်ဆီးတို့ သတိထားကစားခဲ့ရပြီး ဂိုးထပ်မံသွင်းယူနိုင်ရေး အခက်အခဲဖြစ်ခဲ့ရပါတယ်။ ဒါ့အပြင် ချယ်လ်ဆီးတိုက်စစ်မှူးတွေရဲ့ မသေချာတဲ့ ဂိုးသွင်းယူမှုတွေကြောင့်လည်း ဂိုးဆက်လက်မသွင်းနိုင်ခဲ့တာဖြစ်ပြီး ဝက်စ်ဘရွန်းတို့ကလည်း ခံစစ်ကြောင်းလုံအောင် ကစားခဲ့တာမို့ ပွဲအပြီးမှာ ချယ်လ်ဆီးတို့ တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရရှိခဲ့ခြင်းဖြစ်ပါတယ်။

အဲဗာတန်နှင့် ရက်ဒင်း

ရက်ဒင်းနှင့် အဲဗာတန်တို့ ယှဉ်ပြိုင်ကစားရာမှာ အိမ်ရှင်အဲဗာတန်က သုံးဂိုး-တစ်ဂိုးသွင်းပြီး ရမှတ် သုံးမှတ်ထိုက်ထိုက်တန်တန်ရယူနိုင်ခဲ့ပါတယ်။

မိုးမြင့်လင်းလက်-ရေးသားသည်

စုလျားရစ်ပတ်လက်ထပ်ထိမ်းမြားမင်္ဂလာပွဲ ကျေးဇူးတင်လွှာ

ရောဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့
ဒေါက်တာရဲဝင်း-ဒေါက်တာဝင်းဝင်းသိန်းတို့၏သားရတနာ

ဗိုလ်ကြီး ခိုင်ကျော်ဦး

M.B.,B.S (D.S.M.A), M.Med.Sc (Biochemistry)

လက်ထောက်ကထိက၊ ဇီဝဓာတုဗေဒဌာန၊ တပ်မတော်ဆေးတက္ကသိုလ်

နှင့်

နေပြည်တော်၊ ဇေယျာသီရိမြို့
ပြည်ထောင်စုဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့်
စစ်ထောက်ချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်-ဒေါ်ဆွေဆွေဦးတို့၏သမီးရတနာ

မလွင်ယဉ်မင်း

B.Sc(Engg:) (Gem and Gem Mining), Final Year M.Sc (Mineralogy)
Diploma in Business Studies, Diploma in SEAMEO CHAT
Diploma in Applied Geology (Gemmology), Diploma in Geographic Information Systems

တို့၏ ၂၃-၂-၂၀၁၃ရက်တွင် နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် မင်္ဂလာမော်ကွန်းတင်ပေးပါသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးအောင်ဇော်သိန်း၊ မင်္ဂလာမှူးဦးစီးနာယကများအဖြစ် နှစ်ဖက်သောမိဘများကိုယ်တိုင် ဆောင်ရွက်ကျင်းပသော စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားမင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်သည့် နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ မင်္ဂလာပွဲကျင်းပနိုင်ရေးအတွက် ပံ့ပိုးကူညီပေးပါသော သမ္မတရုံးဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွှန့်နှင့် ဇနီး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် MICC မှ ဝန်ထမ်းများ၊ ၃-၃-၂၀၁၃ရက်တွင် ရန်ကုန်မြို့ Traders Hotel (Myanmar Ballroom)၌ ကျင်းပပြုလုပ်သည့် မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများကို ဆင်မြန်းပေးပါသော ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ငွေ၊ တပ်မတော်အကြီးအကဲများနှင့် ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးများ၊ မင်္ဂလာစားသောက်ဖွယ်ရာများကို တည်ခင်းဧည့်ခံပေးပါသော သင်္ဂဟဟိုတယ်မန်နေဂျာနှင့်အဖွဲ့၊ Traders Hotel နှင့် Sedona Hotel မှ ဝန်ထမ်းများ၊ မင်္ဂလာဘိသေက သွန်းလောင်းပေးပါသော မင်္ဂလာအခမ်းအနားမှူး သဘင်အနုပညာရှင် မန္တလေးသိန်းဇော်၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာတေးသံသာများကို သီကျူးပေးပါသော နိုင်ငံကျော်အဆိုတော် ဒေါ်တင်တင်မြနှင့် A-1 စိုးမြင့်အဖွဲ့၊ နိုင်ငံကျော်အဆိုတော် ဒေါ်ရီရီသန့်နှင့်အဖွဲ့၊ မင်္ဂလာတေးသံသာများကို တီးခတ်ပေးပါသော မြန်မာပြည်ကျောက်စိမ်းနှင့်အဖွဲ့၊ ဧည့်ခံသီဆိုပေးပါသော တေးသံရှင်များ၊ မင်္ဂလာသတို့သားအရံအဖြစ်ဆောင်ရွက်ပေးပါသော ဗိုလ်ကြီးပြည်ဟိန်းအောင်နှင့် ဗိုလ်ကြီးငြိမ်းကျော်၊ မင်္ဂလာသတို့သမီးအရံအဖြစ် ဆောင်ရွက်ပေးပါသော မနှင်းရည်ဦးနှင့် မသဥ္ဇာအေး၊ မင်္ဂလာပန်းကြဲပေးသော မဝင်းဝင်းထိုက်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးများကို ကိုင်ဆောင်ပေးသော မဆုရည်ကိုကို၊ မင်္ဂလာရွှေဆွဲကြိုးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ကလပ်ကို ကိုင်ဆောင်ပေးသော မသူသူထက်စံ၊ သရုပ်ဆောင် ထက်သူရအောင် (Managing Director), AOTO Co.,Ltd.၊ ပန်းအလှပြင် မာမီကင်း၊ မိတ်ကပ် မင်းမောင်အဖွဲ့၊ မိတ်ကပ်ဒီဇင်ဘာနှင်းအဖွဲ့နှင့် မင်္ဂလာမှတ်တမ်းတင် ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးပေးပါသော မြဝတီရုပ်မြင်သံကြားအဖွဲ့၊ ကိုနိုင်နိုင်ထွန်း Exposure၊ မန္တလေး Empire Studio၊ မင်္ဂလာခန်းမအား အလှဆင်ပေးပါသော Eternal Flower နှင့် ဘောဂသိဒ္ဓိအဖွဲ့၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော Dagon ပုံနှိပ်တိုက်တို့အားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပံ့ပိုးကူညီချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိ လူကြီး၊ မိဘ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှိုက်လှဲလှဲ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးခိုင်ကျော်ဦး-မလွင်ယဉ်မင်း

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မကြာမီ ဖွင့်လှစ်တော့မည့် ရွှေကြွယ်ပုံ စာကြည့်တိုက်ကို ဤသို့တွေ့ခဲ့ရသည်။

ဘက်စုံဖွံ့ဖြိုးတိုးတက်နေသော စစ်ကိုင်းမြို့နယ်အတွင်းက ရွှေကြွယ်ပုံကျေးရွာ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ-ခရမ်းစိုးမြင့်

ရွှေကြွယ်ပုံကျေးရွာသည်စစ်ကိုင်းမှ၂၇မိုင်ကွာဝေးပြီး စစ်ကိုင်း-ရွှေဘိုသွား ကားလမ်းမိုင်တိုင်အမှတ် ၃၁၇ မှ ၇ မိုင် ၇ ဖာလုံတွင် တည်ရှိသည်။

ကျေးရွာလမ်းဟုဆိုသော်လည်း ကတ္တရာကားလမ်းက ပြေပြစ် ချောမွေ့နေသည်။ ရွှေကြွယ်ပုံသွားကားလမ်း အပါအဝင် ဒီပဲယင်းခွဲ၊ ရွာသစ်၊ ရွာတောင်၊ တောင်မြို့၊ မူးသာ၊ အင်း၀၊ တောင်ကြား၊ ရွှေကြွယ်ပုံ၊ မူးသာ ၁၉ မိုင်နှင့် မူးသာတောင်ကြား၊ လင်းတလူ၊ ချိုင်းကြီး ၇မိုင် ၁ ဖာလုံ၊ ရွှေကြွယ်ပုံ-ဒီပဲယင်းခွဲ တစ်မိုင် နှစ်ဖာလုံတို့ကို စည်ပင်သာယာလမ်းအဖြစ်မှ ၂၀၀၉ ခုနှစ်က ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဌာနလမ်းပိုင်းအဖြစ် သတ်မှတ်သိမ်းသွင်း၍ပထမမြေသားလမ်း၊ ယင်းနောက် ကျောက်ချောနှင့်ကတ္တရာလမ်းအဖြစ် ခင်းပေးထားသော လမ်းဖြစ်၍ ချောမွေ့နေသည်။

ရွှေကြွယ်ပုံကျေးရွာသည် အိမ်ခြေ ၂၆၀၊ လူဦးရေ ၁၁၃၀ ခန့် ရှိပြီး အထက်တန်းကျောင်း တစ်ကျောင်းနှင့် ဝန်ထမ်းအိမ်ရာများ၊ ကိုယ်ထူကိုယ်ထ ဆေးပေးခန်းတစ်ခန်း၊ သားဖွားခန်းတစ်ခန်း၊ ကျေးရွာစာကြည့်တိုက်တစ်ခု၊ အလယ်တန်း၊ အထက်တန်းနှင့်တက္ကသိုလ်ဝင်တန်းကျောင်းသားကျောင်းသူများအတွက် ပညာသင် ထောက်ပံ့ကြေးပေးနေသော ပညာတံခွန် ပညာဒါနအသင်း၊ ပရဟိတလူမှုရေးကူညီမှုအသင်း၊ အစိမ်းရောင်အမွေအနှစ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပလတ်စတစ်ကင်းစင်ရေးနှင့် စိမ်းလန်းစိုပြည်ရေးအသင်း၊ ကျေးရွာနာရေးကူညီမှုအသင်းစသည်တို့ရှိကြောင်း သိရသည်။

ရွှေကြွယ်ပုံကျေးရွာမှ ပညာတံခွန် ပညာဒါနအသင်းသည် အခြေခံပညာအလယ်တန်းနှင့် အထက်တန်း ကျောင်းသားကျောင်းသူ ရှစ်ရှစ်ဦးကို ပညာသင်ထောက်ပံ့ကြေး တစ်လ ငွေကျပ်၂၀၀၀၀နှုန်းပေးထားသကဲ့သို့ အခြေခံပညာအထက်တန်းအောင်မြင်၍ တက္ကသိုလ်ပညာ ဆက်လက်သင်ကြားကြမည့် ကျောင်းသားကျောင်းသူ၁၇ဦးတို့အား တစ်လလျှင် ကျပ်၃၀၀၀၀နှုန်းဖြင့် ရွှေကြွယ်ပုံ တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေး အသင်းက ထောက်ပံ့လျက်ရှိသည်။

ယခုအခါ အဆိုပါ ရွှေကြွယ်ပုံကျေးရွာ အထက်တန်းကျောင်းတွင် ပတ်ဝန်းကျင်ကျေးရွာ၁၈ရွာမှကလေးများ အထက်တန်းပညာကို သင်ယူနိုင်နေကြပြီဟု သိရသည်။

ယခုအခါ ရွှေကြွယ်ပုံအထက်တန်းကျောင်းတွင် စုစုပေါင်းကျောင်းသား ကျောင်းသူ၄၂၇ဦးတက်ရောက်ပညာသင်ကြားလျက်ရှိကြောင်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၂၀၁၁ ခုနှစ်က ၁၉ ဒသမ ၀၅ ရာခိုင်နှုန်းအောင်မြင်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ၃၅ ဒသမ ၄၈ ရာခိုင်နှုန်း အောင်မြင်ခဲ့ကြောင်း၊ အထူးသဖြင့်၂၀၁၂ပညာသင်နှစ်တွင် ရွှေကြွယ်ပုံကျေးရွာမှ သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော မဇင်ဇင်အောင်သည် သူငယ်တန်းမှ ဒသမတန်းအထိ တစ်နှစ်မျှ မကျဘဲ ရွှေကြွယ်ပုံအထကမှ နှစ်ချင်းပေါက် သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူဖြစ်ကြောင်းကို ကျောင်းအုပ်ဆရာကြီး ဦးစံလင်းက ပြောပြသည်။

ရွှေကြွယ်ပုံ ကျေးရွာအုပ်စုတွင် ရွာသစ်ကျေးရွာနှင့် ရွာထောင်ကျေးရွာတို့ပါဝင်ကြောင်း၊ အိမ်ခြေ၆၀၀ ကျော်နှင့် လူဦးရေ ၂၇၀၀ ကျော် ရှိပြီး ယာဧက ၄၀၀၀ ခန့်တွင် ရာသီသီးနှံအဖြစ် ဂျုံ၊ ပဲမျိုးစုံ၊ မြေပဲ၊ နှံစားပြောင်း၊ ကြက်သွန်နီနှင့် နှစ်ရှည်သီးနှံလဲမှို၊ စိန်တစ်လုံး ရွှေဟင်္သာနှင့်ရင်ကွဲ သရက်ခြံဧက ၅၀၀ ခန့် စိုက်ပျိုးထားပြီး ဧက ၃၀၀ ခန့်မှာ အသီးများခူး၍ မူဆယ်မှတစ်ဆင့် တရုတ်ပြည်သို့ ပို့ကုန်အဖြစ် ပို့ဆောင်လျက်ရှိနေကြောင်း၊ နှစ်စဉ် ၁၂ ဘီးကားကြီး အစီး ၂၀ ခန့်နှင့် သရက်သီး ပိဿာတစ်သိန်းကျော်ပို့ဆောင်ပေးလျက် ရှိသကဲ့သို့ ဂျုံ၊ ပဲမျိုးစုံ၊ မြေပဲ၊ နှံစားပြောင်း၊ ကြက်သွန်နီများလည်း အထွက်ကောင်းကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဆရာဦးညိုမောင်က ပြောပြသည်။

ကျွန်တော်တို့ သတင်းအဖွဲ့သည် ရွှေကြွယ်ပုံကျေးရွာမှ အဖွဲ့အစည်းပေါင်းစုံတို့ကို ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ကိစ္စများ မေးမြန်းပြီး ရွာမှပြန်လာချိန်သည် ညဘက်သို့ ရောက်နေပြီဖြစ်သည်။ သို့သော် "ရွှေကြွယ်ပုံ" ရွာကမူ ဟိုဘက်အိမ်က မီးထိန်ထိန်၊ ဒီဘက်အိမ်က မီးထိန်ထိန်ဖြင့် တစ်ရွာလုံး လျှပ်စစ်မီးများ ထိန်ထိန်လင်းလျက်ရှိနေပါတော့သည်။

အကြီးတန်းအရာထမ်းများအတွက် သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် မတ် ၃

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဂျီနီဗာမြို့ ကုလသမဂ္ဂ လေ့ကျင့်ရေးနှင့် သုတေသန(ယူနီတာ)တို့ ပူးပေါင်းဖွင့်လှစ်သည့် ၂၀၁၄ခုနှစ် အာဆီယံထိပ်သီး အစည်းအဝေးအတွက် လိုအပ်သော လေ့ကျင့်မှုများ ပြုလုပ်ရေးနှင့် ပတ်သက်သည့် အကြီးတန်းအရာထမ်းများအတွက် သင်တန်းဆင်းပွဲအခမ်းအနားကို မတ် ၁ရက် ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ဇမ္ဗူသီရိဟိုတယ်၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး ယူနီတာမှ ကိုယ်စားလှယ် Mrs. Isabel Hubert က သင်တန်းနှင့်ပတ်သက်သည့် ကိစ္စရပ်များကို ပြောကြားသည်။

ထို့နောက် သင်တန်းသို့ တက်ရောက်ခဲ့သည့် သင်တန်းသား သင်တန်းသူ အရာထမ်းများအား ညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်း၊ ယူနီတာမှ အကြီးတန်း အတိုင်ပင်ခံအရာရှိ Mr. Jean-Marc Boulgaris နှင့်သင်တန်းတာဝန်ခံ Mrs. Isabel Hubert တို့က သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ခဲ့ကြသည်။ သင်တန်းဆင်းပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့်အဆင့်မြင့် အရာရှိကြီးများ၊ ယူနီတာမှ သင်တန်းနည်းပြ ဆရာကြီးများ၊ သင်တန်းတာဝန်ခံနှင့်သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြသည်။

အငယ်တန်းအရာထမ်းများအတွက် သင်တန်းကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်မှ ၂၁ ရက်အထိ လည်းကောင်း၊ အကြီးတန်း အရာထမ်းများအတွက် သင်တန်းကို ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၁ ရက်အထိ လည်းကောင်း သင်ကြား ပို့ချခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာဖတ်ရှုနိုင်တိုးမြှင့်ရေးဆောင်ရွက်

နမ္မတူ မတ် ၃

အများပြည်သူဗဟုသုတ ရရှိစေရေးအတွက် စာဖတ်သူတိုးပွားလာစေရန် နမ္မတူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျေးရွာ/ရပ်ကွက် ဌာနဆိုင်ရာများသို့ တစ်အိမ်တက်ဆင်း၍ စာအုပ်များ ငှားရမ်းပေးလျက်ရှိသည်။

မကြာမီ နွေရာ သီကျောင်းပိတ်ရက် ရောက်ရှိတော့မည် ဖြစ်သဖြင့် ကျောင်းသား ကျောင်းသူများ အချိန်ကို အကျိုးရှိစွာအသုံးချလာစေရန်နှင့် စာပေဖတ်ရှုလာစေရန် ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျောင်းသား ကျောင်းသူများအား ဖိတ်ခေါ်၍ စာဖတ်ပြိုင်ပွဲများကျင်းပခြင်း၊ အာဟာရကျွေးမွေးခြင်းစသည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

(မြို့နယ် ပြန်/ဆက်)

ဘိုင်းဒါးဒေသတွင် သစ်သီးဝလံများလှိုင်လှိုင်ထွက်ရှိနေ

သတင်းထောက်-ပိန်းဇလုပ်သိန်းညွှန့်

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းနံဘေး ဘိုင်းဒါးကျေးရွာ၌ ကုန်စိမ်းလှည်းများ၊ ကုန်စိမ်းတင် မော်တော်ကားကြီးများဖြင့် အထူးစည်ကားလျက်ရှိသည်။

ဘိုင်းဒါးကျေးရွာသည် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်းရှိ ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ ဖရဲ၊ ပြောင်း၊ ခရမ်းချဉ်၊ ခရမ်းသီး၊ ငရုတ် အစရှိသဖြင့် ကုန်စိမ်းများ ရောင်းဝယ်ရာ၊ အနယ်နယ်အရပ်ရပ်သို့တင်ပို့ရောင်းချရာ စုရပ်နေရာဖြစ်သည်။ ဈေးနှုန်းဟူသည်ရာသီအလိုက် သီးနှံပေါ်မှု၊ နေရာဒေသအလိုက် သယ်ယူပို့ဆောင်မှုတို့ကြောင့် နေ့စဉ်ပြောင်းလဲလျက်ရှိနေသဖြင့် ယနေ့ဖြစ်ပေါ်နေသော သစ်သီးဝလံ ဈေးနှုန်းများကို သိရှိနိုင်ရန် မြန်မာ့အလင်းသတင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၆ ရက် နံနက်က ဘိုင်းဒါးကျေးရွာပွဲရုံများသို့ သွားရောက်မေးမြန်း၍ သိရှိသမျှကို ဖော်ပြလိုက်ပါသည်။

ဘိုင်းဒါးကျေးရွာ ဖရဲပွဲရုံသို့ ဝင်ဝင်ချင်းပင် ကုန်သည်တစ်ဦးအား မေးကြည့်ရာ ၄င်းက ဦးမြင့်ဝေ ဖြစ်ကြောင်း၊ ကိုယ်တိုင်လည်းစိုက်သကဲ့သို့ ပွဲရုံဖွင့်ပြီး တောင်သူများထံမှလည်း ဝယ်ယူကြောင်း၊ ဤကျေးရွာများတွင် ၈၅၅ ဖရဲမျိုးကိုအစိုက်များကြောင်း၊ ဖရဲသီးများကို ဘိုင်းဒါးကျေးရွာမှ ၁၂ ဘီးကားကြီးများပေါ် ၁၅တန်အထိတင်ဆောင်ကာ မြန်မာ-တရုတ်နယ်စပ် မူဆယ်မြို့သို့တင်ပို့ရောင်းချကြောင်း၊ တစ်တန်ကို ကားခ ကျပ်တစ်သိန်းပေးရကြောင်း၊ ယခုနှစ် ဖရဲဈေး အမှန်ပင်ကောင်းကြောင်း၊ ဈေးကွက်ရောင်းတန်းဝင် ရှစ်ပိဿာခန့်ရှိသော ဖရဲသီးတစ်လုံးကို ကျပ်နှစ်ထောင့်ငါးရာမှ ကျပ်သုံးထောင်အထိ ပေါက်ဈေးရှိကြောင်း၊ တခြားဖရဲသီးများထက် ဈေးပိုရကြောင်း၊ တရုတ်ပြည်တွင် ဤကဲ့သို့ ရောင်းတန်းဝင်ဖရဲသီးမျိုးတစ်တန်ကို ငွေကျပ် ၄၃၈၄၀၀ ရကြောင်း၊ ယခုနှစ် ကျေးရွာများမှထွက်သော ဖရဲများ ဝယ်လိုအားနှင့် ရောင်းအားလည်း အကောင်းဆုံးဖြစ်ကြောင်း နှုတ်သွက်သွက်ဖြင့် တက်တက်ကြွကြွ ရှင်းပြသည်။

ပြောင်းဖူးဈေးကလည်း တစ်ဖူး ငွေကျပ် ၆၀မှ ၈၀ဈေးရှိနေပြီး တစ်နေ့လျှင်အစီးသုံးဆယ်ဝင်ရောက်နေကာ ငရုတ်တစ်နေ့အချိန် ပိဿာနှစ်ထောင်ဝင်၍ တစ်ပိဿာ ကျပ် ၆၀၀ ဈေးရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်ပွဲရုံများသို့ဆက်၍ သွားရောက်ခဲ့ရာ ပဲခူးတိုင်းဒေသကြီး ပြွန်တန်ဆာလွင်ပြင်ဒေသရှိ ဝဲဝန်း၊ ရှမ်းစု၊ ကျောင်းစု၊ ဘိုင်းဒါး၊ ဆင်တဲ၊ ကမာဖရုံ၊ ရေကျော်ကြီး၊ ရေကျော်လေး စသည့်ကျေးရွာတို့မှ ဂေါ်ဖီထုပ်များနှင့် ပန်းဂေါ်ဖီများ လှည်း၊ ဂွန်ဒေါင်းများဖြင့် တအားလိုမ့်ဝင်နေသည်ကို တွေ့မြင်ရသည်။ ဂေါ်ဖီတစ်ထုပ်လျှင် ပေါ်ခါစ ကျပ်၃၀၀ရှိရာမှ ယခု ကျပ် ၁၅၀ သာ ရှိတော့၍ ဂေါ်ဖီပန်းတစ်ပွင့် ပေါ်ခါစကျပ် ၃၅၀ရှိခဲ့ရာ ယခု တစ်ပွင့် ကျပ်၂၀၀သာရှိသဖြင့် ဈေး အလွန်ချိုနေသည်။ တစ်နေ့လျှင် ဂေါ်ဖီအထုပ်ရေ ၂၀၀၀၀ ခန့်နှင့် ဂေါ်ဖီပန်းပွင့် ၂၀၀၀၀ ခန့်ဝင်ရောက်နေဆဲဖြစ်သည်။ ခြောက်ဘီးကားများဖြင့် ရန်ကုန်၊ ကျိုက်ထို၊ သထုံမြို့များသို့ တင်ပို့ရောင်းချကြောင်း သိရသည်။

ဝမ်းမြောက်ဂုဏ်ယူပါကြောင်း

၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၂၄ရက် မြန်မာကွန်ဗန်းရှင်းစင်တာ၌ ကျင်းပပြုလုပ်ခဲ့သော Miss Myanmar International 2013 ဆုရှင် ပြိုင်ပွဲတွင် ဆုရရှိခဲ့သော မန္တလေးမြို့နေ ဒေါက်တာအေးကျော်-ဒေါ်ခင်မထွန်း(တရားလွှတ်တော်ရှေ့နေ/ဘဏ်ရှေ့နေ)၏ သမီးငယ် Miss Myanmar International 2013 ဆုရှင် မဂုဏ်ရည်အေးကျော် B.A (English) မိသားစုတို့နှင့်အတူ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

တရားလွှတ်တော်ရှေ့နေ ဦးတိုး-ဒေါ်လှလှမြင့်
(သား)မြင့်မောင်မောင်တိုး၊ လှမောင်မောင်တိုး
မိသားစု၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၄၂၅၁ Yamaha 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကံထူး ၅/စကန(နိုင်)၁၅၈၆၁၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ် ၇၀၄၊ ဦးပိုင်အမှတ် (၇၂-က)၊ ဧရိယာ ၀ ဒသမ ၀၂၄၁ဧကရှိ ဒေါ်ကြည်မေ ပါ-၄ အမည်ပေါက် ဂရန်မြေကွက် အမှုတွဲအမှတ် ၀၄၀၇/၁၉၉၉-၂၀၀၀ ဂရန်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် ၄င်းမြေကွက်၏ တောင်ဘက်ခြမ်းဧရိယာပေ (၁၅×၄၀)အား ခဲစင်းခြင်း၊ အမွေဆက်ခံစာချုပ်ချုပ်ဆိုခြင်း၊ အရောင်းအဝယ်စာချုပ်ချုပ်ဆိုခြင်း၊ ဦးပိုင်ခွဲ၊ အမည်ပြောင်းခြင်းများပြုလုပ်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ကန့်ကွက်နိုင်ပါသည်။

ဒေါ်ကြည်မေ
၉/မရမ(နိုင်)၀၆၁၇၇၃
အကွက် ၇၀၄၊ မောရဂီဝါရပ်၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့

မွေးစားသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တာချီလိတ်မြို့၊ ဆန်ဆိုင်း(ထက်) ၅ လမ်း၊ ၄/၉၄ နေ ဒေါ်နာမွေး ၁၃/မဆန(နိုင်)၁၀၈၆၇၈၏ မွေးစားသား မောင်ကျဆေး ၁၃/မတန(နိုင်)၁၂၇၂၃၅သည် မိခင်၊ အစ်မ မအားရင် ၁၃/မဆန(နိုင်)၀၀၉၈၅၃နှင့် ညီအစ်ကိုမောင်နှမများ၏ သွန်သင်ဆုံးမမှုကို မနာခံဘဲ မိဘဆွေမျိုးအသိုင်းအဝိုင်းဂုဏ်သိက္ခာညှိုးနွမ်းအောင် အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် မွေးစားသားအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်ကြောင်းနှင့် ၄င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်နာမွေး-၁၃/မဆန(နိုင်)၁၀၈၆၇၈
မအားရင်-၁၃/မဆန(နိုင်)၀၀၉၈၅၃

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၄ယ/၇၀၉၄ Zong Shen 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာဝင်း ၉/မနတ(နိုင်)၀၀၃၀၉၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

သားများအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

